# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-12-2023)၊ အတွဲ (၃၂)၊ အမှတ် (၂၂၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများပေးပို့



**နေပြည်တော် ဒီဇင်ဘာ ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ **MV Royal Venus** ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ပေးပို့သည့် အမိုးဒိုင်းသံချောင်း **(Lip Channel)**တန် ၁၀၀၊ သံချောင်းလုံး ၆၂၀ ဒသမ ၅၄ တန်၊ ၁၀ ပေ ခေါင်အုပ်သွပ်ချပ် ၁၇၇၀၀၊ ထရန်စဖော်မာ လေးလုံး၊ ဘီလပ်မြေဖျော်စက် လေးလုံး၊အမိုးချိတ်ချောင်း ၁၅၀၀၀၀ နှင့် သစ်ခွဲသား ၁၆၄၀ ဒသမ ၀၉ တန် စုစုပေါင်း တန်ချိန် ၂၄၁၄ ဒသမ ၁၄ တင်ဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် **The Myanmar Terminal (TMT)** ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်ဖြင့် ပို့ဆောင်နေစဉ်။**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း**

စာမျက်နှာ - ၂၀

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများ သွားရောက်ပူဇော်ကြည်ညို**

စာမျက်နှာ - ၁၇

**စာဆိုတော်နေ့မှသည် မြန်မာစာပေ အလေးထားမြတ်နိုးရေး ဆောင်းပါး**

စာမျက်နှာ - ၁၀




ရတနာပုံ
၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# နတ်တော်လနှင့် စာဆိုတော်နေ့

နတ်တော်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် ကိုးလမြောက်လဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီ၊ ရာသီရုပ်မှာ လေးစွဲယောကျ်ားရုပ်ဖြစ်ပြီး ရာသီပန်းမှာ သဇင်ပန်းဖြစ်သည်။ နတ်တော်လဟုခေါ်တွင်သည်မှာ ထိုလတွင် ရှေးယခင်က နတ်ကိုပူဇော်ပသရခြင်းကြောင့် "နတ်ပျော်လ"ဟုခေါ်တွင်ရာမှ နောင်တွင် "နတ်တော်လ"ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ နတ်တော်လတွင် စာဆိုတော်နေ့အခမ်းအနားများ ကျင်းပကြသည်။

မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ယခုမျက်မှောက်ခေတ်အထိ နှစ်ပေါင်း ၁၀၀၀ ခန့် သက်တမ်းရှိပြီဖြစ်သည်။ မြန်မာစာပေ၌ အစောဆုံးစာပေအရေးအသားအဖြစ် သက္ကရာဇ်အခိုင်အမာပါရှိသည့် ရာဇကုမာရ်ကျောက်စာကို ရည်ညွှန်းကြသည်။ မြန်မာစာပေလောကကြီး နှစ်ပေါင်းကြာရှည်ရပ်တည်နိုင်ခြင်းသည် ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများ၏ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးမှု၊ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတစ်ဝန်း နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် "စာဆိုတော်နေ့" အခမ်းအနားများ ကျင်းပခဲ့ကြခြင်းဖြစ်ပေသည်။

စာဆိုတော်နေ့ဖြစ်ပေါ်လာပုံကို လေ့လာကြည့်လျှင် ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် "စာဆိုတော်ကြီး ဦးပုညနေ့"ကျင်းပရန် စီစဉ်ခဲ့ကြသည်ကို ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်များနှင့်သက်ဆိုင်သည့်နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ကျင်းပသင့်သည်ဟု အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှပုဂ္ဂိုလ်များက ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ် နတ်တော်လဆန်း ၁ ရက်၌ "မြန်မာစာဆိုတော်နေ့"ကျင်းပရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ပထမအကြိမ် စာဆိုတော်နေ့အခမ်းအနားကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်)တွင် စတင်ကျင်းပခဲ့ရာမှ ယနေ့ထက်တိုင် ဆက်လက်ကျင်းပလျက်ရှိပေသည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ စာရေးဆရာ၊ စာရေးဆရာမကြီးများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပေးလျက်ရှိသည်။ ထိုသို့ ချီးမြှင့်ခြင်းသည် အဆိုပါစာပေပညာရှင်ကြီးများ၊ စာရေးဆရာများ၏ နိုင်ငံနှင့် အများပြည်သူတို့၏ကောင်းကျိုးအဖြာဖြာအတွက် ကလောင်အစွမ်းဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသဖြင့် စာပေဂုဏ်ကျေးဇူးကို အလေးအမြတ်ဂုဏ်ပြုခြင်းပင်ဖြစ်ပေသည်။

စာပေသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခြင်း၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေခြင်း၊ အကျင့်စာရိတ္တကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးဟူသမျှကို ပေးစွမ်းနိုင်သောဂုဏ်ရည်နှင့် ပြည့်ဝပေသည်။ စာပေများကိုဖတ်ရှုလျှင် လူ့သဘာဝလူ့လောက၏ အဆိုးအကောင်း၊ အကျိုးအပြစ်တို့ကို သိမြင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ "စာပေမြင့်မှလူမျိုးမြင့်မည်"ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေဟူသည် လူမျိုး၏အသက်ပင်ဖြစ်သည်။ စာပေပျောက်လျှင် လူမျိုးလည်းပျောက်ကွယ်သွားတတ်ပေသည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် လူမျိုး၏ဂုဏ်ကို ကလောင်ဖြင့်မြှင့်တင်ပေးသော စာပေ ပညာရှင်ကြီးများ၊ စာရေးဆရာကြီး၊ ဆရာမကြီးများကို ချီးမြှင့်သော စာဆိုတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ခရိုင်ခုနစ်ခရိုင်ရှိ တိရစ္ဆာန်များအတွက် အစာဖူလုံစေရန် မြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧကစိုက်ပျိုးပြီးစီး


နေဗီယာမြက်စိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်ရှိ တောင်သူများ မွေးမြူထားသည့် တိရစ္ဆာန်များအတွက် အစာဖူလုံစေရန် မြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းစေရန်အတွက် ခရိုင်ခုနစ်ခရိုင်တွင် တောင်သူများက မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်တို့တွင် မြက်အမျိုးအစားလေးမျိုးကို ဂူလိုင်လမှစ၍ စိုက်ပျိုးထားရှိခဲ့ရာ ယနေ့ထိ မြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧကကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်အစာကဏ္ဍဖြစ်ထွန်းဖို့အတွက် အောင်မြင်တဲ့နေရာတွေကို ရွေးချယ်ပြီး စိုက်ပျိုးပါတယ်။ မြက်အမျိုးအစားကတော့ လေးမျိုးကို စိုက်ပျိုးထားပါတယ်။ နိုင်ငံခြားကမျိုးတွေပါ။ တစ်ကြိမ်စိုက်ပြီးရင် သုံး၊ လေးနှစ်လောက် စားရတယ်။ ရေသွင်းပေးရပါတယ်။ တိရစ္ဆာန်အစာအတွက် အဆင်ပြေပါတယ်။ ဌာနကနေပြီး နည်းစနစ်နဲ့ မျိုးတွေကို ဖြန့်ဖြူးပေးပါတယ်။ စမ်းသပ်ကွက်တွေစိုက်ပြီးတော့လဲ မျိုးတွေကို အခမဲ့ဖြန့်ဖြူးပေးပါတယ်။ တောင်သူတွေအနေနဲ့ ဝယ်ကျွေးရတာနဲ့စာရင် ကိုယ်တိုင်စိုက်ပျိုးတာကြောင့် တွက်ခြေကိုက်ပါတယ်။ တိရစ္ဆာန်တွေအတွက်လဲ ဒီလိုမြက်မျိုးတွေ ကျွေးနိုင်တာကြောင့် အောင်မြင်ဖြစ်ထွန်းပြီး အသားကဏ္ဍမှာလဲ ဖွံ့ဖြိုးတိုးတက်စေပါတယ်။ လက်ရှိမှာလဲ တောင်သူတွေ တိုးချဲ့စိုက်ပျိုးဖို့ မြက်မျိုးတွေကို ဖြန့်ဖြူးပေးထားပြီးပါပြီ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြသည်။

တိရစ္ဆာန်အစာကဏ္ဍအတွက် တောင်သူများက မြက်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိရာတွင် နေဗီယာမြက် ၅၄၃ ဒသမ ၀၂ ဧက၊ မွန်ပါးစားမြက် ၁၅ ဒသမ ၀၅ ဧက၊ မူလတိုမြက် သုည ဒသမ ၂၅ ဧက၊ မြက်လှိုမြက် ၃၀ ဒသမ ၁ ဧက စုစုပေါင်းမြက်စိုက်ဧက ၅၈၈ ဒသမ ၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ၎င်းမြက်များထဲတွင် နေဗီယာမြက်ကို အများဆုံးစိုက်ပျိုးကြကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၉၀၀ ကျော်ထိရှိလာ

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၉၀၀ ကျော်ထိ ရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃)ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့၌ ခရီးသွားများ၊ ဈေးရောင်းသူများနှင့် အခြားကိစ္စရပ်များအတွက် မြို့တွင်းသွားလာရာတွင် လိုင်းကားများမှာလည်း အရေးပါလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃) လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့တွင်းမှာ ဈေးအရောင်းအဝယ်နဲ့ အခြားဘုရားဖူးခရီးသည်တွေ၊ အခြေခံလူတန်းစားတွေအတွက် လိုင်းကားတွေကလဲ မရှိမဖြစ်ပါ။ မိမိတို့သွားချင်တဲ့နေရာတွေကို ဈေးနှုန်းသက်သာစွာနဲ့ ပို့ဆောင်ပေးနေတာကြောင့် ခရီးသည်လိုက်ပါစီးနင်းမှုကလဲ တဖြည်းဖြည်းများပြားလာပါတယ်"ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဒီဇင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၁၇၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၉၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံးလမ်းကြောင်းကတော့ မန္တလေးဆိပ်ကမ်းနဲ့ ရန်ကင်းတောင်ဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်"ဟု ဦးမြငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသမှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ၊ ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဂေါ်ဖီထုပ်ဈေးနှုန်းများမှာ တစ်ထုပ်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၆၀၀ မှ ၇၀၀ ထိဈေးရှိကြောင်း သိရသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသတွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသကဂေါ်ဖီထုပ် ထွက်ရှိတာ မရှိသေးပါဘူး။ စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးတာတွေကြောင့် ဂေါ်ဖီထုပ်အရောင်းအဝယ်က ကောင်းနေတာပါ"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ဂေါ်ရခါး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် နားဌောင်းကျကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လင်းကင်း ကျေးရွာအုပ်စု နားဌောင်းကျ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကို နိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့နှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်း ရောင်ကျေးရွာစီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူး များနှင့် စီမံကိန်းအကြောင်းအရာ များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းဖြူဖြူအေး က အတိုးနှုန်းနှင့် ကာလသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်း ကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် များထံ မြစိမ်းရောင်ကျေးရွာစီမံ ကိန်းရန်ပုံ ငွေကျပ် ၃၇ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နားဌောင်းကျကျေးရွာရှိ စိုက်ပျိုး ရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၇ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ရေကြည်မြို့နယ် သပြေကွင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေကြည် ဒီဇင်ဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး ကျုံပျော် ခရိုင် ရေကြည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က သပြေကွင်းကျေးရွာ၌ ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင် ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးတင်မောင်ထွေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့ နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေ နှင့် တာဝန်ရှိသူများက သပြေကွင်း ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မား ရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ် ငန်းဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံ ကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သပြေကွင်းကျေးရွာ၌ အသား တိုးဝက်မွေးမြူရေးလုပ်ငန်း လုပ် ကိုင်သည့်အစုအဖွဲ့နှစ်ဖွဲ့နှင့် နှမ်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အစုအဖွဲ့ နှစ်ဖွဲ့ကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၁၃၀၄၀၈ ဧက ရိတ်သိမ်းပြီးစီး




**မြောင်းမြ ဒီဇင်ဘာ ၁၂**

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့ သော မိုးစပါး ၁၃၀၄၀၈ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၆၅၇၃၈ ဧကကို အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၀၄၀၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ စိုက်ပျိုးခဲ့တဲ့ မိုးစပါးတွေကို အောက်တိုဘာလ ပထမပတ်က ရိတ်သိမ်းနေတာ ဒီနေ့ထိ ၁၃၀၄၀၈ ဧက ရိတ်သိမ်းပြီးပါပြီ။ ကျန်တဲ့ မိုးစပါးဧကတွေကိုလဲ ဆက်လက် ရိတ်သိမ်းနေပါတယ်။ အခုနှစ် မိုး စပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံ တောင်သူတွေ ပူးပေါင်းဆောင်ရွက် ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက် ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော် မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့ သော မိုးစပါး ၁၆၅၇၃၈ ဧကကို ရိတ်သိမ်းလျက်ရှိရာ စပါးတစ်ဧက လျှင် ၉၂ ဒသမ ၄၅ တင်းထွက်ရှိ ကြောင်း၊ ယခုနှစ် မိုးစပါးများကို ဒေသမြေအနေအထား၊ ရာသီဥတု နှင့်ကိုက်ညီသော စပါးအမျိုးအစား များဖြစ်သည့် သီးထပ်ရင်၊ ထိုင်း ဘေးကျား၊ GW-1၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း ဦးကျော်မိုးဝင်းက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် လှာကမြင်ကျေးရွာ၌ ကုန်ထုတ်လမ်းတံတားဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လှာကမြင်ကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းတံတားဆောင်ရွက် နေမှုကို ဒီဇင်ဘာ ၁၁ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရ လွင်နှင့် တာဝန်ရှိသူများက လှာ ကမြင်ကျေးရွာ၌ ကျေးလက်ကုန် ထုတ်လမ်းတံတား ဆောင်ရွက်နေမှု ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီး မှူးက လုပ်ငန်းများသတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ် လှာကမြင် ကျေးရွာ၌ အရှည် ခြောက်ဖာလုံ၊ အကျယ်ပေ ၂၀၊ အမြင့် နှစ်ပေရှိ ကျောက်ရောမြေ လမ်းခင်းခြင်း၊ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံလမ်း ခင်းခြင်းနှင့် အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတားတစ်စင်း တည် ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၁၄၇ ဒသမ ၂၈၈ သန်းဖြင့် ခြူးကမ္ဘာမာန် ကုမ္ပဏီက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၄၅၄ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၆၄၅၄ ဧက စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၇၂၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တို ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၄၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ ပဲမျိုးစုံဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၆၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက် ပျိုးနိုင်ရေး ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက် ပျိုးဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင် ရွက်နေပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက် ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၂၇၂၈ ဧက၊ ထောပတ်ပဲ ၅၁၉ ဧက၊ စွန်တာနီ ၃၄၅ ဧက၊ စွန်တာပြာ ၁၀၀၁ ဧက၊ ကုလားပဲ ၈၉၁ ဧက၊ ပဲကျား ၁၇၅ ဧက၊ စားတော်ပဲ ၂၁ ဧက၊ အခြားပဲ ၇၇၄ ဧက စုစုပေါင်း ၆၄၅၄ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်း သီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် သီးနှံအလိုက် လျာထားမှုအနေဖြင့် မတ်ပဲ ၃၂၂၆ ဧက၊ ထောပတ်ပဲ ၅၄၄ ဧက၊ စွန်တာနီ ၃၅၅ ဧက၊ စွန်တာပြာ ၁၀၀၂ ဧက၊ ကုလားပဲ ၄၆၄၆ ဧက၊ ပဲကျား ၁၇၆ ဧက၊ အခြားပဲ ဧက ၇၃၅၀ စုစုပေါင်း ၁၇၂၉၉ ဧကဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ပင်းတယရွှေဥမင်လိုဏ်ဂူနှင့် ရုပ်ပွားဆင်းတုများ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို တွေ့ရစဉ်။

ရှမ်းပြည်နယ်တွင်တည်ရှိသည့် သဘာဝကျောက်ဂူများတွင် ပင်းတယရွှေဥမင်လိုဏ်ဂူသည် တစ်ခုအပါအဝင်ဖြစ်သည်။ လိုဏ်ဂူအတွင်းတည်ရှိသည့် သဘာဝကျောက်စက်ပန်းဆွဲများနှင့် လူများထည့်သွင်းထားသည့် များစွာသောဆင်းတုတော်များကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားများသည် ပင်းတယရွှေဥမင်လိုဏ်ဂူသို့ လာရောက်လေ့ရှိသည်။ ပင်းတယရွှေဥမင်လိုဏ်ဂူဝင်ပေါက်အနီးတွင်တည်ရှိသည့် အနက်ရောင်ပင့်ကူရုပ်တုသည်ပင် ပင်းတယမြို့၏ အမှတ်လက္ခဏာတစ်ခုဖြစ်လာခဲ့ပေသည်။

ရာဇဝင်တွင် ထင်ရှားခဲ့သည့် ပုန်းတလုတ်ရေကန်နှင့်အတူ သာယာလှပသောရှုခင်းများကြောင့် ပင်းတယသည် မြန်မာနိုင်ငံ၏ ထင်ရှားသောခရီးသွားနယ်မြေတစ်ခုဖြစ်လာခဲ့သည်။

**ပင်းတယ၏နောက်ခံသမိုင်း**

ပင်းတယမြို့ကို မည်သည့်ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း ခိုင်မာစွာမသိရှိရသေးသော်လည်း ပင်းတယမြို့နယ်အတွင်းရှိ ပွေးလှကျေးရွာကို သက္ကရာဇ် ၁၁၁၃ ခုနှစ် (ဥသြစေည် ပွေးလှတည်) တွင် တည်ခဲ့သည့် အထောက်အထားများရှိခဲ့သည်။ ထို့ကြောင့် ပွေးလှကျေးရွာကို မန္တလေးမြို့မတည်မီ ၁၀၈ နှစ်တွင် တည်ခဲ့ကြောင်း သိရသည်။

ပင်းတယမြို့ကို ပွေးလှရွာထက်စောစွာ တည်ထားနိုင်ဖွယ်ရှိကြောင်း ယူဆကြသော်လည်း ခိုင်မာသောမြို့တည်သက္ကရာဇ်ကို မသိရှိရသေးချေ။ ပင်းတယဟူသည့်အမည်သည် နှုတ်ပြောစကားများတွင် ပါရှိသည့် ကိန္နရာခုနစ်ဖော်၊ သုဓနုမင်းသား၊ ပင့်ကူကြီးနှင့် ပင်းတယရွှေဥမင်လိုဏ်ဂူဆက်စပ်နေသော်လည်း အတည်ပြုခြင်းမပြုနိုင်ပေ။ သို့သော် အစဉ်အဆက်ပြောဆိုခဲ့ကြသည့် ပုံပြင်စကားများအရ ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်း၌ပိတ်မိနေခဲ့သည့် ကိန္နရာခုနစ်ဖော်ကို လိုဏ်ဂူအတွင်းမှမထွက်နိုင်ရန် ပိတ်ဆို့ထားသည့် ပင့်ကူကြီး၏ရုပ်တုကို လိုဏ်ဂူအနီးတွင် ထုလုပ်ပြသထားသည်။

ရှမ်းစော်ဘွားများသည် ၁၉၅၉ ခုနှစ်တွင် အာဏာစွန့်ခဲ့ပြီးနောက် ပင်းတယမြို့ကို ရှမ်းပြည်နယ်မင်းကြီးလက်အောက်တွင်ထားရှိကာ မြို့ပိုင်တစ်ဦးက အုပ်ချုပ်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပင်းတယမြို့ကို အုပ်ချုပ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အတည်ပြုပြီးနောက် ပင်းတယမြို့နယ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်ခဲ့သည်။

ပင်းတယမြို့နယ်ကို ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာ ၁၇၇ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် ထုတ်ပြန်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းများအရ ပင်းတယမြို့နယ်၏ လူဦးရေသည် ၈၅၁၈၃ ဦးဖြစ်သည်။ ပင်းတယမြို့နယ်လူဦးရေ၏ ၇၂ ဒသမ ၀၃ ရာခိုင်နှုန်းသည် ဓနုတိုင်းရင်းသားများဖြစ်ကြသည်။

ပင်းတယမြို့နယ်သည် အရှေ့ဘက်နှင့် တောင်ဘက်တွင် ကလောမြို့နယ်၊ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နယ်နှင့်ထိစပ်နေကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် မြန်မာနိုင်ငံအနှံ့မှ အလွယ်တကူသွားလာနိုင်သည့် ဒေသတစ်ခုဖြစ်ပေသည်။

**ရှမ်းပြည်နယ်မှ သဘာဝကျောက်ဂူများ**

မြန်မာနိုင်ငံဖြစ်တည်လာမည့်နေရာတွင် အရှေ့ပိုင်းကုန်းမြင့်များသည် လွန်ခဲ့သည့် နှစ်သန်း ၇၀၀ မှ ၆၀၀ ကြားတွင်ပေါ်ထွန်းခဲ့ပြီးနောက် ရှမ်းတောင်တန်းက ဦးစွာပေါ်ထွက်ခဲ့သည်။ တောင်စွယ်တောင်တန်းများနှင့်အတူ သဘာဝလိုဏ်ဂူများလည်း ဖြစ်ပေါ်ခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိလိုဏ်ဂူများတွင် ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် အထောက်အထားများကို တွေ့ရှိခဲ့ရသည်။ ၎င်းတို့အနက် ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူသည် အထင်ရှားဆုံးဖြစ်သည်။

သမိုင်းခေတ်ဦး ကျောက်ခေတ်လူသားများသည် ရာသီဥတုနှင့် သားရဲတိရစ္ဆာန်တို့၏အန္တရာယ်မှ လုံခြုံမှုရှိသည့် လိုဏ်ဂူများအတွင်း နေထိုင်ခဲ့ကြသည်။ ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ကျောက်ခေတ်အထောက်အထားများကို ပိုမိုကျယ်ပြန့်စွာသိရှိနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ သဘာဝလိုဏ်ဂူများကို သုတေသနပြုခဲ့သည်။

ပင်းတယရွှေဥမင်လိုဏ်ဂူသည် ထုံးကျောက်တောင်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့်ဂူဖြစ်၍ ဘူမိဗေဒသက်တမ်းအရ လွန်ခဲ့သည့် နှစ်သန်း ၂၀၀ ကပေါ်ထွန်းခဲ့သည်ဟုဆိုသည်။ ကျောက်ခေတ်ဟောင်းကာလ (နှစ် ၄၀၀၀၀ နှင့် နှစ် ၁၀၀၀၀ ကြား)တွင် ပင်းတယရွှေဥမင်လိုဏ်ဂူ၌ လူများနေထိုင်ခဲ့သည့် အထောက်အထားကို မတွေ့ရသေးချေ။ သို့သော် ကျောက်ခေတ်လူသားများသည် တောင်ဘက်သို့ မျက်နှာမူသည့်ဂူများကို နှစ်သက်ကြောင်းနှင့် ပင်းတယရွှေဥမင်လိုဏ်ဂူပေါက်သည် အရှေ့ဘက်သို့မျက်နှာမူနေကြောင်း ရွှေဥမင်စေတီနှင့် ဂူသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။

ပင်းတယရွှေဥမင်လိုဏ်ဂူသည်သုံးခုရှိ၍ ဂူအားလုံးသည် အရှေ့ဘက်သို့ မျက်နှာမူနေကြသည်။ တောင်ဘက်ဂူသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၉၇၀ မြင့်သည်။ ပင်းတယမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၈၀ မြင့်သဖြင့် ပင်းတယမြို့မှ ပင်းတယရွှေဥမင်လိုဏ်ဂူသို့ တောင်တက်လမ်းအတိုင်း ကားဖြင့် သွားကြရပေသည်။ ပင်းတယမြို့နယ်၏အမြင့်ဆုံးနေရာသည် မြို့နယ်၏ အနောက်မြောက်ဘက်တွင်တည်ရှိသည့် အရှေ့မြင်အနောက်မြင်တောင်ဖြစ်ကာ ၇၇၅၂ ပေမြင့်သည်။

**ပင်းတယဂူအတွင်းရှိ ရုပ်ပွားဆင်းတုများ**

ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်း၌ များစွာသောရုပ်ပွားဆင်းတုများကို တွေ့ရှိကြရသည်။ ၎င်းတို့သည် ခေတ်အဆက်ဆက်လက်ရာများဖြစ်ကာ သစ်သားဆင်းတုများတွင်ပါရှိသည့်ရက်စွဲများကို ၁၉၈၀ ပြည့်နှစ်တွင် တောင်လေးလုံးဆရာတော် ဦးပညာဇောတ (ကိုပညာ၊ အမရပူရ)ပါဝင်သည့် လေ့လာရေးအဖွဲ့က တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ ၎င်းအဖွဲ့ တွေ့ရှိမှုအရ ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်းရှိ သက္ကရာဇ်အစောဆုံးဆင်းတုသည် “သက္ကရာဇ် ၁၁၃၄ ပြာသိုလပြည့်ကျော် ၃ ရက်နေ့ပြီးသည်၊ ရှင်ပင်စုသမီးခင်ပွန်းကောင်းမှု” ဟု ဆင်းတုပလ္လင်တွင် ရေးထိုးထားသည့် သစ်သားဆင်းတုတော်ဖြစ်သည်။ ၎င်းရက်စွဲသည် ခရစ်နှစ် ၁၇၇၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်ဖြစ်သည်။ ရက်စွဲအရ ကုန်းဘောင်ခေတ်မြေဒူးမင်းလက်ထက် (ခရစ်နှစ် ၁၇၆၃-၁၇၇၆)ဖြစ်သည်။

ထို့အတူ ဦးခေါင်းတော်တွင် ပိန္နဲဆူးများပါရှိသည့် သစ်သားဆင်းတုတော်တစ်ဆူ၏ ပလ္လင်တွင် “သက္ကရာဇ် ၁၁၃၄ ခုနှစ် တပို့တွဲလပြည့်နေ့တွင် ပြီးစီးအောင်မြင်သည်။ ဖြားဒါယကာ မောင်ဦး၊ မရွှေလှ သမီးမောင်နံ့ကောင်းမှု”ဟု ရေးထိုးထားရာ ၎င်းရက်စွဲသည် ခရစ်နှစ် ၁၇၇၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်ဖြစ်သည်။ ညာလက်က ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)၊ ဝဲလက်က လက်ဖဝါးကိုဖြန့်မထားဘဲ ယပ်တောင်လက်ကိုင်ကဲ့သို့ အရာတစ်ခုခုကို ကိုင်ထားဟန်ရှိသည့် သစ်သားဆင်းတုတော်တွင် “သက္ကရာဇ် ၁၁၃၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်”ဟု ရေးထိုးထားရာ ၎င်းရက်စွဲသည် ခရစ်နှစ် ၁၇၇၇ ခုနှစ် နိုဝင်ဘာ ၄ ရက်ဖြစ်သည်။

ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်း၌ တွေ့ရှိခဲ့သည့် သစ်သားဆင်းတုတော်ရှစ်ဆူအနက် သက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၁၇၇၉ ခုနှစ် မတ် ၅ ရက်)တွင်ပြီးစီးခဲ့သည့် ဘိသက္ကဂုရုဆင်းတု၊ သက္ကရာဇ် ၁၁၅၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက်(ခရစ်နှစ် ၁၇၈၉ ခုနှစ် မတ် ၁၉ ရက်)တွင်ပြီးစီးခဲ့သည့် ဘိသက္ကဂုရုဆင်းတု၊ သက္ကရာဇ် ၁၁၅၆ ခုနှစ်တွင်ပြီးစီးခဲ့သည့် မင်းဝတ်ရုပ်ပွားဆင်းတု၊ သက္ကရာဇ် ၁၁၇၁ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် (ခရစ်နှစ် ၁၈၀၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်)တွင်ပြီးစီးခဲ့သည့် ကြာဖက်ဆောင်းဆင်းတုနှင့် သက္ကရာဇ် ၁၁၇၄ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်(ခရစ်နှစ် ၁၈၁၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်)တွင်ပြီးစီးခဲ့သည့် ပိန္နဲဆူးဆင်းတုတို့ပါဝင်သည်။

ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်းရှိ ဆင်းတုများအနက် အစောဆုံးဆင်းတုသည် ခရစ်နှစ် ၁၇၇၃ ခုနှစ် လက်ရာဖြစ်သည်။ မင်းဝတ်ဘုရားဆင်းတု အဆင်တန်ဆာလက်ရာသည် ကုန်းဘောင်ခေတ်ဦးလက်ရာဖြစ်ကြောင်း ပင်းတယရွှေဥမင်လိုဏ်ဂူသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်း၌ များပြားလှသော ရုပ်ပွားဆင်းတုများကို ဖူးတွေ့ကြရကာ လူတစ်ကိုယ်လမ်းလျှောက်နိုင်သည့် ဝင်္ကပါလမ်းများအတိုင်း ဂူအတွင်းသို့ ဝင်ကြရသည်။

**ပင်းတယရွှေဥမင်လိုဏ်ဂူခေါင်းလောင်းစာ**

ပင်းတယရွှေဥမင်လိုဏ်ဂူအဝတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းတွင် ခေါင်းလောင်းစာများ ရေးထိုးထားသည်။ သို့သော် ချိတ်ဆွဲထားသည့်နေရာက ကျဉ်းမြောင်း၍ အက္ခရာများက မှေးမှိန်နေသဖြင့် ဖတ်ရှုရန်မလွယ်ကူတော့ချေ။ တောင်လေးလုံးဆရာတော် ဦးပညာဇောတက ၎င်းစာများကို ခက်ခဲစွာဖတ်ရှုနိုင်ခဲ့ရာ ခေါင်းလောင်းပါရက်စွဲသည် သာသနာနှစ် ၂၃၈၆ ခုနှစ် သက္ကရာဇ် ၁၂၀၄ ခုနှစ်(ခရစ်နှစ် ၁၈၄၂ ခုနှစ်)ဖြစ်ကြောင်း ရေးသားခဲ့သည်။ ခေါင်းလောင်းစာ ခုနှစ်ကြောင်းပါရှိ၍ ခေါင်းလောင်းအလေးချိန်သည် ကြေးချိန် ၄၀၀ ဖြစ်သည်။ ခေါင်းလောင်းသွန်းလုပ်လှူဒါန်းရန် ပင်းတယရွှေဥမင်ကျောင်းဆရာတော် ဦးကဝိသာရက တိုက်တွန်းခဲ့ကာ ပြည်သူအများစုပေါင်းကုသိုလ်ပါဝင်ခဲ့သည့် အလှူတော်တစ်ရပ်ဖြစ်သည်။ ခေါင်းလောင်းစာအရ အလှူတော်တွင် ငွေခွန်မှူး ပါဝင်ခဲ့ရာ ထိုအချိန်က ပင်းတယကိုအုပ်ချုပ်ခဲ့သော မောင်ရွှေမင်း(ခရစ်နှစ် ၁၈၁၉-၁၈၄၃)ဖြစ်နိုင်ကြောင်း စေတီတော်သမိုင်းစာအုပ်တွင် ဖော်ပြထားသည်။ နောက်ပိုင်းတွင် ပင်းတယရွှေဥမင်စေတီနှင့်ဆင်းတုများကို ၎က်ပျော့တောကျောင်းဆရာတော် ဦးဇာဂရက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆရာတော် ဦးဇာဂရသည် ငွေခွန်မှူး ခွန်စွန်ညိုနှင့် ညှိနှိုင်း၍ မန္တလေးမြို့မှ ရသေ့ကြီး ဦးခန္တီကို ပင်းတယသို့ ဖိတ်ခေါ်ခဲ့သည်။ ဦးခန္တီက စောင်းတန်းနှင့်တန်ဆောင်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။


ပင်းတယရွှေဥမင်လိုဏ်ဂူ ခေါင်းလောင်းစာကို စေတီတော်သမိုင်းစာအုပ်တွင် အပြည့်အစုံဖော်ပြထားသည်။ ကုန်းဘောင်ခေတ်ဦးလက်ရာရုပ်ပွားဆင်းတုများနှင့်ပြည့်နေသည့် ပင်းတယရွှေဥမင်လိုဏ်ဂူသည် ဘာသာရေးဆိုင်ရာဖူးမြော်မှုများအပြင် သမိုင်းဆိုင်ရာအထောက်အထားများကို လေ့လာနိုင်သည့်နေရာတစ်ခုအဖြစ် ထင်ရှားလျက်ရှိနေပေသည်။

❖ ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်း၌ များစွာသောရုပ်ပွားဆင်းတုများကို တွေ့ရှိကြရသည်။ ၎င်းတို့သည် ခေတ်အဆက်ဆက်လက်ရာများဖြစ်ကာ သစ်သားဆင်းတုများတွင်ပါရှိသည့် ရက်စွဲများကို ၁၉၈၀ ပြည့်နှစ်တွင် တောင်လေးလုံးဆရာတော် ဦးပညာဇောတ(ကိုပညာ၊ အမရပူရ)ပါဝင်သည့် လေ့လာရေးအဖွဲ့က တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ ၎င်းအဖွဲ့တွေ့ရှိမှုအရ ပင်းတယရွှေဥမင်လိုဏ်ဂူအတွင်းရှိ သက္ကရာဇ်အစောဆုံးဆင်းတုသည် “သက္ကရာဇ် ၁၁၃၄ ပြာသိုလပြည့်ကျော် ၃ ရက်နေ့ပြီးသည်၊ ရှင်ပင်စုသမီးခင်ပွန်းကောင်းမှု”ဟု ဆင်းတုပလ္လင်တွင် ရေးထိုးထားသည့် သစ်သားဆင်းတုတော်ဖြစ်သည်။ ❖

**ကိုးကား**

- ပင်းတယရွှေဥမင်စေတီနှင့် ပင်းတယဂူသမိုင်း (ဒေါက်တာသန်းထွန်းနှင့် သိန်းသန်းထွန်း)
- သမိုင်းထဲကဒီရိုင်း(သန်းထွန်း)
- ပင်းတယမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိ အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၁၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၅၅၇၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၅၅၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းထံမှ သိရသည်။

(၂၀၆)

# စာဆိုတော်နေ့ တို့မေ့

- လနတ်တော် တူယှဉ်တွဲ
စာဆိုတော်ပွဲ အချိန်ခါ၊
ရှေးရိုးရာ ဓလေ့အလှ
မမေ့မြန်မာ၊
စာဆိုတော်နေ့အား ဂုဏ်ပြုကာ
ရွတ်ဖတ်ရာ စာသဘင်ပွဲ၊
နှစ်တိုင်းနှစ်စဉ် မြို့အများမှာ
စည်ကားစွာနွဲ။

- လရာသီ တူယှဉ်တွဲလို့
ဟောပြောပွဲ ကျင်းပကာ၊
လူတိုင်းလေ သုတများ
တိုးပွားသေချာ၊
အမျိုးဘာသာ သာသနာ
ဂုဏ်ရှိန်ဝါ တိုးတက်ဖို့၊
လူငယ်တွေ နိုးကြားကာ
ကြိုးစားကြစို့။

- အောင်မြင်ရာ ပန်းတိုင်သို့
လှမ်းကိုင်လို့ ထူးချွန်သူ၊
တစ်နှစ်တစ်ခါ ကျင်းပလို့
ပြိုင်ကြစာမူ၊
ထွန်းတောက်သူများ ဘွဲ့တံဆိပ်ယူ
ဝမ်းသာကြည်ဖြူ ဂုဏ်ပြုကြ၊
စည်ကားစွာ ပြုံးပျော်မြူးတယ်
ထူးမြတ်သည့်လ။ ။

**ရွှေတိုး(ထုံးဘို)**

# ငပုတောမြို့နယ် ခမောက်မော်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှု စစ်ဆေး



**ငပုတော ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခမောက်မော်ကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာတံတားကော်မတီဝင်များနှင့်အတူ ခမောက်မော်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ခမောက်မော်ကျေးရွာ၌ အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀၊ အမြင့်ရှစ်ပေရှိ ဆိပ်ခံတံတားတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကောင်းပါဝါကုမ္ပဏီက ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ခမောက်မော်ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သွားလာရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ငဖဲမြို့နယ် ပြန်ကြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ပြန်ကြည့်ကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၁၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၈ ဦးကို ငွေကျပ် ၃၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၆၈ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂၂ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၁၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စင်မာ**

# နိုင်ငံတကာ သတင်းများ

## နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသစ်များ အလံတင်ပွဲသို့ ရုရှားသမ္မတပူတင် တက်ရောက်

**မော်စကို ဒီဇင်ဘာ ၁၂**

ရုရှားသမ္မတပူတင်သည် ဒီဇင်ဘာ ၁၁ ရက်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသစ်နှစ်စီးအတွက် ကျင်းပသည့် အလံတင်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ရုရှားမြောက်ပိုင်း ဆီဗီရိုဗင့်ခ်မြို့၌ကျင်းပခဲ့သည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသစ်များ အလံတင်အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် သမ္မတပူတင်သည် ကရာစနိုယာ့ခ်နှင့်အင်ပါယာအလက်ဇန်းဒါးသည် သာ့ဒ်ဟူ၍ အမည်ပေးထားသည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စီးကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စီးသည် မကြာမီကာလအတွင်း ပစိဖိတ်ဒေသ၌ စစ်ရေးတာဝန်များရယူမည်ဖြစ်ကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

အလံတင်အခမ်းအနားကျင်းပခဲ့သော ရေငုပ်သင်္ဘောနှစ်စီးအနက် အင်ပါယာအလက်ဇန်းဒါးသည် သာ့ဒ်မှာ ဘိုရိုင်းအတန်းအစား ရေငုပ်သင်္ဘောဖြစ်ပြီး ဘူလာဗာအမည်ရှိ တိုက်ချင်းပစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည့် ရေငုပ်သင်္ဘောလည်း ဖြစ်သည်။

ကရာစနိုယာ့ခ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောမှာမူ ရေပြင်နှင့်မြေပြင် ပစ်မှတ်များကို တိုက်ခိုက်နိုင်သော တာဝေးပစ်ဒုံးကျည်များ တပ်ဆင်ထားသည့် ယာဆန်အတန်းအစား ရေငုပ်သင်္ဘောဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## နော်ဝေမှတ်ပုံတင်ရေနံနှင့်ဓာတုပစ္စည်းတင်သင်္ဘောကို ဟူသီသူပုန်အုပ်စု ဒုံးကျည်ဖြင့် ပစ်ခတ်




**ဆာနား ဒီဇင်ဘာ ၁၂**

ယီမင် ကမ်းရိုးတန်းဘက်မှ ပစ်လွှတ်လိုက်သော သင်္ဘောဖျက်ခရုဇ်ဒုံးကျည်တစ်စင်းသည် ဒီဇင်ဘာ ၁၁ ရက်တွင် နော်ဝေမှတ်ပုံတင်ရေနံနှင့် ဓာတုပစ္စည်းတင်သင်္ဘောတစ်စီးကို ထိမှန်ခဲ့သည်။

ဒုံးကျည် ထိမှန်မှုကြောင့် စထရင်ဒါအမည်ရှိ အဆိုပါရေနံနှင့် ဓာတုပစ္စည်းတင်သင်္ဘောပေါ်တွင် မီးလောင်မှုနှင့် ပျက်စီးမှုများရှိခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးနိုင်ငံက တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် စထရင်ဒါသင်္ဘောကို ပင်လယ်နီရေပြင်အတွင်း တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ယီမင်အခြေစိုက် ရှီးယိုက်စ်ဟူသီအုပ်စုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သတိပေးချက် အားလုံးကို တုံ့ပြန်ရန် ရေယာဉ်ဝန်ထမ်းများက ငြင်းပယ်ခဲ့ပြီးနောက် စထရင်ဒါသင်္ဘောကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီသူပုန်အုပ်စု ကြေညာချက်၌ ဖော်ပြထားသည်။

အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်ဒေသတွင်းသို့ ဆေးဝါးနှင့်စားနပ်ရိက္ခာများ တင်ပို့ခွင့်ပြုချိန်ထိတိုင် ပင်လယ်နီကိုဖြတ်၍ အစ္စရေးဆိပ်ကမ်းများသို့ သွားရောက်မည့်သင်္ဘောများကို တားဆီးမည်ဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုက သတိပေးထားသည်။

စထရင်ဒါ သင်္ဘောသည် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ချိတ်ဆက်ပေးထားသည့် ဘက်အယ်လ်မင်းဒက်ရေလက်ကြား၏မြောက်ဘက် ရေမိုင် ၆၀အကွာတွင် ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တရုတ်သမ္မတ ရှီကျင့်ဖျင် နှစ်ရက်ကြာခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိ



**ဟနွိုင်း ဒီဇင်ဘာ ၁၂**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၎င်း၏ နှစ်ရက်ကြာ ဗီယက်နမ်ခရီးစဉ်ကို ယနေ့တွင်စတင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဟနွိုင်းနိုင်ငံတကာလေဆိပ်သို့ ရောက်ရှိလာသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ဖမ်မင်ချင်းက ကြိုဆိုနှုတ်ဆက်ခဲ့သည်။

အဆိုပါခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် ခြောက်နှစ်တာကာလအတွင်း ပထမဆုံး ဗီယက်နမ်ခရီးစဉ်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဟနွိုင်းမြို့တော်သို့ ရောက်ရှိခဲ့ပြီး သုံးလအကြာတွင် ဗီယက်နမ်နိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးသည် ဗီယက်နမ်နိုင်ငံအပေါ် ဩဇာလွှမ်းနိုင်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းနေသည့် မဟာအင်အားကြီးနိုင်ငံများဖြစ်ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း တရုတ်နှင့်ဗီယက်နမ်တို့သည် နှစ်နိုင်ငံအကြား ချိတ်ဆက်ထားသည့် ရထားလမ်းများ အဆင့်မြှင့်တင်ရေး အပါအဝင် သဘောတူညီချက်များရယူကြဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## သမ္မတ မက်ခရွန်၏ လူဝင်မှုဥပဒေကြမ်း ပြင်သစ်အောက်လွှတ်တော်အမတ်များပယ်ချ

**ပဲရစ် ဒီဇင်ဘာ ၁၂**

ပြင်သစ် အောက်လွှတ်တော်အမတ်များသည် ဒီဇင်ဘာ ၁၁ ရက်တွင်သမ္မတအီမန်နျူရယ်လ်မက်ခရွန် တင်သွင်းထားသည့် လူဝင်မှုဥပဒေကြမ်းကို ပယ်ချခဲ့ကြောင်းသိရသည်။

လူဝင်မှုဥပဒေကြမ်းကို ပြင်သစ်အောက်လွှတ်တော်ကပယ်ချခဲ့မှုသည် ယင်းဥပဒေကြမ်းကိုအများစုသဘောမပါဘဲ ဥပဒေအဖြစ်ပြဋ္ဌာန်းပါရန် ပြင်သစ်သမ္မတ၏ ကြိုးပမ်းမှုများအတွက် ထိုးနှက်ချက်ဖြစ်ခဲ့ရသည်။

ပြင်သစ် အောက်လွှတ်တော် ပထမဆုံးနေ့ အစည်းအဝေးသည် ပြင်သစ်လက်ယာယိမ်းအမတ်များအပြင် ကွန်ဆာဗေးတစ်အုပ်စုဝင် လွှတ်တော် အမတ်များကလည်း သမ္မတမက်ခရွန်၏ လူဝင်မှုဥပဒေကြမ်းကို ကန့်ကွက်မဲပေးခဲ့ကြသည်။

အဆိုပါဥပဒေကြမ်းကို ပြင်သစ်အောက်လွှတ်တော်က မဲခွဲငြင်းပယ်ခဲ့ပြီးနောက် ဥပဒေကြမ်းအား ကိုယ်စားပြုတင်သွင်းခဲ့သူ ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်သည် ရာထူးမှ နုတ်ထွက်ခွင့်တောင်းခဲ့သော်လည်း သမ္မတ မက်ခရွန်က ခွင့်ပြုခဲ့ခြင်းမရှိကြောင်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ပြင်သစ်စီးပွားရေးကို ကူညီပေးနိုင်မည့် နိုင်ငံခြားသားအလုပ်သမားများအတွက် တစ်ဖက်တွင် လမ်းဖွင့်ပေးထား၍ တစ်ဖက်တွင်လည်း တရားဥပဒေစိုးမိုးမှုကို ပို၍ တင်းကျပ်နိုင်ကြောင်း ပြသရေးအတွက် ၎င်း၏ လူဝင်မှုဥပဒေကြမ်းကို အတည်ပြု၍ သမ္မတမက်ခရွန်က ကြိုးစားနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပြင်သစ်အစိုးရသည် လူဝင်မှုဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် နည်းလမ်းသစ်များရှာဖွေနေကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ထိုင်းနိုင်ငံအနေဖြင့် အနိမ့်ဆုံးနေ့စဉ်လုပ်ခလစာနှုန်းကို မြှင့်တင်ပေးမည်ဟု အလုပ်သမားဝန်ကြီး ဖီပက်ရက်ချာကစ်ပရာကန် ထုတ်ဖော်ပြောကြား

**ဗန်ကောက် ဒီဇင်ဘာ ၁၂**




အလုပ်သမားများအတွက် ပျမ်းမျှအနိမ့်ဆုံး နေ့စဉ်လုပ်ခအား ၂ ဒသမ ၃၇ ရာခိုင်နှုန်းမြှင့်တင်ရေး အဆိုပြုချက်ကို ထိုင်းနိုင်ငံအနေဖြင့် ပြန်လည်သုံးသပ်လျက်ရှိပြီး ထိုမျှမက မြှင့်တင်ပေးရေးအတွက် စဉ်းစားနေကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစိုးရတာဝန်ရှိသူများပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အဆိုပြုခဲ့သည့် ပျမ်းမျှနေ့စဉ်လုပ်ခမြှင့်တင်မှု ၂ ဒသမ ၃၇ ရာခိုင်နှုန်းမှာ နည်းလွန်းနေဆဲဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ဆရက်သာသာဗီဆင်က ပြောကြားခဲ့ပြီးနောက် ထိုင်းအလုပ်သမားဝန်ကြီး ဖီပက်ရက်ချာကစ်ပရာကန်၏ အဆိုပါကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိ သဘောတူထားသည့် ပျမ်းမျှနေ့စဉ် လုပ်ခမြှင့်တင်မှု အဆိုပြုချက်ကို ပြန်လည်စဉ်းစားမည်ဖြစ်သည်ဟု ထိုင်းအလုပ်သမားဝန်ကြီးက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ထိုင်းအလုပ်သမားဝန်ကြီးအနေဖြင့် ပျမ်းမျှနေ့စဉ်လုပ်ခမြှင့်တင်ရေး အဆိုပြုချက်သစ်တစ်ရပ်ကို ယခုလကုန်ပိုင်းတွင် အစိုးရအဖွဲ့ထံ တင်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။


ထိုင်းစီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားအစုအဖွဲ့ ကိုယ်စားလှယ်များပါဝင်သည့် လုပ်ခလစာသတ်မှတ်ရေး ကော်မတီသည် အလုပ်သမားများ၏နေ့စဉ်အနိမ့်ဆုံးပျမ်းမျှလုပ်ခကို တစ်ရက်လျှင် ဘတ်ငွေ ၃၃၀ နှင့် ၃၇၀အကြား (အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၃ ဒေါ်လာနှင့်၁၀ ဒသမ၄၆ ဒေါ်လာ) ကြားမြှင့်တင်ရန် မူလက သဘောတူထားသည်။

ယခင်ထိုင်းအစိုးရအဖွဲ့ဟောင်းကမူ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အလုပ်သမားများ၏ အနိမ့်ဆုံး ပျမ်းမျှနေ့စဉ်လုပ်ခကို ၅ ဒသမ ၁၂ ရာခိုင်နှုန်းမြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လူသားများက လကမ္ဘာ၏ပတ်ဝန်းကျင်ကို ပြောင်းလဲပေးနေသော အဓိကအင်အားစုဖြစ်လာခဲ့သဖြင့် လကမ္ဘာအတွက် ခေတ်သစ်တစ်ခေတ်ကြေညာသင့်ဟုပြော



**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

လက်ရှိအချိန်တွင် လူသားများသည် လကမ္ဘာ၏ပတ်ဝန်းကျင်ကို ပြောင်းလဲပေးနေသော အဓိကအင်အားစု ဖြစ်လာခဲ့သဖြင့် လကမ္ဘာအတွက် ခေတ်သစ်တစ်ခေတ်ကြေညာသင့်သည်ဟု နိုင်ငံတကာ သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

၁၉၅၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ဆိုဗီယက်ပြည်ထောင်စု၏ လူနာ-၂ အာကာသယာဉ်ပျက်ကျမှုကြောင့် ဥက္ကာချိုင့်ဝှမ်းတစ်ခု ပေါ်ထွက်လာချိန်တွင် လူသားတို့၏ ပယောဂကြောင့် လမျက်နှာပြင် ဝန်းကျင် ပထမဆုံးအပြောင်းအလဲ ပေါ်ထွက်ခဲ့ရသည်။

နောက်ပိုင်းကာလများတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အပိုလိုမစ်ရှင် အာကာသယာဉ်များ အပါအဝင် အာကာသယာဉ်အစင်း ၁၀၀ ကျော်တို့ လမျက်နှာပြင်ပေါ် သို့ဆင်းသက်ခဲ့ကြရ သို့မဟုတ် နေရာပေါင်းအနည်းဆုံး ၅၈ နေရာတို့၌ ပျက်ကျခဲ့ကြရကြောင်း သိရသည်။

ထို့ပြင် အာကာသယာဉ်မှူးများကလည်း လမျက်နှာပြင်ပေါ်၌ ခြေရာများ၊ ဂေါက်သီးများ၊ အလံများကဲ့သို့ အသုံးအဆောင်များ၊ သိပ္ပံပညာရပ်ဆိုင်ရာပစ္စည်းကိရိယာများကို လမျက်နှာပြင်ပေါ် တွင်ချန်ထားရစ်ခဲ့ကြသည်။

သို့ဖြစ်ရာ လမျက်နှာပြင်၏ အထက်ပါပတ်ဝန်းကျင်အပြောင်းအလဲများအတွက် တာဝန်ယူသည့် အနေဖြင့် လူ့ပယောဂကြောင့် လမျက်နှာပြင်ညစ်ညမ်းမှုခေတ် (Lunar Anthropocene) အဖြစ် ကြေညာသင့်ကြောင်း အမေရိကန်နိုင်ငံ ကင်းဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ပြောကြားသည်။

လူ့ပယောဂကြောင့် လမျက်နှာပြင်ပြောင်းလဲမှုခေတ်သည် အာကာသနည်းပညာပြိုင်ပွဲနှင့်အတူ ၂၀ ရာစုခေတ် အလယ်ပိုင်းခန့်မှာပင် စတင်ခဲ့ပြီး အာကာသပြိုင်ပွဲသစ်များကြောင့် အခြေအနေပို၍ဆိုးရွားလာနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

**Ref : Russia Today**
**Trs : KKO**


## ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ် အရှိန်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိမည်

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

ယခုနှစ် ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်သည် ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် အရှိန်အမြင့်ဆုံး အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်အတွင်း ဥက္ကာခဲများသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဖြည်းညင်းစွာဝင်ရောက်တတ်ရာ ဥက္ကာမိုးစောင့်ကြည့်သူများအတွက် စိတ်ကျေနပ်ဖွယ်အဖြစ်ရဆုံး ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်ဖြစ်သည်။

ဂျီမီနစ်ဥက္ကာမိုးရွာသွန်းချိန်တွင် ဥက္ကာခဲများသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ တစ်နာရီလျှင် ၂၂ မိုင်နှုန်းဖြင့် ဝင်ရောက်တတ်ရာ လီယိုနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာတတ်သည့် ဥက္ကာခဲများ မြန်နှုန်း၏ထက်ဝက်ခန့်သာရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။




ကမ္ဘာဂြိုဟ် နှစ်စဉ်ကြုံရတတ်သည့် ဥက္ကာမိုးရွာသွန်းမှုများသည် ကြယ်တံခွန်များကြောင့် ပေါ်ထွက်လာတတ်သော်လည်း ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်မှာ 3200 Phaethon အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် 3200 Phaethon ဂြိုဟ်သိမ်သည် ကြယ်တံခွန်တစ်စင်း၏ ဝတ်ဆံထည်တစ်ခုပင်ဖြစ်ရာ ဂျီမီနစ်ဥက္ကာမိုးရွာသွန်းမှုမှာလည်း ကြယ်တံခွန်ကြောင့် ပေါ်ထွက်လာခြင်းသာဖြစ်သည်ဟု သိပ္ပံပညာရှင်တချို့က သုံးသပ်ထားကြောင်း သိရသည်။

ကြယ်တံခွန်ချန်ထားရစ်ခဲ့သည့် အာကာသဒြပ်ထည် အစအနစီးကြောင်းအတွင်းသို့ ကမ္ဘာဂြိုဟ်ဖြတ်သန်းချိန်တွင် ဥက္ကာမိုးရွာသွန်းမှုဖြစ်စဉ်များ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရောမကမ္ဘာဦးရေသတ္တဝါတစ်မျိုး၏ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထား

**လန်ဒန် ဒီဇင်ဘာ ၁၂**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၅၀ ခန့်က ပင်လယ်ရေပြင်များအတွင်း ကျက်စားရှင်သန်ခဲ့ကြသော ရောမကမ္ဘာဦးရေသတ္တဝါတစ်မျိုး၏ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို အင်္ဂလန်ကမ်းရိုးတန်းဒေသ၌ သိပ္ပံပညာရှင်များကရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ဒေါဆက်နယ်ကမ်းရိုးတန်းတွင် ရှာဖွေတွေ့ရှိခဲ့သည့် အထက်ပါ ဦးခေါင်းခွံသည် ပလီယိုဆောရပ်စ် (Pliosaur) ခေါ် ကမ္ဘာဦး ရေသတ္တဝါတစ်ကောင်၏ ဦးခေါင်းခွံရိုးဖြစ်ပြီး အလျားခုနစ်ပေထိရှိသည်ဟု ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ပလီယိုဆောရပ်စ် ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်ပေါင်းသန်း ၁၅၀ ခန့်ရှိရာ ယခင်တွေ့ရှိခဲ့ဖူးသော ပလီယိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းများထက် နှစ်သုံးသန်းခန့် ပို၍သက်တမ်းနုကြောင်း သိရသည်။

ပလီယိုဆောရပ်စ်များသည် ကိုယ်ခန္ဓာအရွယ်အစား အလျား ၁၅ မီတာ (ပေ ၅၀)ထိ ရှိတတ်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များတွေ့ရှိထားသည့် ပလီယိုဆောရပ်စ် ဦးခေါင်းခွံတွင် ရှည်လျား၍ထက်မြသည့် သွားအချောင်းပေါင်း ၁၃၀ ထိ ပါရှိသည်။

ဂျူရက်ဆစ်ဘူမိခေတ်နှောင်းပိုင်းနှင့် ခရီတေးရှီးယပ်စ်ဘူမိခေတ်ဦးကြားရှိခဲ့ကြသည့် ပလီယိုဆောရပ်စ်များသည် ရေနေအသားစားသတ္တဝါများ ဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## အာဖရိကတိုက်၌ပြုလုပ်နေသော HIV ပိုး ကာကွယ်ဆေးစမ်းသပ်မှုကို ရပ်တန့်လိုက်ပြီဖြစ်

**မာဆာကာ ဒီဇင်ဘာ ၁၂**

စိတ်ပျက်ဖွယ်ရလဒ်များပေါ်ထွက်လာပြီးနောက် အာဖရိကတိုက်၌ပြုလုပ်နေသော ခုခံအားကျဆင်းမှုရောဂါပိုး(HIV) ကာကွယ်ဆေးစမ်းသပ်မှုကို ဆေးပညာရှင်များက ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

PreEPVacc အမည်ရှိ အဆိုပါ HIV ပိုးကာကွယ်ဆေးစမ်းသပ်မှုကို အာဖရိကသုတေသနပညာရှင်များက ဥရောပကျွမ်းကျင်သူများ အကူအညီဖြင့် ပြုလုပ်ခဲ့သော ကာကွယ်ဆေး စမ်းသပ်မှုဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ PreEPVacc ကာကွယ်ဆေးသည် HIV ပိုး ကူးစက်မှုကို ထိထိရောက်ရောက် တားဆီးနိုင်မှုမရှိကြောင်း စမ်းသပ်မှုကိုဦးဆောင်နေသည့် ဆေးပညာရှင်များက ပြောကြားသည်။

HIV ပိုးကူးစက်မှုဖြစ်စဉ်သစ်များသည် ၁၉၉၀ ပြည့်နှစ် ကာလများအတွင်း အမြင့်ဆုံးသို့ရောက်ခဲ့ပြီး နောက်ပိုင်းတွင်ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ တစ်ကမ္ဘာလုံးအတိုင်းအတာအရ HIV ပိုးကူးစက်ခံထားရသူ အရေအတွက် ၃၉ သန်းကျော်ထိရှိကြောင်း ကုလသမဂ္ဂ၏အဆိုအရ သိရသည်။

PreEPVacc HIV ပိုးကာကွယ်ဆေးစမ်းသပ်မှုတွင် အာဖရိကနိုင်ငံများမှ လူပေါင်း ၁၅၀၀ တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Dementia လူနာ၏အိပ်စက်နိုင်စွမ်းကို အလင်းရောင်အသုံးပြုကုထုံးက မြှင့်တင်ပေးနိုင်

**ပေကျင်း ဒီဇင်ဘာ ၁၂**

အလင်းရောင်အသုံးပြုကုထုံး (Light Therapy) သည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) လူနာများ၏ အိပ်စက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

ထို့ပြင် အလင်းပေးကုထုံးသည် Dementia လူနာများ၏ ရန်လိုသည့်အပြုအမူများကိုလည်း လျှော့ချပေးနိုင်ကြောင်း တရုတ်နိုင်ငံ ဝီဖန်းဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အယ်လ်ဇိုင်းမားလူနာ ၆၀၀ ပါဝင်သည့် သီးခြားလေ့လာချက်ပေါင်း ၁၅ ခုတို့၏ရလဒ်များကို ပြန်လည်စိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Dementia လူနာများ၌ အာရုံနှာ့ဗ်ဆဲလ် ပျက်စီးမှုကြောင့် အလင်းရောင်ကို တုံ့ပြန်နိုင်စွမ်းနည်းပါးသည်ဖြစ်ရာ အလင်းရောင်နှင့် ပိုမိုထိတွေ့ရန်လိုကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

Dementia ရောဂါစတင်ခါစအချိန်တွင် လူနာ ၇၀ ရာခိုင်နှုန်းတို့မှာ အိပ်စက်ပုံမှုမမှန်မှုပြဿနာနှင့်ရင်ဆိုင်ရတတ်သည်။

သို့ရာတွင် အလင်းပေးကုထုံးသည် Dementia လူနာများ၏ အိပ်စက်နိုင်မှု အရည်အသွေးကို မြှင့်တင်ပေးနိုင်ပြီး နိုးလျက်နှင့် အိပ်ရာထဲ လှဲနေရသည့်အချိန်ကို လျှော့ချပေးနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**



**နိုင်ငံတကာ**
**အားကစားသတင်းများ**

# ၂၀၂၃ အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူး အိုစီမန် ဆွတ်ခူး

**မာရာကက်ချ် ဒီဇင်ဘာ ၁၂**

မော်ရိုကိုနိုင်ငံ မာရာကက်ချ်မြို့၌ ကျင်းပသည့် ၂၀၂၃ခုနှစ် အာဖရိက တစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲ အခမ်းအနားတွင် နိုင်ဂျီးရီးယား တိုက်စစ်မှူးအိုစီမန်က အီဂျစ် အသင်းတိုက်စစ်မှူး ဆာလာဟ်ကို ကျော်ဖြတ်၍ အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုအတွက် ဆန်ခါတင်စာရင်းတွင် နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုစီမန်၊ အီဂျစ်တိုက်စစ်မှူး ဆာလာဟ်နှင့်မော်ရိုကိုခံစစ်ကစားသမားဟာကီမီတို့ပါဝင်လာခဲ့သော်လည်း အိုစီမန်က ၎င်းတို့ကိုကျော်ဖြတ်ပြီး တစ်နှစ်တာအကောင်းဆုံးဆုရရှိခဲ့သောကြောင့် ၁၉၉၉ ခုနှစ်တွင် နိုင်ဂျီးရီးယားတိုက်စစ်မှူး ကနူးနောက်ပိုင်း ပထမဆုံးအကြိမ် အကောင်းဆုံးဆု ရရှိခဲ့သည့် နိုင်ဂျီးရီးယား ကစားသမားဖြစ်လာခဲ့သည်။

အိုစီမန်သည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် နိုင်ငံအသင်းအတွက် သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် စီးရီးအေကလပ်နာပိုလီအသင်းတွင်လည်း သွင်းဂိုး ၂၆ ဂိုးသွင်းယူကာ အသင်းကို ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့်တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်ခဲ့သည့် မော်ရိုကိုအသင်းက တစ်နှစ်တာ အကောင်းဆုံးအသင်းဆုကို ရရှိခဲ့ပြီး အသင်းနည်းပြ ဝါလစ်က တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုလည်းကောင်း၊ တောင်အာဖရိက အမျိုးသမီးအသင်းနည်းပြ အီလစ်ကတစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုလည်းကောင်း၊ တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးကစားသမားဆုကို ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယားအသင်းကို(၁၆)သင်းရှုံးထွက်အဆင့်ထိရောက်ရှိအောင် ကူညီပေးနိုင်ခဲ့သည့် တိုက်စစ်မှူး အိုရှိအာလာကလည်းကောင်း ဆွတ်ခူးခဲ့ပြီး ၎င်းအနေဖြင့် ကစားသမားဘဝ တစ်လျှောက် အာဖရိကတစ်နှစ်တာ အကောင်းဆုံးဆုကို ခြောက်ကြိမ်မြောက်ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဂျက်ဆန်က အဲဗာတန်ခံစစ်ကစားသမား ပက်တာဆန်၏ လည်ပင်းကိုညှစ်ခဲ့သော်လည်း အက်ဖ်အေက အရေးယူမှုမပြုလုပ်ခဲ့ကြောင်း သိရသည်။
- ယခင်က အင်တာမီယာမီအသင်းက ငြင်းဆိုထားသည့်အယ်နာဆာအသင်းနှင့် ဆော်ဒီချစ်ကြည်ရေးဖလားပြိုင်ပွဲကို ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် အယ်ဟိုင်လာအသင်းနှင့်ကစားမည်ဖြစ်ကာ သုံးရက်အကြာတွင် အယ်နာဆာအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။
- ပရီးမီးယားလိဂ်အကောင်းဆုံးနည်းပြစာရင်းတွင် အေဗီလာနည်းပြ အမ်မရီ ထိပ်ဆုံးတွင်ရပ်တည်နေသော်လည်း မန်ယူအသင်းနည်းပြတန်ဟတ်အနေဖြင့် အောက်ဆုံးအဆင့်(၂၀)၌သာ ရပ်တည်နိုင်ခဲ့သည်။

**ML**

# တူကီယဲစူပါလိဂ်ပြိုင်ပွဲ အန်ကာရာဂူကူနှင့် ရီဇီစပေါ်အသင်းတို့ပွဲစဉ်တွင် ကွင်းလယ်ဒိုင် အူမက်မယ်လာတိုက်ခိုက်ခံရ



**အစ္စတန်ဘူလ် ဒီဇင်ဘာ ၁၂**

တူကီယဲစူပါလိဂ်ပြိုင်ပွဲဖြစ်သည့် အန်ကာရာဂူကူအသင်းနှင့် ရီဇီစပေါ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်းပြိုင်ပွဲအပြီး အန်ကာရာဂူကူအသင်းဥက္ကဋ္ဌ ဖာရက်ကိုကာက ကွင်းလယ်ဒိုင် အူမက်မယ်လာကို ထိုးကြိတ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အန်ကာရာဂူကူအသင်းနှင့် ရီဇီစပေါ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲသိမ်းခရာမှုတ်ပြီးချိန်တွင် အန်ကာရာဂူကူအသင်းဥက္ကဋ္ဌ ဖာရက်ကိုကာက ကွင်းအတွင်းသို့ဝင်ရောက်လာခဲ့ပြီး ကွင်းလယ်ဒိုင် အူမက်မယ်လာ၏ ဦးခေါင်းကို လက်သီးဖြင့်ထိုးခဲ့ရာ ကွင်းလယ်ဒိုင်အနေဖြင့် လဲကျသွားချိန်၌ မျက်နှာကိုခြေထောက်ဖြင့် ကန်ခဲ့သောကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။

အဆိုပါပွဲစဉ်တွင် အန်ကာရာဂူကူအသင်းသည် ပွဲချိန် ၁၄ မိနစ်ကတည်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ဘက်ကိုဖိအားပေးနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၅၀ တွင် တိုက်စစ်မှူး အလီဆိုဝီနှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် ချေပဂိုးမပေးရရေးထိန်းချုပ်ကစားခဲ့ရကာ နာကျင်အချိန်ပို ၉၅ မိနစ်တွင် ရီဇီစပေါ် ခံစစ်ကစားသမားတော့ကူ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ဖက်လျှင် ကစားသမား ၁၀ ဦးစီဖြင့်သာ ယှဉ်ပြိုင်ခဲ့ရပြီး နာကျင်အချိန်ပို ၉၇မိနစ်၌ ရီဇီစပေါ်အသင်းက တိုက်စစ်မှူး ဂါအစ်၏ သွင်းဂိုးကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တူကီယဲ ဘောလုံးအဖွဲ့ချုပ်က တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိသေးသော်လည်း တူကီယဲသမ္မတအာဒိုဂန်က “အားကစားဆိုတာ ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရင်းနှီးရေးကို ကိုယ်စားပြုပါတယ်။ အကြမ်းဖက်တိုက်ခိုက်ဖို့အတွက် မဟုတ်ပါဘူး။ တူကီယဲဘောလုံးသမိုင်းမှာ အခုလိုတိုက်ခိုက်မှုဖြစ်စဉ်တွေကို ဘယ်တော့မှ ခွင့်ပြုသွားမှာမဟုတ်ပါဘူး။ ကွင်းလယ်ဒိုင်ကို တိုက်ခိုက်မှုအတွက် ရှုတ်ချပါတယ်။ သူ့အနေနဲ့ ဒဏ်ရာကနေ အမြန်ဆုံးသက်သာပါစေလို့ ဆုတောင်းပေးပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အဓိက ကစားသမားရှစ်ဦးထိ ပါဝင်မည်မဟုတ်ဟု ဘာစီလိုနာအသင်းပြောကြား

**မက်ဒရစ် ဒီဇင်ဘာ ၁၂**

ဘာစီလိုနာ အသင်းသည် ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အန့်ဝပ်အသင်းနှင့် ကစားရမည့် အဝေးကွင်းပွဲစဉ်တွင် အသင်းမှ အဓိက ကစားသမားရှစ်ဦးထိ ပါဝင်မည်မဟုတ်ဘဲ အကယ်ဒမီအသင်းမှ လူငယ်ကစားသမားရှစ်ဦးနှင့် အစားထိုးသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲစဉ် ငါးပွဲအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၂ မှတ် ရရှိထားသောကြောင့် (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ပြီးခဲ့သည့် တနင်္ဂနွေကကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ဂျီရိုနာအသင်းကို အိမ်ကွင်းတွင် လေးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အဓိက ကစားသမားများကို အနားပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကထုတ်ပြန်ခဲ့ရာတွင် တိုက်စစ်မှူး လီဝမ်ဒေါစကီး၊ ဖရန်ကီဒီဂျောင်း၊ ဂန်ဒိုဂမ်နှင့် အာရှူဂျီတို့ကိုအနားပေး၍ ဂိုးသမား တာစတီဂန်၊မာကိုစ်အလွန်ဆို၊အင်နီဂိုမာတီနက်ဇ်နှင့်ဂါဗီတို့မှာ ဒဏ်ရာကြောင့် အန့်ဝပ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

နည်းပြဇာဗီက အဆိုပါကစားသမားများနေရာတွင် အကယ်ဒမီကစားသမားများဖြစ်သည့် ခံစစ်ကစားသမား ဟက်တာဖို့ဒ်၊ ကူဘာစီ၊ ကွင်းလယ်ကစားသမား ကာဆာဒိုနှင့် ဂါရီဒို၊တိုက်စစ်မှူး အလာကွန်နှင့် ဂီအူ၊ ဂိုးသမား အက်စထရာလာဂါနှင့်ကိုချန်တို့ကို အဓိကကစားသမားရှစ်ဦးနေရာ၌ အစားထိုးသွားမည်ဖြစ်ပြီး အန့်ဝပ်အသင်းနှင့် ကစားမည့် အသင်းလူစာရင်းတွင် ထည့်သွင်းသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ဂျီရိုနာအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် အဆင့်(၁)မှ ဂျီရိုနာအသင်းနှင့် ရမှတ် ခုနစ်မှတ်ပြတ်တောက်ခဲ့သဖြင့် ချန်ပီယံဆုကိုကာကွယ်ရန် လာမည့်အမှတ်ပေးပွဲစဉ်ဖြစ်သည့် ဗလင်စီယာနှင့်ပွဲစဉ်ကို အာရုံစိုက်နိုင်ရေးအတွက် အဓိက ကစားသမားများကို အနားပေးခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**


# WBA ဝယ်သာဝိတ်တန်းချန်ပီယံ ကိုနာဘင်းက WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းချန်ပီယံ ဒါဗင်ဟန်နေးနှင့် ထိုးသတ်ရန်ကမ်းလှမ်း


**လန်ဒန် ဒီဇင်ဘာ ၁၂**

WBA Continental ဝယ်သာဝိတ်တန်းချန်ပီယံကို ရှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာကာကွယ်ထားနိုင်သည့် အင်္ဂလန်လက်ဝှေ့သမား ကိုနာဘင်းသည် WBA (Super)၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်း ချန်ပီယံအမေရိကန်လက်ဝှေ့သမား ဒါဗင်ဟန်နေးနှင့် ထိုးသတ်ရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒါဗင်ဟန်နေးသည် ဒီဇင်ဘာ ၉ ရက်က အမေရိကန်လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ရီဂျက်စ်ကို အနိုင်ထိုးသတ်ကာ WBC စူပါလိုက်ဝိတ်တန်း ချန်ပီယံခါးပတ်ကိုလည်း ဆွတ်ခူးထားသူဖြစ်ပြီး ဝိတ်တန်းကပ်လျက်မှ ကမ္ဘာ့ချန်ပီယံများက ဒါဗင်ဟန်နေးနှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေကြပြီး ရှုံးပွဲမရှိသေးသည့် ကိုနာဘင်းသည် စိန်ခေါ်မှုအသစ်များဖြင့် ရင်ဆိုင်လိုသည့်အတွက် ဒါဗင်ဟန်နေးနှင့်ထိုးသတ်သွားရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ကိုနာဘင်းသည် အင်္ဂလန်လက်ဝှေ့သမား တစ်ဦးပင်ဖြစ်သူ ခရစ်အူဘန့်နှင့် ထိုးသတ်သွားရန် ဆွေးနွေးမှုများပြုလုပ်နေသော်လည်း ၎င်းအနေနှင့် ဒါဗင်ဟန်နေးနှင့် ထိုးသတ်ရေးအတွက်လည်း ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။






ကိုနာဘင်းအနေဖြင့် ဒါဗင်ဟန်နေးကို ဝယ်သာဝိတ်တန်းတွင် ထိုးသတ်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ဒါဗင်ဟန်နေးအနေဖြင့် ဝယ်သာဝိတ်တန်းသို့ ပြောင်းရွှေ့ရေးမှာ အခက်အခဲရှိလာနိုင်ပြီး ဝိတ်တန်းလျှော့ရလျှင် ပြဿနာမရှိနိုင်သော်လည်း ဝိတ်တန်းမြှင့်တင်ရမည့်အခြေအနေမှာ အန္တရာယ်ရှိသလိုစွန့်စားရာရောက်နိုင်သည့်အတွက် ကိုနာဘင်း၏ စိန်ခေါ်မှုကို အချိန်ယူစဉ်းစားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# FIFA-MFF U-15 Youth League ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် FIFA-MFF U-15 Youth League Grand Final ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

FIFA-MFF U-15 Youth League ပြိုင်ပွဲကို မြန်မာပြည်အထက်ပိုင်းဇုန်နှင့် မြန်မာပြည်အောက်ပိုင်းဇုန်ဟူ၍ ခွဲခြားကျင်းပခဲ့ပြီး ဇုန်တစ်ခုချင်းစီမှ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အသင်းများအနေဖြင့် Grand Final ဗိုလ်လုပွဲကစားရခြင်းဖြစ်ပြီး ဒုတိယဆုရရှိသည့် အသင်းနှစ်သင်းအနေဖြင့် တတိယလုပွဲကစားခဲ့ရခြင်းဖြစ်သည်။

FIFA-MFF U-15 Youth League ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် မြန်မာပြည်အထက်ပိုင်းဇုန်မှ ချင်းတွင်းစတားအသင်းနှင့် အောက်ပိုင်းဇုန်မှ ရာမညအသင်းတို့ကစားခဲ့ရာ ရာမညအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး တတိယဆု ဆွတ်ခူးနိုင်ခဲ့ကာ Grand Final ဗိုလ်လုပွဲစဉ်အဖြစ် အထက်ပိုင်းဇုန်မှ ချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် အောက်ပိုင်းဇုန်ချန်ပီယံ ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပခဲ့ရာ စတုတ္ထဆုရရှိခဲ့သည့် ချင်းတွင်းစတားအသင်းကို ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှကျော်ဝင်းက ဆုကြေးငွေကျပ် သိန်း ၂၀၊ ပြိုင်ပွဲ၏အကောင်းဆုံးကစားသမားဆုရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ နေလင်းသွေးကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆုကြေးငွေကျပ် ငါးသိန်း၊ တတိယဆုရ ရာမညအသင်းကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုကြေးငွေကျပ် သိန်း ၄၀၊ဒုတိယဆုရရှိသည့် ရခိုင်ယူနိုက်တက်အသင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးရာ ဝန်ကြီး ဦးဗိုလ်ဌေးက ဆုတံဆိပ်နှင့်ဆုကြေးငွေကျပ် သိန်း ၆၀၊ ချန်ပီယံဆုရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တစ်ဦးချင်းဆုများ၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ နှင့်ချန်ပီယံဆုဖလားကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **STA**

# 2023 WTA Player Of The Year ဆုကို စဝီယာတက်ခ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၂**

2023 WTA Player Of The Yearဆုကို ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ဆွတ်ခူးနိုင်ခဲ့သည်ဟု အင်္ဂလန်နိုင်ငံလန်ဒန်မြို့အခြေစိုက် အမျိုးသမီးတင်းနစ်အသင်း(WTA) က ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်သည် ပြီးခဲ့သည့်နှစ်ကလည်း အဆိုပါဆုဆွတ်ခူးခဲ့သူဖြစ်ပြီး နှစ်နှစ်ဆက်ဆွတ်ခူးနိုင်ခဲ့သည့်ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

စဝီယာတက်ခ်သည် ယခုနှစ် တင်းနစ်ရာသီတွင် ပွဲစဉ်ပေါင်း ၆၈ ပွဲကစားခဲ့ပြီး ၁၁ ပွဲသာရှုံးနိမ့်ခဲ့ကာ အနိုင်ရသည့်ရာခိုင်နှုန်း ၈၆ ဒသမ ၁ ရာခိုင်နှုန်းထိရှိခဲ့ပြီး ယခုနှစ် တင်းနစ်ရာသီအတွင်း ဆုဖလား ခြောက်လုံးထိဆွတ်ခူးနိုင်ခဲ့ပြီး ဆုကြေးငွေအမေရိကန်ဒေါ်လာ ၁၀ သန်းထိ ခံစားခွင့်ရခဲ့သကဲ့သို့ WTA ၏ တစ်နှစ်တာအကောင်းဆုံး တင်းနစ်မယ်ဆုနှင့်ထိုက်တန်ကြောင်း ပြသနိုင်ခဲ့ပြီးဖြစ်သည်။

စဝီယာတက်ခ်သည် 2023WTA Player Of The Year ဆုအတွက် ဆန်ခါတင်စာရင်းတွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ၊အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်၊ ချက်တင်းနစ်မယ် ဗွန်ဒရိုဆိုဗာတို့နှင့်အတူပါဝင်ခဲ့ပြီး မဲပေးရွေးချယ်မှုတွင် မဲရလဒ်အပြတ်အသတ်ဖြင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

စဝီယာတက်ခ်က 2023 WTA Player Of The Yearဆုကိုရရှိခဲ့သကဲ့သို့ စဝီယာတက်ခ်၏ နည်းပြဝစ်တိုရောစကီးသည်လည်း 2023 Coach of the Yearဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၄ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ရက်မှစတင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Squash အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက်ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲမှူးခွန်ဂျာအောင်က ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့ကာ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အုပ်စုမဲခွဲခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲမှုများပြုလုပ်ခဲ့ပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

၂၀၂၄ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအမျိုးသား၊အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှစတင်ပြီး ဇန်နဝါရီ ၃ရက်ထိကျင်းပမည်ဖြစ်ကာ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုဒီဇင်ဘာ၁၄ ရက်မှ ၂၃ ရက်ထိလည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိလည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၁)၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၊လယ်ဝေးအားကစားကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို နှစ်သိန်းကျပ်၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို သုံးသိန်းကျပ်၊ စတုတ္ထဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ၁၅သိန်းကျပ်၊ဒုတိယဆုကို ငွေကျပ်သိန်း ၂၀နှင့် ပထမဆုကို ငွေကျပ်သိန်း ၃၀ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **STA**

# MFF AYA Pay Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၃)ယှဉ်ပြိုင်ကစား



**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် MFF AYA Pay Futsal League -1 ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Stadium တွင်ကျင်းပခဲ့ကြောင်း သိရသည်။

MFF AYA Pay Futsal League -1 ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီက MIU FC အသင်းနှင့် Dream Team FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်က VUC FC အသင်းနှင့် M2K FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊နံနက် ၁၁ နာရီခွဲက Futsal 19 FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Futsal 19 FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Linn Latt FC အသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီက Let Wel Thone Nara အသင်းနှင့် Generations FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Generations FC အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

MFF AYA Pay Futsal League -1 ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအပြီးတွင် VUC FC အသင်းက ရမှတ် ကိုးမှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ **STA**

# PGA Tour ပြိုင်ပွဲများတွင် ဂျွန်ရမ်း ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

LIV Golf အဖွဲ့ချုပ်ဖြင့်ပူးပေါင်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် ဂျွန်ရမ်းကို PGA Tour ပြိုင်ပွဲများတွင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း PGA Tour အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဂျွန်ရမ်းကို PGA Tour များမှ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုသည့်အပြင် Fed.Ex Cupအရည်အချင်းသတ်မှတ်ချက်စာရင်းမှလည်းဖယ်ရှားလိုက်ပြီဖြစ်ကြောင်းPGA Tour က ထုတ်ပြန်ခဲ့သည်။

ဂျွန်ရမ်းသည် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းခဲ့သော်လည်း PGA Tour ၏ အဖွဲ့ဝင်အဖြစ်ဆက်လက်ရပ်တည်လိုကြောင်းပြောကြားခဲ့သော်လည်း စည်းမျဉ်းအရ PGA Tour အဖွဲ့ဝင်အဖြစ်ရပ်တည်ခွင့်ရရှိမည်မဟုတ်ဘဲ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် မသေချာသည့်အခြေအနေဖြစ်နေသည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင်ရပ်တည်နေသည့် ဂျွန်ရမ်းသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း ပါဝင်ခွင့်ရတော့မည်မဟုတ်ကြောင်း PGA Tour အဖွဲ့ချုပ်၏ ကော်မရှင်နာ မိုနာဟန်ကပြောကြားခဲ့သည်။

မိုနာဟန်က "အဖွဲ့ချုပ်ရဲ့ခွင့်ပြုချက်မရဘဲ တခြားဂေါက်သီးရိုက်အဖွဲ့ချုပ်ရဲ့ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကစားသမားတွေကို PGA Tour ရဲ့အဖွဲ့ဝင်ကနေဆိုင်းငံ့တာကို မနှစ်ကလဲ ကျွန်တော်တို့စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ အဖွဲ့ချုပ်ရဲ့ခွင့်ပြုချက်မရဘဲ တခြားဂေါက်သီးရိုက်အဖွဲ့ချုပ်နဲ့ ပူးပေါင်းလိုက်တဲ့ ဂျွန်ရမ်းကို PGA Tour အဖွဲ့ချုပ်ရဲ့အဖွဲ့ဝင်အဖြစ်ကဆိုင်းငံ့လိုက်ပါတယ်။ ဒီလိုအရေးယူဆောင်ရွက်ခြင်းအားဖြင့် တခြားသော PGA Tourအဖွဲ့ချုပ်ရဲ့ကစားသမားတွေအပေါ်မှာ တစ်စုံတစ်ရာရိုက်ခတ်မှုမဖြစ်စေပါဘူး။ ဂျွန်ရမ်းကို Fed.Ex Cup Playoffs & Eligibility Points List ကနေ ဖယ်ရှားလိုက်တဲ့အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ဂျွန်ရမ်းပါဝင်ခွင့်ရတော့မှာ မဟုတ်တော့ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# စာဆိုတော်နေ့မှသည် မြန်မာစာပေ အလေးထားမြတ်နိုးရေး

မေတ္တာမိုးနှင်း(ပဲခူး)

နတ်တော်လသည် မြန်မာဆယ့်နှစ်ရာသီတွင် ကိုးလမြောက်လဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ စန်းယှဉ်နက္ခတ်မှာ မိဂသီ၊ ရာသီရုပ်မှာ လေးစွဲ ယောကျ်ားရုပ်ဖြစ်ပြီး ရာသီပန်းကား သဇင်ပန်းဖြစ်သည်။ နတ်တော်လဟု ခေါ်တွင်သည်မှာ ထိုလတွင် ရှေးယခင်က နတ်ကို ပူဇော်ပသရခြင်းကြောင့် "နတ်ပျော်လ"ဟုခေါ်တွင်ရာမှ နောင်တွင် "နတ်တော်လ" ဟုပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ စာဆို ဦးပုံးချိုက "ငွေနှင်းကယ်တဲ့ မှုန်ဝေဝေ၊ ပျံ့မွှေးခိုင်သဇင်နှင့်၊ ဂမုန်းအင်ပန်တော်ဦးကြတယ်၊ ထူးတဲ့လေပ၊ မိဂသီ ပုဏ္ဏာလင်းပါလို့၊ ရွှေဟင်္သာတာရာငွေလို၊ ဖြာဖြာဝေလျက် စံကွန့်မြူး"ဟူ၍ ရေးဖွဲ့ခဲ့သည်။ ရှေးပုဂံခေတ်ကျောက်စာများ၌ နတ်တော်လကို နတ္တာဝ်၊ နတ္တဝ်ဟု ရေးထိုးထားကြောင်းတွေ့ရသည်။ နတ်တော်လတွင် ကောက်သစ်ငယ်တို့ ပေါ်ဦးဖြစ်သဖြင့် ကောက်သစ်စားပွဲများကို ပျော်ရွှင်စွာကျင်းပသောလလည်း ဖြစ်သည်။

နတ်တော်လ၏အဓိပ္ပာယ်မှာ အရှင်နတ်မင်း (နတ်တော်) များကို ပူဇော်ပသသောလဟုဆိုလိုသည်။ ပုဂံမင်းအဆက်ဆက်တို့ ပုပ္ပားတောင်သို့တက်၍ မဟာဂီရိနတ်ပူဇော်ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိကြသည်။ အနော်ရထာမင်းနန်းတက်စဉ် နတ်ကိုးကွယ်မှုကို နှိမ်နင်းဖျက်သိမ်း၍ ဗုဒ္ဓဘာသာကို ကိုးကွယ်စေခြင်းဖြင့် စာပေဖြင့် ကျော်ကြားသော ရဟန်းရှင်လူစာဆိုများကို ချီးမြှင့်ခြင်း၊ ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ပြီး စာဆိုတော်ပွဲအဖြစ် ကျင်းပကြသည်။ ယခုခေတ်၌မူ စာဆိုတော်ဟူသော ဝေါဟာရသည် ပြည်သူ့စာပေလုပ်သား၊ စာရေးဆရာအားလုံးနှင့် သက်ဆိုင်သောကြောင့် စာရေးဆရာများကို စာဆိုတော်ဟု ခေါ်ဆိုကြလေသည်။ ယခုအခါ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့၌ ထူးချွန်စာဆိုတော်များအား ဆုချီးမြှင့်ခြင်း၊ သက်ကြီးစာဆိုတော်များအား ဂါရဝပြုကန်တော့ခြင်းများဖြင့် စာဆိုတော်ပွဲကိုကျင်းပကြသည်။

**စာရေးဆရာအသင်း**

ခရစ်နှစ် ၁၉၃၉ ခုနှစ်မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာတချို့ဖွဲ့စည်းထားသော "ကလောင်အဖွဲ့" တစ်ခုသာ ရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်ဂျီဝဲလ် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်လာသောအခါ စာရေးဆရာများကစုပေါင်း၍ ကျင်းပသောညစာစားပွဲနှင့် ဆရာကြီး ပီမိုးနင်းကွယ်လွန်၍ ဈာပနကိစ္စတို့တွင် စာရေးဆရာများ စုစည်းမိကြရာမှ ဒီးဒုတ်ဦးဘချို ဦးဆောင်ပြီး စာရေးဆရာများအသင်းကို ထူထောင်ကြသည်။ မူလက "မြန်မာနိုင်ငံစာရေးဆရာများအစည်းအရုံး"ဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် "မြန်မာနိုင်ငံ စာရေးဆရာများအသင်း"ဟု မှည့်ခေါ်ခဲ့သည်။

**စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ**

ဂျပန်ခေတ်တွင် မြန်မာနိုင်ငံ ပညာတံခွန်အသင်း၏ ဌာနခွဲကို ကွမ်းခြံကုန်းမြို့၌ ဖွင့်လှစ်ထားခဲ့သည်။ ကွမ်းခြံကုန်းမြို့ရှိ မြန်မာနိုင်ငံ ပညာတံခွန်အသင်း၏ ဌာနခွဲသည် ၁၉၄၄ ခုနှစ် နှစ်ဦးပိုင်းတွင် စာဆိုဦးပုညကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်အခမ်းအနားတစ်ရပ်ကို ကျင်းပနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံအရပ်ရပ်တွင်လည်း ဦးပုညနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပရန်လှုံ့ဆော်ခဲ့လေသည်။ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပညာတံခွန်အသင်းနှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဦးပုညနေ့ အထိမ်းအမှတ်ကျင်းပရေးကိစ္စကို ဆောင်ရွက်သောအားဖြင့် ၁၉၄၄ ခုနှစ် မေလ ၁၂ ရက်တွင် ပညာ၊ ကျန်းမာ၊ စည်ပင်သာယာဌာနဝန်ကြီး၏ရုံးခန်း၌ အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။ ထိုအစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆိုတစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသောနေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသောနေ့တစ်နေ့ သတ်မှတ်သင့်ကြောင်း၊ စာဆိုတော်နေ့သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ တစ်ဆက်တည်းပင် မည်သည့်ကာလ အပိုင်းအခြားကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြရာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

❖ စာပေသည် လူမျိုးတစ်စု၏ယဉ်ကျေးမှုပင်ဖြစ်သည်။ "စာပေမြင့်မှလူမျိုးမြင့်မည်" ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေဟူသည်ကား လူမျိုး၏အသက်ပင်ဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်းကွယ်ပျောက်သွားတတ်သည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကို ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုလည်းဖြစ်သည်။ "အလိမ္မာ စာမှာရှိ" ဆိုသည့်အတိုင်း စာပေဖတ်ခြင်းဖြင့် လိမ္မာယဉ်ကျေးသော လူသားများအဖြစ် ရပ်တည်နိုင်မည်။ ❖

**စာဆိုတော်နေ့ကျင်းပခြင်း**

ပထမဆုံးအကြိမ် စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့(၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်) နံနက်ပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ စာဆိုတော်ကြီးများကို စာရေးဆရာများက လက်အုပ်ချီကန်တော့ခဲ့ကြသည်။ ပထမဆုံးအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် ဦးပုည၏ ဝိဇယပြဇာတ်လာ ဇာတ်ဝင်ခန်းတစ်ခန်းသည်လည်း ကပွဲအစီအစဉ်တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ထိုဇာတ်ဝင်ခန်းကိုအခြေပြု၍ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဝိဇယပြဇာတ်ကို ဇာတ်ကြီးအဖြစ် ကပြခဲ့လေသည်။ ထိုစဉ်က ဝိဇယပြဇာတ်ကပြမှုသည် နိုင်ငံရေးအရ ဖက်ဆစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုတစ်ရပ်ဖြစ်သည့်အလျောက် အောင်မြင်မှုရခဲ့လေသည်။

၁၉၄၅ ခုနှစ်တွင် စာဆိုတော်နေ့အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့သည်။ ထိုနှစ် စာဆိုတော်နေ့တွင် ပညာရှိစာဆိုအမတ်ကြီး ဦးပေါ်ဦးကို ဂုဏ်ပြုသောအားဖြင့် ဦးပေါ်ဦး ပြဇာတ် ကပြခဲ့သည်။ စာဆိုတော်ကြီးများကိုလည်း ကန်တော့ခဲ့ကြသည်။ ထို့နောက် နှစ်စဉ်နှစ်တိုင်း စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများကို မြို့နယ်များ၌ပါ ကျင်းပလာခဲ့သည်။ သတင်းထောက်များ၊ ကျောင်းဆရာများနှင့် လူငယ်အဖွဲ့အစည်းများက ကြီးမှူးကျင်းပလေ့ရှိရာ ၎င်းအခမ်းအနားများတွင် စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ပဒေသာကပွဲများ ထည့်သွင်းကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့တွင်မူ စာရေးဆရာအသင်းကကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နံနက်ပိုင်း၌ စာဆိုတော်ကြီးများကို ကန်တော့ခြင်း၊ စာရေးဆရာအသင်းဥက္ကဋ္ဌက စာပေဆိုင်ရာ အမှာစကားပြောကြားခြင်း၊ ညပိုင်း၌စာပေဆိုင်ရာ ပြဇာတ် သို့မဟုတ် ပဒေသာကပွဲကပြလာခဲ့သည်မှာ ၁၉၅၀ ပြည့်နှစ်ထိဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင်ကျင်းပသော စာဆိုတော်နေ့ အခမ်းအနားကို လူထုအခမ်းအနားကြီးတစ်ခုအသွင် စတင်ကျင်းပကာ စာဆိုတော်နေ့ကို ပြည်သူတစ်ရပ်လုံး၏ နေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ ထိုအချိန်မှစ၍ စာဆိုတော်နေ့အထိမ်းအမှတ် ကျင်းပရေးအစဉ်အလာသည် နိုင်ငံတစ်ဝန်း ပိုမိုကျယ်ပြန့်လာသည်။ စာရေးဆရာများသည် ပြဇာတ်ကခြင်း၊ ပဒေသာကပွဲကပြခြင်းဖြင့် ပြည်သူလူထုကို စာပေအသံလှုံ့ဆော်ပေးရုံသာမက ရှေးဦးစွာ ရန်ကုန်မြို့အတွင်း ရပ်ကွက်အသီးသီး၌ စာပေဟောပြောပွဲများ စတင်ကျင်းပလာခဲ့ကြသည်။ စာပေဟောပြောပွဲများကို ပြည်သူအများက လက်ခံလာသည်နှင့်အမျှ နောက်ပိုင်း စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများတွင် နိုင်ငံတစ်ဝန်း စာပေဟောပြောပွဲများကိုပါ ကျင်းပလာခဲ့ကြလေသည်။ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ပြဇာတ်ကပြသော အစဉ်အလာသည် ၁၉၅၈ ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီးနောက်ပိုင်း၌ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေရေးရာစာတမ်းများ ပြုစုတင်သွင်းဆွေးနွေးခြင်းအစဉ်အလာသည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ စတင်ပေါ်ပေါက်လာခဲ့ပြီး မြို့နယ်အသီးသီး၌ စာပေဟောပြောပွဲအစဉ်အလာသည် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများသည် မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်များပြားလာခဲ့သည်။ မြို့နယ်အဆင့်စာပေဟောပြောပွဲများ၊ ကျောင်းအလိုက်စာပေဟောပြောပွဲများ၊ လုပ်ငန်းဌာနအလိုက် စာပေဟောပြောပွဲများအပြင် ရေးသူဖတ်သူဆွေးနွေးပွဲများ၊ စာဖတ်ပရိသတ်က လက်ရှိစာပေအခြေအနေကို စာတမ်းပြုစုဖတ်ကြားပွဲများနှင့် စာရေးဆရာများပြည်သူ့ဘဝ လေ့လာရေးအစီအစဉ်များကိုပါ ကျင်းပပြုလုပ်လာခဲ့သည်။ နိုင်ငံတော်အစိုးရပိုင်းကမူ ၁၉၆၃ ခုနှစ်မှစ၍ စာဆိုတော်နေ့များတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူး၍ စာပေဆုနှင်းသဘင်ပွဲကျင်းပကာ ထိုဆုနှင်းသဘင်၌ အမျိုးသားစာပေဆုရသော စာပေပညာရှင်များအား ဆုများချီးမြှင့်ပြီး စာပေတိုးတက်ရေးကို ဆောင်ရွက်ခဲ့လေသည်။

**မြန်မာစာပေ အလေးထားမြတ်နိုးစေရေး**

လူ့လောကကြီးတစ်ခုလုံး တိုးတက်ပြောင်းလဲနေသည်မှာ စာပေ၏ဂုဏ်ကျေးဇူးကြောင့်ပင်ဖြစ်သည်။ စာပေသည် လူမျိုးတစ်စု၏ယဉ်ကျေးမှုပင်ဖြစ်သည်။ "စာပေမြင့်မှလူမျိုးမြင့်မည်" ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေဟူသည်ကား လူမျိုး၏အသက်ပင်ဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်းကွယ်ပျောက်သွားတတ်သည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကို ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုလည်းဖြစ်သည်။ "အလိမ္မာ စာမှာရှိ"ဆိုသည့်အတိုင်း စာပေဖတ်ခြင်းဖြင့် လိမ္မာယဉ်ကျေးသော လူသားများအဖြစ် ရပ်တည်နိုင်မည်။ ထို့ကြောင့်ပင် ရှင်မဟာရဋ္ဌသာရ ဆုံးမစာတွင် "ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"ဟူ၍ ဆုံးမခဲ့သည်။ စာပေသည် အနုသုခုမပညာရပ်အားလုံးတို့၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

ယခု ခေတ်မီတိုးတက်နေသောခေတ်၌ မည်သည့်စာပေအမျိုးအစားကိုမဆို ရှာဖွေလေ့လာဖတ်ရှုခွင့်ရနေကြပြီဖြစ်သည်။ ပညာဖြင့် ဦးဆောင်နေသောခေတ်တွင် စာပေကိုလျစ်လျူရှု၍မရပေ။ နည်းပညာဟူသမျှသည် စာပေကိုအခြေခံထားသည်သာဖြစ်သည်။ စာပေကိုလေ့လာမှသာလျှင် အသိပညာဗဟုသုတရရှိပေမည်။ သုတစာပေသည် ဗဟုသုတတိုးပွားစေသကဲ့သို့ ရသစာပေသည် လူ့သဘာဝ၊ လူ့လောက၏ အဆိုးအကောင်း၊ အကျိုးအပြစ်တို့ကို သိမြင်နိုင်မည်ဖြစ်သည်။ စာဖတ်သူသည် ဗဟုသုတ ကြွယ်ဝရုံသာမက နှလုံးသားလည်း နူးညံ့သိမ်မွေ့သည်။ ထို့ကြောင့် ယဉ်ကျေးမှုဟူသည်လည်း စာပေ၏ဂုဏ်အင်တစ်ပါးပင်ဖြစ်သည်။ စာပေမပျောက်လျှင် ယဉ်ကျေးမှုမပျောက်ပေ။ ယဉ်ကျေးမှုမပျောက်လျှင် လူမျိုးလည်းမပျောက်ပေ။ မြန်မာစာပေကို မြတ်နိုးတွယ်တာလျက် မြင့်မားအောင်ကြိုးစားသောကြောင့်သာ ကမ္ဘာ့အလယ်တွင် မြန်မာဟု တင့်တယ်စွာရပ်တည်နေနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စာဆိုတော်များကို စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု၊ အမျိုးသားစာပေ တစ်သက်တာဆု စသည်တို့ကို နတ်တော်လရောက်တိုင်း နှစ်စဉ် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ချီးမြှင့်ပေးလျက်ရှိသည်။ ဆုချီးမြှင့်ရာတွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ပြဇာတ်၊ ကဗျာဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန်စာပေဆု၊ သုတပဒေသာဆု စသည်ဖြင့် ဆုများစွာဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ စာဆိုတော်ကြီးများ ရေးသားသီကုံးခဲ့ကြသော စာပေများကား တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး၊ လူသားအကျိုးစီးပွား တိုးတက်ကောင်းမွန်အောင် စွမ်းဆောင်ပေးနိုင်သောကြောင့် ချီးမြှင့်ခြင်းပင်ဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးကိုချစ်လျှင် မိမိနိုင်ငံ၏စာပေကို ချစ်ရမည်။ စာပေကိုချစ်၍ စာပေတင့်မှသာလျှင် မိမိတို့လူမျိုးသည်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ပေလိမ့်မည်။ စာပေသည် လူတို့၏စိတ်၌ဖြစ်၍ လူတို့၏စိတ်၌ပင် ကိန်းအောင်းနေတတ်သည်။ လူတို့၏စိတ်ကို ပြုပြင်ပြောင်းလဲနိုင်သော အစွမ်းသတ္တိသည် စာပေ၌ရှိ၏။ စာပေထွန်းကားလျှင် လူမျိုးထွန်းကား၏။ စာပေပျောက်လျှင် လူမျိုးပျောက်ပေလိမ့်မည်။ ထို့ကြောင့် မိမိတို့လူမျိုး၏စာပေကို ဂရုစိုက်၍ စောင့်ရှောက်ကြရမည်။ စာပေချစ်စိတ်ရှိမှသာလျှင် လူမျိုးချစ်စိတ် ပို၍ကိန်းအောင်းလာမည်ဖြစ်ရာ မြန်မာစာပေကို မြတ်နိုးအလေးထားရန် ရေးသားလိုက်ရပေသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၃)
- စွယ်စုံကျမ်းနှစ်ချုပ်၊ ၁၉၈၀
- စွယ်စုံကျမ်းနှစ်ချုပ်၊ ၁၉၈၄

# တိုက်ဆိုင်မှုရှိလျှင် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၄ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၁၂**

တိုက်ဆိုင်မှုရှိလျှင် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၄ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် သီရိရှင်းသန့်က ပြောပြ၍ သိရသည်။

တိုက်ဆိုင်မှုရှိလျှင် ရုပ်ရှင်ဇာတ်ကားသည် စိန်ဌေးရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ရေးမှ ၂၀၁၄ ခုနှစ်က ရိုက်ကူးထုတ်လုပ်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး SKYPREMIER HD ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည် ပြသခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေး ရုပ်ရှင်ဇာတ်ကားအဖြစ် ရုံတင်ပြသစဉ်ကလဲ လူကြိုက်များပါတယ်။ အိမ်ထောင်ရေးပညာပေးလို့ဆိုပေမဲ့ ဆေးပညာရှင်တွေအတွက်လဲ သိချင်စရာလေးတွေရနိုင်သလို အိမ်ထောင်ရှင်တွေလဲ အမှတ်မထင်ဖြစ်တတ်တဲ့ အလှည့်အပြောင်းလေးကနေ အသိလေးတွေ ရနိုင်ပါတယ်။ ဒီဇာတ်လမ်းမှာ ဇနီးမယားနဲ့သားတစ်ယောက်ရဲ့ ဖခင် ဒေါက်တာသက်ပိုင်စိုး၊ သူ့ရဲ့လူနာဖြစ်သူ မင်းသမီးအိန္ဒိယလာတို့ရဲ့ မဖြစ်သင့်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကနေ စတင်ခဲ့တဲ့မီးဟာ ချစ်ခြင်းမေတ္တာနဲ့မိသားစုဘဝတွေအပေါ် ဘယ်လောက်ထိ လောင်မြိုက်သွားမလဲ ဆိုတာကို ဘောလိဝုဒ်မင်းသမီး Laila Khan ရဲ့ သရုပ်ဆောင်ချက်တွေနဲ့အတူ မြင်တွေ့ရပါလိမ့်မယ်"ဟု သရုပ်ဆောင် သီရိရှင်းသန့်က ပြောပြသည်။

တိုက်ဆိုင်မှုရှိလျှင် ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို သိန်းထွန်းအောင်က ရေးသားထားကာ ဇာတ်ညွှန်းကို အောင်ကြီးက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ မိုးဟေကို၊ Laila Khan၊ ရဲအောင်၊ မေသဥ္ဇာဦး၊ မြတ်သူအောင်၊ သီရိရှင်းသန့်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# The Ballad of Songbirds and Snakes ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေကောင်းနေဆဲဖြစ်

**နယူးယောက် ဒီဇင်ဘာ ၁၂**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds and Snakes ဇာတ်ကားသည် လက်ရှိအချိန်ထိ ကမ္ဘာ့ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေကောင်းနေဆဲဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Lionsgate ကုမ္ပဏီသည် The Ballad of Songbirds and Snakes ဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်ရုံတင်ခဲ့ပြီး တစ်လမပြည့်မီ ဒီဇင်ဘာ ၁၀ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၉၆ သန်းထိရှိလာကြောင်း သိရသည်။

The Ballad of Songbirds and Snakes ဇာတ်ကားသည် ဒီဇင်ဘာ ၁၀ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၆၆ သန်း၊ နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၃ သန်းထိ ရှိလာခဲ့သည်။

The Ballad of Songbirds and Snakes ဇာတ်ကားသည် The Hunger Games ဇာတ်ကားများမတိုင်မီကာလကို ဇာတ်အိမ်တည်ထားသည့် ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဖရန့်စစ်လောရင့်က ရိုက်ကူးပေးထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း စွယ်စုံဆင်မိသားစုသုံးကောင်တွဲရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်း စွယ်စုံဆင်မိသားစုသုံးကောင်တွဲရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ စွယ်စုံဆင်မိသားစုသုံးကောင်တွဲရုပ်များမှာ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီး ပန်းပုဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



"အခုဒီဇင်ဘာလထဲမှာ ပဲခူး ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ ဈေးကွက်ထဲကိုဝင်လာတဲ့ ပန်းပုရုပ်ကတော့ ဆင်မိသားစုသုံးကောင်တွဲရုပ်တွေဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်စုံကို ငွေကျပ် ၁၈၀၀၀၀ လောက်ဖြစ်တဲ့အတွက် စိတ်ဝင်စားဝယ်ယူသူတွေရှိပါတယ်။ ဆေးလဲသုတ်ပြီးသားဖြစ်တဲ့အတွက် ရောင်းပန်းလှပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

စွယ်စုံဆင်မိသားစုသုံးကောင်တွဲရုပ်၏အရွယ်အစားမှာ အလျား ၁၈ လက်မ၊ အနံ ခုနစ်လက်မ၊ ဒုလေးလက်မ အရွယ်အစားရှိပြီး ဈေးနှုန်းမှာ ငွေကျပ် ၁၈၀၀၀၀ ခန့်ဖြစ်ကာ ယခုလအတွင်း အရုပ်အစုံ ၃၀ ဝင်ထားပြီး ငါးစုံခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# Maleficent-3 ဇာတ်ကားထုတ်လုပ်မှု ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ စတင်နေ

**နယူးယောက် ဒီဇင်ဘာ ၁၂**

Maleficent-3 ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် အော်စကာဆုရှင် ကမ္ဘာကျော်မင်းသမီး အင်ဂျလီနာဂျိုလီက အဓိက ဇာတ်ကောင် Maleficent အဖြစ် ထပ်မံပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အင်ဂျလီနာဂျိုလီအနေဖြင့် မကြာမီကာလအတွင်း ရုပ်ရှင်လောကမှ အနားယူနိုင်သော်လည်း Maleficent-3 ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

အင်ဂျလီနာဂျိုလီသည် Maleficent (2014) နှင့် Maleficent:Mistress of Evil ဇာတ်ကားများတွင်လည်း Maleficent ဇာတ်ကောင်နေရာတွင် ပါဝင်သည်။

လက်ရှိတွင် Maleficent-3 ဇာတ်ကား၌ ယခင်ဇာတ်ကားနှစ်ကားတွင် ပါဝင်ခဲ့ကြသည့် သရုပ်ဆောင်များ ပြန်လည်ပါဝင်လာနိုင်ခြင်းရှိ၊ မရှိကို မသိရသေးကြောင်း သိရသည်။

မင်းသမီး အင်ဂျလီနာဂျိုလီသည် Maleficent-3 ဇာတ်ကားအပြင် Maria အမည်ရှိ ရုပ်ရှင်ဇာတ်ကား တစ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် Creative Power အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် Creative Power အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။


အဆိုပါ Creative Power အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ မင်းထွန်းဝေ၊ ပန်းချီ ဝင်းဇော်ဇော်၊ ပန်းချီ ဥမ္မာ၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ ပန်းကြည်၊ ပန်းချီ သက်မွန်၊ ပန်းချီ နီပိုဦး၊ ပန်းချီ မောင်မြင့်အောင်၊ ပန်းချီ စောစတီးဖ၊ ပန်းချီ မွန်သက်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၄၅ ကား ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ စုဆောင်းထားသမျှ ပန်းချီကားစုစုပေါင်း ၄၅ ကား ပြသရောင်းချပေးမှာပါ။ ပန်းချီဆရာတွေကတော့ နာမည်ရပန်းချီဆရာတွေဖြစ်တဲ့ ပန်းချီ ပန်းကြည်၊ ပန်းချီ မွန်သက်၊ ပန်းချီ နီပိုဦး၊ ပန်းချီ ဥမ္မာတို့လို ပန်းချီဆရာတွေအပြင် ဒီလထဲမှာ ကွယ်လွန်သွားတဲ့ ပန်းချီ မောင်မြင့်အောင်ရဲ့ လက်ရာတွေလဲပါဝင်မှာပါ"ဟု ရွှေမြန်မာပန်းချီပြခန်း တာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်း ထိရှိကြောင်း သိရသည်။

ASH

# Expanding of platform completed 48 per cent at Myat Mawtinsun Pagoda in Hainggyikyun


Platform expansion at Myat Mawtinsun Pagoda in progress.

**Pathein December 12**

Expansion of platform at Myat Mawtinsun Pagoda in Hainggyikyun of Ayeyawady Region has completed by 48 per cent, and it will finished before the Buddha Pujaniya festival of the pagoda, according to the pagoda board of trustees.

Expansion of the platform is being carried out with the use of man power and heavy machinery for completion before the festival, said U Kyaw Swa Win, a member of the pagoda board of trustees.

"At present, we are carrying out maintenance of the banner post on the platform of the pagoda, the retaining walls between upper and lower terraces, placing of the columns of the lower terrace, construction of the 0 level concrete beams, building the passage to the beach, repairing of the northern stairway, and construction of the bands of lakes with 48 per cent completion. These tasks are slated to be finished before the Buddha Pujaniya festival," said U Kyaw Swa Win.

Moroever, the archway to the pagoda is built as a new one in addition to building four prayer halls, while the hall and Dhammayon are being extended for stay of travellers and pilgrims.

The Buddha Pujaniya festival of the pagoda takes place from 1st Waxing of Tabaung to the full moon of Tabaung on a yearly basis.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MADB disburses more than K1 billion to local farmers for cultivation of cold season crops

**Mandalay December 12**

Mandalay Region's Myanmar Agricultural Development Bank has disbursed more than K1,000 million to local farmers for cultivation of cold season crops, said U Soe Ko Ko Win, Regional Manager of the Bank Branch.

The bank slated to issue more than K4,200 million of loans to local farmers for cultivation of cold season crops. The loan covered farmers from 13 townships for cultivation of paddy and other crops. So far, the bank has disbursed K1,020.2 million to 2,426 farmers for 9,993 acres of farmlands in 10 townships, starting from the second week of October.

"The bank started disbursement of loans in the second week of October this year. The bank takes Form-7 on farmland operation rights of farmers as guarantees. Primarily, the loan was purposed for cultivation of cold season crops. Its interest rate is very low," said U Soe Ko Ko Win.


A sunflower plantation.

In disbursing the loans for cold season crops, K150,000 was issued per an acre of paddy and 100,000 per groundnut, green gram, sesame, cotton, chickpea, black bean, soya bean, rice bean and maize and oher crops.

This year, the bank issues loans to farmers from Chanayethazan, Amarapura, Kyaukse, Patheingyi, PyinOoLwin, Singaing, Thabeikkyin, Singu, NyaungU and Kyaukpadaung townships.

185

# Locals from Myaung plant 7,244 acres of wheat crops in this year

**Myaung December 12**

A total of 7,244 acres of wheat crops have been planted in Myaung Township, Sagaing District, Sagaing Region during this year's winter crop planting season, according to the Department of Agriculture for Sagaing District.

In the winter crop planting season of 2023-2024, 7,243 acres of wheat were planned to be planted in Myaung Township. Currently, 7,244 acres were planted since October. In the last 2022-2023 winter crop season, wheat cultivation in Myaung Township started from October to December in 2022, and 7,243 acres were planted.

Wheat were planted in October, November and December and reaped in February, March and April. The cost of growing wheat crops per acre is around 300,000 kyats, and it is reported that one acre of wheat yields 21 baskets.

It is said that educational activities are being carried out in order to learn how to use the wheat crop effectively and to cultivate it at a low cost.

206


Farm work being carried out in a wheat field.

# Irrawaddy dolphins move to Myaysun Village of Madaya Township

**Mandalay December 12**

A total of 19 Irrawaddy dolphins moved their habitat to Myaysun Village of Madaya Township in Ayeyawady River, said U Maung Maung Lay, leader of dolphin protection team of the Mandalay Region Fisheries Department.

At present, flocks of those dolphins move their habitats due to lower level of water in the river. In the past, the dolphins took habitat near Indaung Village of Madaya Township. Starting from 9 December, they inhabit near Myaysu Village.

"As water level is down in Ayeyawady River, local fishermen see 19 dolphins near Myaysun Village from the area between Mandalay and Kyaukmyaung on 9 December," he explained.

Travellers wishing to watch Irrawaddy dolphins visit Myaysun Village of Madaya Township.

184

# Pyapon sends up to 98,000 visses of dried sea fish to the Yangon market in November


Sea fish being dried in the sun.

**Pyapon December 12**

Up to 98,000 visses of dried sea fish were sent from Pyapon Township, Ayeyawady Region, to the Yangon market in November, said Daw Kyu Kyu Win, the owner of a variety of dried fish trading fair in Pyapon Township.

In October, only 53,000 visses of dried sea fish from Pyapon Township were sold to the Yangon market. From November 1 to 30, up to 98,000 visses of dried sea fish from Pyapon Township were sold to the Yangon market. It is reported that the dried fish sent to the Yangon market are of good quality.

"Sea fish from the area are systematically produced and sold mainly to the Yangon market. Dried sea fish are being bought by local consumers. In the past month, 98,000 visses of dried sea fish have been sold. The volume of sales has increased due to the demand from the Yangon market. The dried sea fish currently being traded are the old leftovers," she said.

KKL

# 2 new nuclear submarines to join Pacific Fleet: Putin

**Moscow December 12**

Russian President Vladimir Putin announced Monday that two new nuclear submarines -- Emperor Alexander III and Krasnoyarsk -- will join the country's Pacific Fleet soon.

"Very soon, the underwater missile carriers Emperor Alexander III and Krasnoyarsk will start their duty on the Pacific Fleet," Putin said at the flag-raising ceremony for the two submarines.

The Krasnoyarsk is a multipurpose nuclear submarine that was launched on July 30, 2021. With improved radio-electronic weapons systems, equipment and materials, it belongs to the fourth generation of nuclear-powered ships.

Emperor Alexander III is a nuclear-powered submarine of strategic purpose and the fourth submarine of the Borey-A project. Launched on Dec. 29, 2022, the nuclear-powered submarine is equipped with modern complexes of missile and torpedo weapons, navigation, radio-technical and hydroacoustic weapons.

Russia plans to build at least ten Borey-A submarines. As of December 2023, seven submarines have been delivered to fleets.

Xinhua

# Htigyaing completes harvesting of 22,410 acres of rain-fed rice in this rain-fed crop planting season

**Htigyaing December 12**

A total of 22,410 acres of rain-fed rice planted during this year's rain crop planting season in Htigyaing Township, Katha District, Sagaing Region, have been harvested, according to the Department of Agriculture.

In the 2023-2024 rainy season, the rain-fed rice planted in Htigyaing Township has been harvested since October of this year. To date, 22,410 acres have been harvested, with a yield of 90.44 baskets per acre.

"We were able to plant more than 40,000 acres of rain-fed rice crops. The rain-fed rice fields are being harvested currently. To date, more than 22,000 acres have been harvested. The yield is good and we are still harvesting," said U Ko Ko Aung, the head of the Department of Agriculture for Htigyaing Township.


Farm work being carried out with the help of machinery.

In the rainy season of 2023-2024, 40,271 acres of paddy were planned to be planted in Htigyaing Township, and 40,096 acres were planted from May to September this year.

206

# UN chief urges developed countries to fully honor climate commitments

**Dubai December 12**

UN Secretary-General Antonio Guterres on Monday urged developed countries to fully meet their commitments on addressing climate change.

"We need all commitments made by developed countries on finance and adaptation to be met -- fully and transparently," he said at the ongoing COP28 climate conference.

"Many developing countries are drowning in debt, have no fiscal space, and are churning in climate chaos," he noted.

Delegates from around the world are gathering here for COP28, or the 28th meeting of the Conference of the Parties to the United Nations Framework Convention on Climate Change.

"We are in a race against time," said Guterres, calling for actions to cope with climate change.

The UN chief also called for multilateral cooperation to address this common challenge confronting mankind.

"In our fractured and divided world, COP28 can show that multilateralism remains our best hope to tackle global challenges," he said.

On climate actions, Guterres noted that common but differentiated responsibilities need to be taken into account, and capabilities and national circumstances of different countries considered.

On the transition toward a greener future, the UN chief stressed that "governments must also ensure support, training and social protection for those who may be negatively impacted."

Xinhua




# 17 cotton ginning factories to be leased to private businesspersons

**Nay Pyi Taw December 12**

The Ministry of Agriculture, Livestock and Irrigation on 8 December stated that a total of 17 State-owned cotton ginning factories will be leased to private businesspersons in the long term contracts.

At present, the State-owned factories and workshops are being leased or sold to private businesspersons.

In this regard, 17 State-owned cotton ginning factories under the cotton and fibre crop branch of the Agriculture Department will be leased to businesspersons under the long term contracts.

In the process, eight cotton ginning factories in Mandalay Region, seven in Magway Region and two in Sagaing Region will be rented to the businesspersons.

Eight factories are located in Ngazun, Kyaukse, Thaphan, Thazi, Myotha, Shwedah, Mahlaing and Yintaw in Mandalay Region, and Sagu, Pakokku, Seikphyu, Ywamon, Auglan, Ywahtaug and Sinbyukyun in Magway Region. Two more factories in Ayadaw and Yinmabin factories are located in Sagaing Region.

Tender proposal and discipline forms will be sold at the logistics branch of the department in Nay Pyi Taw from 12 to 16 December.

Tender will be closed at 1 pm on 27 December. For further information, dial 067-410210 and 067-410518.

336

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တူကီယဲစစ်ဘက်က ARMA ရှစ်ဘီးတပ်နည်းပျူဟာမြောက်သံချပ်ကာယာဉ်များ စတင်အသုံးပြု



တူကီယဲစစ်ဘက်သည် Otokar ကုမ္ပဏီကထုတ်လုပ်သော ARMA ရှစ်ဘီး တပ်နည်းဗျူဟာမြောက် သံချပ်ကာယာဉ်များကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း www.armyrecognition.com သတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြထားသည်။

Otokar ကုမ္ပဏီထုတ် ARMA ရှစ်ဘီးတပ် သံချပ်ကာယာဉ်အုပ်စုဝင် ARMA ရှစ်ဘီးတပ်သံချပ်ကာယာဉ်အမျိုးအစားကို နိုင်ငံငါးနိုင်ငံမှ တပ်ဖွဲ့ကိုးဖွဲ့တွင် လက်ရှိအသုံးပြုလျက်ရှိသည်။ ဤ ARMA ရှစ်ဘီးတပ် သံချပ်ကာယာဉ်သည် တူကီယဲနိုင်ငံရှိ ကာကွယ်ရေးကုမ္ပဏီ Aselsan က ဦးဆောင်၍ လုပ်ဆောင်နေသော YENER ခေတ်မီမိုင်းရှာဖွေရေးစနစ်စီမံကိန်း၏ အဓိကအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

အဆိုပါသံချပ်ကာယာဉ်ကို ကြည်းတပ်ကွပ်ကဲမှုဌာနချုပ်သို့ လွှဲပြောင်းပေးပို့ထားပြီး မိုင်းရှာဖွေခြင်း၊ ပစ်မှတ်စိစစ်ဖော်ထုတ်ခြင်းနှင့် အမှတ်အသားပြုခြင်းတို့တွင် တပ်ဖြန့်အသုံးပြုလျက်ရှိကာ တပ်ဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးနိုင်သည်။ တစ်နည်းအားဖြင့် ARMA ရှစ်ဘီးတပ်သံချပ်ကာယာဉ်သည် တူကီယဲနိုင်ငံထုတ် ခြေလျင်တိုက်ခိုက်ရေးယာဉ်အမျိုးအစားဖြစ်ပြီး အဆင့်မြင့်သော ပဲ့ထိန်းခဲယမ်းများနှင့် မိုင်းအကာအကွယ်တို့ဖြင့် တိုက်စွမ်းအားကို ပေါင်းစပ်ထားသည်။ ယာဉ်ဖွဲ့စည်းပုံတွင် ၁၂ ဒသမ ၇ မီလီမီတာစက်သေနတ်တစ်လက်၊ ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်တစ်လက်၊ ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာများအပြင် တင့်ဖျက်ဒုံးပစ်လောင်ချာကို ၂၀/၃၀ မီလီမီတာ မှ ၉၀/၁၀၅/၁၂၀ မီလီမီတာထိ ပြောင်းအချင်းကြီးမားသော အမြောက်လက်နက်စနစ်များ ပြောင်းလဲတပ်ဆင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

လှုပ်ရှားစစ်ကစားနိုင်မှုတွင် ARMA သံချပ်ကာယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ၁၀၅ ကီလိုမီတာ၊ ရေထဲတွင် တစ်နာရီလျှင် အလျင်နှုန်း ရှစ်ကီလိုမီတာထိ မောင်းနှင်နိုင်သည်။ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်သော ခရီးအကွာအဝေးမှာ ကီလိုမီတာ ၇၀၀၊ သံချပ်ကာယာဉ်၏ အလေးချိန်မှာ ကီလိုဂရမ် ၂၄၀၀၀ ခန့်ရှိပြီး အကာအကွယ်နှင့် လှုပ်ရှားစစ်ကစားနိုင်စွမ်းတို့မှာ ဟန်ချက်ညီစွာ လုပ်ဆောင်နိုင်စွမ်းရှိသည်။

ARMA ရှစ်ဘီးတပ်သံချပ်ကာတိုက်ယာဉ်တွင် ချဉ်းကပ်လမ်းတံခါး၊ နောက်ကြည့်ကင်မရာ၊ ရှေ့ဘက်ရှိ အပူငွေ့ရှာကင်မရာ၊ လေအေးပေးစက်၊ အပူပေးစနစ်၊ မီးအလင်းပြစနစ်နှင့် ရေဒီယိုဆက်သွယ်ရေးစက်များ ပါဝင်သည်။ ထို့ပြင် ပြန်လည်ဆယ်တင်ရေးပစ္စည်းကိရိယာများ၊ NBC (နျူ၊ ဇီဝ၊ ဓာတု) စစ်ဆင်ရေးဆိုင်ရာ ကာကွယ်ရေးပစ္စည်းကိရိယာများ၊ အကြောင်းအမျိုးမျိုးကြောင့် ယာဉ်ဘီးပေါက်သွားပါက အကွာအဝေး ကီလိုမီတာ ၁၀၀ ထိ ဆက်လက်မောင်းနှင်နိုင်စေမည့် တာယာအထောက်အကူပြု စက်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးစက်၊ လမ်းကြောင်းပြစနစ်များနှင့် အရန်ဓာတ်အားပေးယူနစ်တို့ ပါရှိသည်။

ARMA ခြေလျင်တိုက်ခိုက်ရေး သံချပ်ကာယာဉ်တွင် တပ်ဖွဲ့ဝင် နှစ်ဦးနှင့်အတူ အပိုဆောင်းတပ်ဖွဲ့ဝင် ၁၀ ဦးကိုပါ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ထိုးစစ်နှင့် ခံစစ်စွမ်းရည်များ ပေါင်းစပ်ဖွဲ့စည်းထားမှုတို့နှင့်အတူ လိုက်လျောညီထွေရှိမှု၊ သက်သောင့်သက်သာရှိမှုတို့ကြောင့် ARMA သံချပ်ကာယာဉ်သည် စစ်ရေးမစ်ရှင်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုတို့တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့သောအကြောင်းများကြောင့် ARMA အုပ်စုဝင် ရှစ်ဘီးတပ်သံချပ်ကာယာဉ်တားရှင်းကို ASELSAN ဦးဆောင်သော YENER ခေတ်မီ မိုင်းရှာဖွေရေးစနစ်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တူကီယဲနိုင်ငံတွင် ပထမဆုံးအကြိမ်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

**ARMA 8x8 tactical armored vehicle enters service in Turkish army ကို ဘာသာပြန်ဆိုထားပါသည်။**

## EDGE ကုမ္ပဏီက Expodefensa 2023 ကာကွယ်ရေးပစ္စည်းပြပွဲတွင် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများပြသ

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ကျင်းပသည့် Expodefensa 2023 ကာကွယ်ရေးပစ္စည်းပြပွဲတွင် အာရပ်စော်ဘွားများပြည်ထောင်စု ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအုပ်စု (EDGE) ကုမ္ပဏီသည် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများဖြစ်သည့် Autonomous Systems ၊ Smart တိကျပဲ့ထိန်းလက်နက်များနှင့် အီလက်ထရွန်နစ်စစ်ပွဲများတွင် သုံးသော ကာကွယ်ရေးထုတ်ကုန်များကို ထုတ်ဖော်ပြသခဲ့ကြောင်း ဒီဇင်ဘာ ၇ ရက်တွင် www.armyrecognition.com သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဤပြပွဲတွင် EDGEအုပ်စုသည် ၎င်း၏ နောက်ဆုံးပေါ်ကာကွယ်ရေးနည်းပညာများကို အသုံးချကာ ၎င်း၏ပို့ကုန်အလားအလာကိုချဲ့ထွင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ကိုလံဘီယာ၏ အဓိကကာကွယ်ရေးပစ္စည်းပြပွဲ အခမ်းအနားတွင် EDGE ၏ ပါဝင်မှုသည် လက်တင်အမေရိကတစ်ဝန်းဆက်ဆံရေးကို မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်ချဲ့ထွင်မှုဖြင့် နက်ရှိုင်းလာစေသည်။ EDGE အဖွဲ့၏မျှော်မှန်းချက်မှာ ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များအားကောင်းလာစေရန်နှင့် တိုက်ကြီးတစ်ဝန်းရှိ နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်များကို ပံ့ပိုးကူညီရန်ရည်ရွယ်၍ မိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန်နှင့် မိတ်ဖက်များ တည်ဆောက်ရန်ဖြစ်ကြောင်း သိရသည်။

လက်တင်အမေရိကကို အဓိကဈေးကွက်တစ်ခုအဖြစ် အသိအမှတ်ပြု၍ အသိပညာမျှဝေခြင်းနှင့် စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးသည့် ကုန်သွယ်မှုအကျိုးခံစားခွင့်များကိုရရှိနိုင်ကြောင်း EDGE က ကတိပြုသည်။ အထူးသဖြင့် EDGE သည် ဘရာဇီးနှင့် ကိုလံဘီယာတွင် နောက်ထပ်ဝယ်ယူမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စီစဉ်နေသည်။

EDGE ကုမ္ပဏီ၏ နည်းပညာပိုင်းဆိုင်ရာ လျင်မြန်စွာတိုးတက်မှုသည် ယခုနှစ် ကမ္ဘာလုံးဆိုင်ရာ အမှာစာများတွင် အထင်ကြီးလောက်စရာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထက်ရှိကြောင်း၊ လေးနှစ်အတွင်းတွင် EDGE ကုမ္ပဏီသည် ထုတ်ကုန်အစုစုကို ငါးဆတိုးချဲ့ခဲ့ပြီး ပို့ကုန် ၃၀၀ ရာခိုင်နှုန်းကျော်ကိုမြှင့်တင်ခဲ့ကာ နိုင်ငံ ၈၈ နိုင်ငံရှိ ကျွမ်းကျင်လုပ်သားအင်အားကို စုစည်းခဲ့ကြောင်း သိရသည်။

Expodefensa 2023 ပြပွဲတွင် EDGE သည် ၎င်း၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်များ အထူးသဖြင့် QX အမျိုးအစား GARMOOSHA Rotary-Wing ဒရုန်းနှင့် SHADOW Standoff ဒရုန်းတို့ကို အဓိကပြသခဲ့သည်။




Smart တိကျပဲ့ထိန်းလက်နက်များအနေဖြင့် EDGE သည် AL TARIQ တာဝေးပစ် AL TARIQ MGP တိကျပဲ့ထိန်းဗုံးကျည်များ၊ RASH တိကျစွာလမ်းညွှန်ထားသည့် ဗုံးကျည်စနစ်များ၊ DESERT STING ဝေဟင်မှ မြေပြင်ပစ်ဗုံးကျည်များ၊ MANSUPER တင့်ဖျက်ဗုံးကျည်နှင့် SKYKNIGHT လေကြောင်းရန်ကာကွယ်ရေး ဗုံးကျည်တို့ကို ပြသထားသည်။

Expodefensa 2023 ပြပွဲအခမ်းအနားတွင် EDGE ၏ အီလက်ထရွန်နစ်စစ်ပွဲဖြေရှင်းနည်းများ၊ ACTIVECELL ရှာဖွေရေးနှင့် ကယ်ဆယ်ရေးစနစ်၊ SKYSHIELD တန်ပြန်ဒရုန်းစနစ်နှင့် V-PROTECT ယာဉ်တန်းကာကွယ်ရေးစနစ်တို့အပါအဝင် အခြားလက်နက်များကိုပါ ပြသထားသည်။

EDGE ၏လက်အောက်ခံ Caracan ကုမ္ပဏီခွဲကလည်း စနိုက်ပါရိုင်ဖယ်မှစ၍ ၉ မမ ပစ္စတိုထိ လက်နက်ငယ်အများအပြားကိုလည်း ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**EDGE from UAE Showcases Advanced Defense Capabilities at ExpoDefensa 2023 in Colombia ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဟိုင်းကြီးကျွန်းမြို့နယ်ရှိ မဟာမကုဋ္ဌရံသီဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီး၏ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ၄၈ ရာခိုင်နှုန်းပြီးစီး



**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်ရှိ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီး၏ ရင်ပြင်တော်တိုးချဲ့ တည်ဆောက်ခြင်း လုပ်ငန်းများ ၄၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြတ်မော်တင်စွန်းစေတီတော်ကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့နယ်(ခွဲ) အတွင်းရှိ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်ကြီး၏ ရင်ပြင်တော်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ လာမည့် ဘုရားပွဲတော်ရာသီအမီ ပြီးစီးစေရေး လူအင်အား၊ စက်ယန္တရားများဖြင့် အင်အားအပြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြတ်မော်တင်စွန်းစေတီတော်ကြီး ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြသည်။

"လက်ရှိ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကတော့ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်ကြီး ရင်ပြင်တော်ပေါ်ရှိ တံခွန်တိုင်ပြုပြင်ထိန်းသိမ်းတာ၊ အထက်ရင်ပြင်တော်နဲ့ အောက်ရင်ပြင်ကြားရှိ မြေထိန်းနံရံ တည်ဆောက်တာ၊ အောက်ရင်ပြင် (-12 to 0) level ကော်လံတွေ ကွန်ကရစ်လောင်းတာ၊ 0 level ကွန်ကရစ်ကျောက်ပုံးကျောက်ခွက်တွေ ဆောင်ရွက်တဲ့လုပ်ငန်း၊ စေတီတော်ရင်ပြင်အောက်ဘက်ရှိ ကမ်းခြေဆင်းလမ်းဆောင်ရွက်မဲ့လုပ်ငန်း၊ မြောက်ဘက်မုခ်ဦး လှေကားပြင်ဆင်တဲ့လုပ်ငန်း၊ ရေကန်နံရံတွေ တည်ဆောက်မဲ့လုပ်ငန်းတွေ ၄၈ ရာခိုင်နှုန်းပြီးစီးပါပြီ။ လာမဲ့ ဘုရားပွဲတော်ရာသီအမီ အပြီးသတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးကျော်စွာဝင်းက ပြောပြသည်။

ထို့ပြင် စေတီတော်အဝင်မုခ်ဦးကို အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊ အာရုံခံနန်းဆောင်းတန်းလေးသွယ်ကို အသစ်တည်ဆောက်ခြင်းလုပ်ငန်း၊ ဘုရားဖူးလာပြည်သူများ တည်းခိုနားနေနိုင်ရန် ကျောင်းဆောင်နှင့် ဓမ္မာရုံကိုလည်း တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ ကျင်းပလေ့ရှိကြောင်း သိရသည်။

ASH

# သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေညောင်ပင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**

# ကော့မှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇလုပ်ကြီး၊ လာဝတီကျေးရွာတို့တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွံတေးခရိုင် ကော့မှူးမြို့နယ် လာဝတီကျေးရွာ၌ လမ်းအရှည် ပေ ၅၁၀၊ အကျယ် ခုနစ်ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၉ သိန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၉ သိန်း၊ ဇလုပ်ကြီးကျေးရွာ၌ လမ်းအရှည်ပေ ၄၅၀၊ အကျယ်ကိုးပေ၊ အမြင့်ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁ သိန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၁ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်း စီပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မော်ရမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၁၂-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၂၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံနှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၁၂**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် ကျင်းပသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ဖွင့်လှစ်သောသင်တန်းတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ အပိုင်း သုံးခုဖြစ်သည့် ဘေးမဖြစ်မီဆောင်ရွက်ရမည့် အစီအမံများ၊ ဘေးဖြစ်နေစဉ်တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ ဘေးဖြစ်ပြီးနောက် လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး အစီအစဉ်များစသည့် ကာလအပိုင်းအလိုက်ဆောင်ရွက်ရန်များအပြင် အခြားဗဟုသုတဖြစ်စေနိုင်မည့် ဘေးအန္တရာယ်နှင့် ဆက်စပ်သည့် အကြောင်းအရာများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း မိမိတို့၏အတွေ့အကြုံများနှင့် ပေါင်းစပ်၍ အချင်းချင်းဆွေးနွေးခြင်း၊ ပူးပေါင်းလုပ်ဆောင်ကြခြင်းတို့ဖြင့် သင်တန်းကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးပြုပြီး အတွေ့အကြုံဗဟုသုတများ ရယူကြရန်နှင့် ရရှိသည့် အသိပညာဗဟုသုတများကို ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၌ မိမိတို့၏ပင်မတာဝန်များနှင့် ချိတ်ဆက်အသုံးပြုဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာဝန်ကြီးဌာနတို့မှ အရာထမ်း၊အမှုထမ်း ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၂ ရက်ထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံရှေးဟောင်းဘုရားများ ပြင်ဆင်ထိန်းသိမ်းနေမှုကို ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းဘုရားများကို ကြည့်ရှုစစ်ဆေးရာ အဆောက်အအုံဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်နှင့် အဆောက်အအုံအထူးအဖွဲ့(၇) တာဝန်ခံအင်ဂျင်နီယာများက မိုးကြိုးလွဲတပ်ဆင်ရန်စီမံဆောင်ရွက်မှုနှင့် ဘုရားများမွမ်းမံထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းဘုရားများဖြစ်၍ မူလလက်ရာမပျက်မွမ်းမံထိန်းသိမ်းရန်နှင့် ဘုရားများရေရှည်တည်တံ့ခိုင်မြဲရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲခန်းနှင့် နိုင်လွန်ကတ္တရာထုတ်လုပ်သည့် လုပ်ငန်းခွင် (AC Plant)သို့ရောက်ရှိပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးရရှိရေးမှာကြားပြီး နိုင်လွန်ကတ္တရာထုတ်လုပ်သည့်လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗျတ္တပန်းဆက်လမ်းပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၄၀၂/၀ မှ ၄၀၂/၁ အတွင်း (ကျောက်ပန်းတောင်းမြို့နှင့် ပုပ္ပားမြို့အကြား)ရှိ ပန်းထုပ်ချောင်းရေကျော်ပြုပြင်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ ရန်ကုန်-ပြည်-မန္တလေးလမ်း ပုပ္ပားနှင့်ကျောက်ပန်းတောင်းလမ်းပိုင်းရှိ မိုင်တိုင် ၃၉၈/၆ နှင့် ၃၉၉/၆ တွင် လမ်းအနိမ့်အမြင့်ညှိ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ မိတ္ထီလာ - ကျောက်ပန်းတောင်း - ညောင်ဦးလမ်း မိုင်တိုင်အမှတ် ၂၅/၃ နှင့် ၂၅/၄ အကြား လမ်းမျက်နှာပြင်ပျက်စီးနေမှုကို ပြင်ဆင်ခြင်းနှင့် မိုင်တိုင်အမှတ် ၂၀/၅ နှင့် ၂၀/၆ အကြား လမ်းမျက်နှာပြင်ပေါက်နေမှု ပြင်ဆင်ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရပ်ကွက်၊ကျေးရွာ ခုနစ်ခုမှ ပြည်သူ ၄၅၇ ဦး၊ တာမွေမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ဦးရေ ၅၁၀၊ ခရမ်းမြို့နယ် ရပ်ကွက်၊ကျေးရွာ ၃၁ ခုမှ ပြည်သူ ၄၁၅ ဦး၊ ဒဂုံမြို့နယ် ရပ်ကွက် ငါးခုမှ ပြည်သူ ၄၂၆ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။



သို့ပါ၍ ဒီဇင်ဘာ ၄ ရက်မှ ၁၂ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၁၃ ခုတို့မှ စုစုပေါင်းမဲဆန္ဒရှင်ပြည်သူ ၁၁၃၀၄ ဦးတက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မင်္ဂလာဒုံမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ တွံတေးမြို့နယ်၊ လသာမြို့နယ်တို့တွင် တစ်ပြိုင်တည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၃-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်

၂။ ၁၂း၁၅ Special Music Time

၃။ ၁၃း၀၀ ပြည်သူကြားက ပြည်သူ့စကား

၄။ ၁၆း၂၀ K Pop

၅။ ၂၁း၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်းနှင့်အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

အားကစားကွင်းနှင့် အားကစားရုံများ ရေရှည်တည်တံ့ရေး၊ ပြည်သူများလာရောက်လေ့ကျင့်ကစားနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အားကစားကွင်းနှင့် အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသပ်ရပ်မှုရှိရေး၊ စိမ်းလန်းစိုပြည်ရေး၊ လူငယ်များစိတ်ချမ်းမြေ့စွာ ကစားနိုင်ရေး မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ ခရိုင်အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး စိတ်ချမ်းမြေ့စွာကစားနိုင်ရေး ပုံမှန်သန့်ရှင်းမှုဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်ခရိုင်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်ချက်၊ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘတ်စကက်ဘောကွင်းကို ကြည့်ရှုစစ်ဆေးကာ အမိုးပါတစ်ထပ်ပွဲကြည့်စင် တည်ဆောက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၅)ကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောအားကစားသမားဟောင်း အသက် ၈၅ နှစ်ရှိ ဒေါ်ရှုဟိန်၏နေအိမ်သို့သွားရောက်၍ တွေ့ဆုံအားပေးစကားပြောကြားကာ ငွေကျပ်တစ်သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်မြို့နယ် အားကစားကွင်းနှင့် ကျိုက်လတ်မြို့နယ် အားကစားကွင်း၊ အားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များမှာကြားပြီး ၎င်းတို့၏အခက်အခဲများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၊ ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၊ ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းမန်နေဂျာနှင့် မြို့နယ်မန်နေဂျာတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ၊ ချေးငွေထုတ်ချေးမှု၊ ချေးငွေကြွေးကျန်ကျဆင်းရေးနှင့် အလွဲသုံးစားမှုလျှော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အဓိကတာဝန်နှစ်ရပ်မှာ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်နှင့် လယ်ယာဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးရန်နှင့် ပြန်လည်ကောက်ခံရန်ဖြစ်ကြောင်း၊ ယင်းတာဝန်များကို ရေရှည်ဆောင်ရွက်နိုင်စေရန် ကြွေးဟောင်းပြေကျေမှ ကြွေးသစ်ပေးသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ကြွေးကျန် လျှော့နည်းကျဆင်းရေးစီမံချက်နှင့် အလွဲသုံးစားမှု လျှော့နည်းပပျောက်ရေးစီမံချက်တို့ကို အောက်ခြေဝန်ထမ်းများ သိရှိနားလည် လိုက်နာရေးဆောင်ရွက်ရန် မှာကြား၍ ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းပြည်ပဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲရသဖြင့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ On-site နှင့် Off-site ပုံမှန်စစ်ဆေးကြပ်မတ်ရေး၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်စေရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ (Belt and Road) အခမ်းအနားကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းကကြီးမှူးကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ (Belt and Road) အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော်၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ခြင်းနှင့် ဆွမ်းကပ်ခြင်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Wyndham Hotel (Yangon)၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့်သက်ဆိုင်သည့် နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ယခုနှစ်မှစတင်၍ ကျင်းပခြင်းဖြစ်သည်။


"ကျွန်မတို့ မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုအသင်းက အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ (Belt and Road) အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၁၆ ရက်မှာ ၁၀ နှစ်ပြည့် ဆုတောင်းပွဲကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အဖြစ် ဆီမီးထွန်း၊ ဆွမ်းကပ်တရားနာ ဆုတောင်းပွဲပြုလုပ်မှာဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းမှာ ရွှေတိဂုံစေတီတော်မှာ ဆီမီးတစ်သောင်းထွန်းညှိပူဇော်မှာဖြစ်တဲ့အတွက် မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါတယ်။ ကျွန်မတို့အသင်းက မြန်မာ့ယဉ်ကျေးမှုအနုပညာကို နိုင်ငံတကာကသိအောင် ညီအစ်ကိုမောင်နှမအားလုံးပူးပေါင်းပြီး အတူတူလုပ်ဆောင်သွားမှာပါဟု" မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူက ပြောပြသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်အေးသဥ္ဇာသူ၊ မြန်မာနိုင်ငံဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်း၊ အကယ်ဒမီဒါရိုက်တာ ပန်းချီဦးစိုးမိုး၊ အပြည်ပြည်ဆိုင်ရာ Belt and Road ဥက္ကဋ္ဌ Mr. Chen Entianနှင့် မြန်မာအနုပညာနှင့်ယဉ်ကျေးမှုအသင်းအထွေထွေအတွင်းရေးမှူး ဦးသန်းထွန်းစိုးတို့က ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အမှတ်တရစကားများ ပြောကြားကြသည်။



အဆိုပါ မြန်မာ့အနုပညာနှင့်ယဉ်ကျေးမှုအသင်းကို ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းရင်းသားပေါင်းစုံက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ မပျောက်ပျက်စေရန်၊ မြန်မာ့အနုပညာယဉ်ကျေးမှုတိုးတက်မြှင့်တင်ရန်၊ နိုင်ငံတကာမှ မြန်မာ့အနုပညာယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ မြန်မာ့အနုပညာယဉ်ကျေးမှုကို နိုင်ငံတကာကသိစေရန် တည်ထောင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများပေးပို့လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များအတွက် စေတနာရှင်အလှူရှင်

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။**

ပြည်သူအများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ လက်ခံရယူခဲ့ပြီး တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် အောင်စစ်သည်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ဗိုလ်လုပွဲပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ BoxingIndoor Stadium လက်ေ့အားကစားရုံနှင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် သတ်မှတ်ထားသည့်ကွင်းရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ အုပ်ချုပ်သူ၊ နည်းပြ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ေ့ရုံတွင် ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲအပြီးတွင် အမျိုးသမီးအသင်းအလိုက် ပထမဆုကို မွန်၊ ဒုတိယဆုကို ပဲခူး၊ တတိယဆုကို မန္တလေးတို့က ရရှိကြပြီး အမျိုးသားအသင်းလိုက် ပထမဆုကို စစ်ကိုင်း၊ ဒုတိယဆုကို ရန်ကုန်၊ တတိယဆုကို မကွေးတို့က ရရှိကြသည်။ ဆုများကို ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျောင်းသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုချီးမြှင့်ပေးအပ်သည်။

ထို့ပြင် ယနေ့နံနက်မှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံတွင် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကို ကျင်းပရာ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မန္တလေးက ကရင်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီက မကွေးကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကချင်က မကွေးကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးက ရှမ်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တတိယနေရာနှင့်ဗိုလ်လုပွဲ ပွဲစဉ်များကို ဒီဇင်ဘာ၁၄ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံတွင် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ပြီး






ဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့တွင် ယနေ့နံနက် ၇ နာရီမှစတင်၍ အမျိုးသား၊အမျိုးသမီး ဘောလုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း





**လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ အောင်ပွဲအလီလီဆွတ်ခူးနိုင်ပါစေ၊ ဘေးအန္တရာယ်ကင်းဝေးကြပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ်အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"** ခေါင်းစဉ်ဖြင့် ၁၃-၁၂-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တူယှဉ်ဆင်နွှဲ ရေခွမတ်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တရုတ်နိုင်ငံအကူအညီဖြင့် MNDAA၊ TNLA၊ AA အဖွဲ့များနှင့် နိုင်ငံရေးအရဖြေရှင်းဆောင်ရွက်နိုင်ရန်တွေ့ဆုံဆွေးနွေးမှုများကို အနောက်နိုင်ငံထောက်ပံ့ပေးထားသည့် မီဒီယာများမှ အပျက်သဘောဆောင်သည့်ထုတ်လွှင့်နေမှုများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို NUG၊ PDF များမှ ၎င်းတို့ထံရောက်ရှိလာစေရေးခြိမ်းခြောက်စည်းရုံးနေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်တို့တွင်ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံခဲ့ရာတွင် ဒေသခံပြည်သူများ၏ သားသမီးများကို ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် အဓိကထားဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မနေ့ကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ MNDAA၊ TNLA၊ AA အဖွဲ့တွေအနေနဲ့ နိုင်ငံရေးအရဖြေရှင်းဆောင်ရွက်နိုင်ဖို့ တွေ့ဆုံဆွေးနွေးမှုများလုပ်ခဲ့တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောခဲ့ပါတယ်။ ဒီနေ့မှာတော့ ဒီသတင်းနဲ့ပတ်သက်ပြီး အနောက်နိုင်ငံအားပေးမီဒီယာများ အနောက်နိုင်ငံတွေကထောက်ပံ့ပေးထားတဲ့ မီဒီယာများကနေပြီးဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ ဆန့်ကျင်တဲ့သဘောပေါ့။ မဖြစ်စေချင်တဲ့သဘော။ ပြီးရင်ဒါနဲ့ပတ်သက်ပြီးမဟုတ်ဘူးဆိုတဲ့ သဘောတွေထုတ်လွှင့်နေတာရှိပါတယ်။ ဒီတော့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအနေနဲ့လည်း ပြောပြီးဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်ထပ်ပြီးတော့ အသေးစိတ်ပြောစရာမရှိပါဘူး။ ဒီနေရာမှာ ပြောချင်တာကတော့ အနောက်နိုင်ငံအားပေးမီဒီယာများ NUG အကြမ်းဖက်အဖွဲ့ရဲ့ ဒေါက်တိုင်မီဒီယာများအနေနဲ့ ကျွန်တော်တို့တရုတ်-မြန်မာနှစ်နိုင်ငံရဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားနေတာတော့အမှန်ပဲဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးပြေလည်သွားမှာကို၊ နယ်စပ်ဒေသတွေတည်ငြိမ်အေးချမ်းသွားမှာကို မလိုလားဖြစ်နေတာတော့ အထင်းသားတွေ့နိုင်တယ်လို့ပြောချင်ပါတယ်။ အနောက်နိုင်ငံအားပေးမီဒီယာများ၊ အနောက်နိုင်ငံရဲ့ ဒေါက်တိုင်မီဒီယာများကတော့ ဒီကိစ္စမှမဟုတ်ပါဘူး။ သူတို့အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့ဘယ်နေရာကိုမှ ငြိမ်းချမ်းစေချင်တာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မငြိမ်းချမ်းလေသူတို့အတွက်ဝင်ငွေရရှိလေပဲဖြစ်ပါတယ်။ သူတို့ရပ်တည်နေတာသည် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေး မြန်မာနိုင်ငံမှာသူတို့ကို ထောက်ပံ့ပေးနိုင်မယ့်မြန်မာနိုင်ငံမှာ သူတို့လိုလားတဲ့ သူတို့ရဲ့ လက်ကိုင်တုတ်အစိုးရရရှိရေးအတွက် ရည်မှန်းပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီအတွက်လည်းမြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်သွားမှာ၊ငြိမ်းချမ်းရေးရရှိမှာ သူတို့ရဲ့ အစိုးရိမ်ဆုံးဖြစ်ပါတယ်။ ယခင်နှစ်တွေကလည်းကျွန်တော်တို့ AA အဖွဲ့နဲ့ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေဖြစ်ခဲ့ကြတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ ငြိမ်းချမ်းရေးအကျိုးဆောင်တွေရဲ့ ဆောင်ရွက်ချက်တွေကြောင့် တိုက်ပွဲရပ်တန့်သွားတယ်။ တိုက်ပွဲရပ်တန့်သွားတဲ့အချိန်မှာလည်းဒီလိုပဲဝေဖန်မှုတွေထွက်လာတာဖြစ်ပါတယ်။ ရပ်တန့်သွားတဲ့တိုက်ပွဲကိုမဖြစ်ဖြစ်အောင်လှုံ့ဆော်မှုတွေ၊ သွေးထိုးမှုတွေလုပ်ဆောင်တာဖြစ်ပါတယ်။ အခုလည်း ဒီလိုပဲလုပ်ဆောင်တာဖြစ်ပါတယ်။ သူတို့ရဲ့စိုးရိမ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ မည်သည့်နေရာမှာမဆို တိုက်ပွဲတွေရပ်တန့်ပြီး ငြိမ်းချမ်းသွားမှာတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းလာမှာတွေကို မလိုလားဆုံးဖြစ်ပါတယ်။ ဒီအတွက်လည်းဆက်လက်ပြီးလုပ်ဆောင်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေ တိုင်းရင်းသားပြည်သူလူထုအနေနဲ့၊အိမ်နီးချင်းနိုင်ငံများအနေနဲ့ သတိကြီးစွာထားဖို့လိုအပ်တယ်လို့ပြောချင်ပါတယ်။ နောက်တစ်ခုက ဒီရက်ပိုင်းတွေအတွင်းမှာ လုပ်ဆောင်နေတဲ့ဟာတွေရှိပါတယ်။ အဓိကကတော့ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သူတို့ဘက်ကိုရောက်ရှိလာနိုင်ရေး အသည်းအသန်စည်းရုံးနေတာတွေ၊ အသည်းအသန်ခြိမ်းခြောက်နေတာတွေ ကျွန်တော်တို့တွေ့ရပါတယ်။ သူတို့ကတရားမျှတတယ်ပြောရင် ပြည်သူကထောက်ခံတယ်လို့ပြောရင် ဒါတွေကိုအသည်းအသန်အကြောက်အကန်လုပ်ဆောင်နေဖို့လိုနိုင်မလားဆိုတဲ့ စဉ်းစားတွေးခေါ်မှုမျိုး ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးမှာသိရှိဖို့လိုပါတယ်။ NUG အကြမ်းဖက်အဖွဲ့၊ PDF အကြမ်းဖက်အဖွဲ့အနေနဲ့ကျွန်တော်တို့နိုင်ငံမှာ မဲလိမ်မဲခိုးမှုကြောင့် တပ်မတော်အနေနဲ့ တာဝန်ယူခဲ့ရတယ်။ ဒီတာဝန်မယူခင်မှာလည်း ညှိနှိုင်းမှုအမျိုးမျိုးလုပ်ခဲ့တယ်။ တာဝန်ယူပြီးနောက်ပိုင်းမှာလည်း တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းဖို့ပြောခဲ့လုပ်ခဲ့ပါတယ်။ သို့သော်လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို သူတို့ရွေးချယ်ပြီး ပြည်သူရဲ့လူမှုစီးပွားဘဝကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေ အခု ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ NUG၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ရဟန်းသံဃာ ၉၂ ပါးကိုသတ်ဖြတ်ခဲ့ပါတယ်။ ပညာရေးဝန်ထမ်း ၈၈ ဦးကိုသတ်ဖြတ်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်း ဦးရေ ၂၀ ကိုသတ်ဖြတ်ခဲ့ပါတယ်။ သူတို့ဖျက်ဆီး၊ မီးရှို့၊ မိုင်းထောင်ခဲ့တဲ့ ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုရှိပါတယ်။ စာသင်ကျောင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံပေါင်း ၇၃၃ ခုရှိခဲ့ပါတယ်။ အများပြည်သူလူထုအသုံးပြုနေတဲ့ ဆက်သွယ်ရေးတာဝါတိုင် ၆၀၀ ကျော်ဖျက်ဆီးခဲ့ပါတယ်။ ဒီလိုလူမျိုးတွေဟာ၊ ဒီလိုအဖျက်လုပ်ငန်းတွေလုပ်နေတဲ့ သူတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားတွေပြောနေတဲ့ ဖက်ဒရယ်အရေးဆိုတာတွေကို လုပ်ဆောင်မယ့်သူတွေလား အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ပြီး သူတို့အာဏာရရှိရေးလုပ်ဆောင်မယ့်လူတွေလားဆိုတာ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ခွဲခွဲခြားခြားကွဲကွဲပြားပြားသိမြင်နိုင်ပါတယ်။ ခွဲခွဲခြားခြားကွဲကွဲပြားပြားသိမြင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး ပြည်သူလူထုတစ်ရပ်လုံးပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းရေးကို ဆက်လက်လုပ်ဆောင်သင့်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်စဉ်များအနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ဆန်ဒေသမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ ထီးချိုင့်အရှေ့ဘက်မှာထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့မှုရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်မှာ ယာယီနေရပ်စွန့်ခွာပြည်သူများနဲ့တွေ့ဆုံခဲ့ပါတယ်။ သိန်းနီဘက်နဲ့ လားရှိုးနယ်တစ်ဝိုက်က နေရပ်စွန့်ခွာပြည်သူများနဲ့ စကားပြောဆိုခဲ့ပါတယ်။ သူတို့အနေနဲ့က ယာယီနေရပ်စွန့်ခွာတဲ့သူတွေဖြစ်တဲ့အတွက် စားဝတ်နေရေး၊ နေထိုင်ရေးအကျပ်အတည်းတချို့ရှိပါတယ်။ ဒါတွေကို လူမှုအဖွဲ့အစည်းတွေအားလုံးကကူညီဖြေရှင်းပေးနေကြတယ်။ သို့သော် သူတို့ပိုပြီးတော့ပူတာက သူတို့ရဲ့သားသမီးတွေ၊ ကလေးတွေကျောင်းမတက်ရတာကို ပိုပြီးပူတာကိုတွေ့ရပါတယ်။ ဒီနေရာမှာကျွန်တော်တို့ မြင်လိုက်တာကတော့ ဒီဒေသသည်တိုင်းပြည်ရဲ့ သားသမီးတွေရဲ့ ပညာရေး သူတို့ရဲ့အနာဂတ်အတွက်ကိုလည်း ပိုပြီးအလေးထားတဲ့နေရာဖြစ်ကြောင်းသိခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ယာယီနေရပ်စွန့်ခွာမိသားစုတွေ ကလေးသူငယ်တွေ ပညာသင်ကြားရေးအတွက်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးအတွက်လည်း အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ မငြိမ်သက်တဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအနေနဲ့အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



## ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို MRTV နှင့် MWD မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေ ဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် **(ယနေ့)** နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC-2၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုနှင်းသဘင်အခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV News Channel၊ MWD-HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ မြန်မာ့အသံရေဒီယိုနှင့် MRTV App: အပါအဝင် Online တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိမှုအဆက်

92 Ron ဂါလန် ခြောက်သိန်းကျော်၊ 95 Ron ဂါလန် လေးသိန်းခန့်၊ ဒီဇယ်ဆီ ဂါလန် လေးသိန်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ငါးသိန်းကျော် စုစုပေါင်း စက်သုံးဆီဂါလန် နှစ်သန်းခန့် ဖြန့်ဖြူးခဲ့သဖြင့် ယခင်ထက်သုံးဆခန့် ပိုမိုဖြန့်ဖြူးပေးခဲ့သော်လည်း အမှန်တကယ်ပုံမှန်အသုံးပြုရန်လိုအပ်သည့် ပြည်သူများအနေဖြင့် လူမှုရေး၊ ကျန်းမာရေးကိစ္စများအပါအဝင် လုပ်ငန်းဆောင်တာ အရေးတကြီးဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် လိုအပ်သည့်စက်သုံးဆီများကို ယနေ့ထိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် တန်းစီဝယ်ယူနေရကြောင်း တွေ့ရှိရသည်။

လက်ရှိပြည်တွင်းစက်သုံးဆီ လက်ကျန်အခြေအနေနှင့် ပြည်ပမှ မှာယူထားသည့် စက်သုံးဆီများ စဉ်ဆက်မပြတ်ဆက်လက်ဝင်ရောက်နေမှုကြောင့် နိုင်ငံတော်အတွင်းစက်သုံးဆီပြတ်လပ်နိုင်သည့်အခြေအနေမရှိသဖြင့် အများပြည်သူအနေဖြင့် စိုးရိမ်စရာမလိုဘဲ စက်သုံးဆီများကို မိမိတို့လိုအပ်သလောက် စိတ်အေးချမ်းသာစွာဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

စက်သုံးဆီ အမှန်တကယ်လိုအပ်သည့် အများပြည်သူများ လွယ်ကူလျင်မြန် အချိန်ကုန်သက်သာစွာဖြင့် လိုအပ်သည့် မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို နေရာမရွေး၊ အချိန်မရွေး ပုံမှန်လိုအပ်သည့် ပမာဏအတိုင်း ဝယ်ယူရရှိနိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များတွင် အကြိမ်ကြိမ်တန်းစီဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင်သိုလှောင်ရောင်းချခြင်းများကိုလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ဆောင်ရွက်မှုများကို တွေ့ရှိပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက မေတ္တာရပ်ခံနှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းတွင် NLD အစိုးရလက်ထက် တောင်သူချေးငွေများ ဖိအားပေးတောင်းယူခံနေရဟု လူမှုကွန်ရက်စာမျက်နှာတို့တွင် သတင်းတုသတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဒီဇင်ဘာ ၁၂**

"ဧရာဝတီတိုင်းတွင် NLD အစိုးရလက်ထက် ထုတ်ချေးထားသည့် စိုက်ပျိုးစရိတ်ချေးငွေ အကြွေးကျန်များကို ပြန်မဆပ်ပါက အရေးယူမည်ဆိုပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သတိပေးစာပို့ကာ ဖိအားပေးတောင်းယူနေသည်" ဟု ကောလာဟလသတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူဦးကြီးများ စိုက်ပျိုးစရိတ် ကုန်ကျမှုများကို အထောက်အကူပြုနိုင်ရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိကြောင်း၊ ယင်းသို့ ထုတ်ချေးရာတွင် ယခင်နှစ်ကြွေးကျန် ကျေပြီးမှသာ ချေးငွေအသစ်ထုတ်ချေးသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ကြွေးကျန်များ ပြန်လည်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်၊မြို့နယ်ဘဏ်ခွဲများအနေဖြင့် ကြွေးကျန်ချေးငွေကောက်ခံရေးဆောင်ရွက်ရာတွင် စည်းရုံးကောက်ခံသည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး ချေးငွေပေးဆပ်ရန် ပျက်ကွက်နေသည့် မည်သည့်တောင်သူတစ်ဦးတစ်ယောက်ကိုမျှ အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်းနှင့် ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များနှင့်အညီ ကြွေးကျန်များ ပေးဆပ်ပြီးသည့် တောင်သူများကို ချေးငွေသစ်များ စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရှိရသည်။ သို့ဖြစ်ပါ၍ လူမှုကွန်ရက်ပေါ်တွင်ပျံ့နှံ့နေသည့် သတင်းသည် ပြည်ဖျက်မီဒီယာများက တောင်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်သတင်းမှားများ ဖော်ပြခြင်းသာဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် တောင်သူများအကြားတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၄ရက် မှ ဒီဇင်ဘာ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရတရားမဝင်ကျွန်း ၁၀ ဒသမ ၃၈၂၆ တန်၊ သစ်မာ ၆ ဒသမ ၈၃၀၇ တန်၊ အခြား ၁၀၃ ဒသမ ၉၁၁၀ တန် စုစုပေါင်း ၁၂၁ ဒသမ ၁၂၄၃ တန်၊ ယာဉ်၊ယန္တရား နှစ်စီး၊ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၁၀ ဒသမ ၄၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီး၌ ဒီဇင်ဘာ ၁ ရက် ည ၇နာရီတွင် တင်ဖော်လတ် မောင်းနှင်၍ ကျော်စန်းဌေး လိုက်ပါလာသည့် CHENGLONG TIPPER မော်တော်ယာဉ်ကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်း တွေ့ရှိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ထန်ခိုဆေးအား ယင်းနေ့ ည ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၂၇ - ၂၈ ကြား၊ ၆၃ (C)လမ်းရှိ Hotel တွင် ဖမ်းဆီးရမိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာတွင် အသုံးပြုသည့် TOYOTA LANDCRUISER မော်တော်ယာဉ် တစ်စီးနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကျပ် ၁၂၀၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၂ ရက် နံနက် ၄ နာရီ ချမ်းအေးသာစံမြို့နယ် အောင်နန်း(အရှေ့)ရပ်ကွက်နေ ဝင်းအောင်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၈ သိန်း၊ PRADO မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့် ငွေကြေးစီးဆင်းမှုများကို စိစစ်ဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အိုင်ကြီးကျေးရွာနေ သန်းသန်းထွန်း(ခ) အားစိုးအား စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇၆ သိန်း၊ ဘိန်းဖြူ ၈ ဒသမ ၈ ကီလို၊ SUPER CUSTOM မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်ရှိ မလားဆန်းခူးမီးအား ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၂ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ သယ်ဆောင်ရောင်းဝယ်ပြီး စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို ကလေးမြို့မှ ရှမ်းပြည်နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

# ပညာရဲရင့် ပွဲလယ်တင့်

**ကျွန်းသားငမန်း**

ပညာရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အလေးထားသူဖြစ်သည်။ အထူးသဖြင့် ကျေးလက်တွင်နေထိုင်ကြီးပြင်းခဲ့ရသူဖြစ်သဖြင့် ကျေးလက်ပညာရေးကိုလည်း အထူးစိတ်ဝင်စားသည်။ ကျေးလက်နေ လူငယ်များ၏ ပညာရေးထွန်းတောက်မှုများကို မြင်တွေ့ရလျှင် အားရဝမ်းသာဖြစ်မိသည်။

ကျေးလက်ပညာရေးနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်း ၂၁၅၅၀ ရှိသည်ကိုတွေ့ရှိရပြီး မြို့ပေါ်တွင် အခြေခံပညာအလယ်တန်းကျောင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်း ၃၃၁၈ ကျောင်းရှိသည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါအချက်အလက်များအရ အလယ်တန်းကျောင်းများ၏ ကျေးလက်နှင့်မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းများ၏အချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ပျမ်းမျှ မြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်နေပြည်သူမှာ များပြားကြောင်း။ အခြေခံပညာကျောင်းများ၏ မြို့ပြနှင့်ကျေးလက်အချိုးကို ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်၊ နိုင်ငံတော်အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ နည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ကျောင်းရှိသော်လည်း ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားမှုများနည်းပါးသည်ကိုတွေ့ရကြောင်း၊ တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှုနည်းပါးခြင်းနှင့် အခြားအခက်အခဲအမျိုးမျိုးကြောင့် အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်ကို တွေ့ရသည်။

စာရေးသူမှာ အသက် ၈၀ ရှိနေပြီ။ စာသင်ခန်းများနှင့် ဝေးကွာခဲ့သည်မှာကြာခဲ့ပြီ။ မိမိ၏မျိုးဆက်သစ်မြေးလေးများက စစ်တွေတက္ကသိုလ်ကျောင်းသူများဖြစ်ကြသည်။ တစ်ဦးက အင်္ဂလိပ်စာနောက်ဆုံးနှစ်။ တစ်ဦးက ဇီဝဗေဒ ဒုတိယနှစ်ဖြစ်သည်။ ဇီဝဗေဒ ဒုတိယနှစ် ကျောင်းသူက တောင်ကြီးတက္ကသိုလ်တွင် တက်ရောက်သင်ကြားနေခြင်းဖြစ်သည်။ သို့ရာတွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရာတွင် တောင်ကြီးတက္ကသိုလ်၏ ဖွင့်လှစ်နိုင်မှုမှာ အဆင်မပြေသဖြင့် စစ်တွေတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်း နေရာအချို့တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းမတက်ရဲခဲ့ကြ။ သို့ဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုအချိန်များ လင့်ကုန်သည်။ ကျောင်းဖွင့်နိုင်ခြင်း၊ တက်ရောက်နိုင်ခြင်းမရှိခဲ့ကြသဖြင့် အနာဂတ်လူငယ် မောင်မယ်များ၏ပညာရေးကို အညွန့်ချိုးသလိုဖြစ်ခဲ့ရသည်။ မည်သို့ဆိုစေ ရခိုင်ပြည်နယ်ကား ခြိမ်းခြောက်အကျပ်ကိုင်မှုတို့၏ စက်ကွင်းနှင့်ဝေးရာနယ်မြေဖြစ်ခဲ့သည်မှာ ဝမ်းသာစရာကောင်းလှသည်။ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများဖွင့်လှစ်ကာ ပညာသင်ကြားရေးတွင် အနှောင့်အယှက်ကင်းစွာဖြင့် ပညာသင်ယူနေကြသည်။ သို့ရာတွင် တစ်နိုင်ငံလုံး ခြုံငုံသုံးသပ်ရလျှင် အားရဖွယ်ရာမရှိသေး။ အနှောင့်အယှက်ကင်းစွာဖြင့် ပညာသင်ကြားခွင့်ရနေသော ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုမှာ ပညာရဲရင့်ပွဲလယ်တင့်နေကြသည်။ ထိုမြင်ကွင်းကို တွေ့မြင်ရသည်မှာကြည်နူးဖွယ်ဖြစ်သည်။

**❖ ယနေ့ကမ္ဘာကို နည်းပညာများဖြင့် တည်ဆောက်နေကြခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာရပ်များက ပံ့ပိုးပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ကမ္ဘာကို ပညာခေတ်ဟုတင်စားခေါ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိတိုင်းပြည်နှင့် မိမိလူမျိုးတို့၏ အကျိုးစီးပွားအတွက် ပညာရည်ပြည့်ဝသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူသားအရင်းအမြစ်များကို ကောင်းစွာလေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ပညာရေးကဏ္ဍကို တိုးတက်ကောင်းမွန်အောင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးနေသည်။ ❖**

**ပညာရေးဖြင့် တိုင်းပြည်ကိုတည်ဆောက်**

ယနေ့ကမ္ဘာကို နည်းပညာများဖြင့် တည်ဆောက်နေကြခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာရပ်များက ပံ့ပိုးပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ကမ္ဘာကိုပညာခေတ်ဟု တင်စားခေါ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၊ မိမိတိုင်းပြည်နှင့် မိမိလူမျိုးတို့၏ အကျိုးစီးပွားအတွက် ပညာရည်ပြည့်ဝသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူသားအရင်းအမြစ်များကို ကောင်းစွာလေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ပညာရေးကဏ္ဍကို တိုးတက်ကောင်းမွန်အောင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပေးနေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ခေတ်မီတိုးတက်သော ပညာရပ်များကို သိရှိတတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ပေသည်။

အတတ်ပညာရှင်၊ အသိပညာရှင်များစွာတို့ကို နိုင်ငံတော်တည်ဆောက်ရေးအတွက် အားထားရသည်မဟုတ်။ မိသားစု တစ်စုချင်းစီအနေဖြင့်လည်း အားကိုးအားထားပြုနေကြရသည်။ မိဘတိုင်းသည် သားသမီးတို့ကို ဆင်စီး၍မြင်းရံသည်ကိုမြင်လိုချင်ကြသည်။ သူများထက်ခေါင်းတစ်လုံးပိုမြင့်စေကာ လူချွန်လူမွန်များဖြစ်စေချင်ကြသည်။ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းစေချင်ကြသည်။ ထို့ကြောင့် သားသမီးများကို ပညာတတ်သူများဖြစ်ကြစေချင်သည်။ ယုတ်စွအဆုံး ကျေးလက်တောရွာတွင် နေထိုင်သည်ဖြစ်စေ သေစာရှင်စာတော့ဖတ်တတ်စေချင်သည်။ လူငယ်၊ လူရွယ်များအနေဖြင့်လည်း ပညာသင်ကြားလိုစိတ်ရှိနေကြသည်။ မိမိတို့တတ်မြောက်သောပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ကြသည်။ သို့ရာတွင် အချို့သောမိဘများသည် သားသမီးများ၊ လူငယ်လူရွယ်များကို ပညာမဲ့ဖြစ်ရေးအမှောင်တွင်းသို့ ဆွဲသွင်းနေကြသည်။ နေရာအနှံ့တွင် ကျောင်းဆောင်များကို မီးရှို့ဖျက်ဆီးခြင်း၊ စာရေးကိရိယာများ မီးရှို့ဖျက်ဆီးခြင်း၊ ဆရာ၊ ဆရာမများကို စာမပြရဲအောင် ခြိမ်းခြောက်ခြင်း၊ အချို့နေရာများတွင် ပြန်ပေးဆွဲငွေတောင်းခြင်း၊ သတ်ဖြတ်ခြင်းများကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ပြုလုပ်နေကြသည်သာမက ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းမသွားရဲအောင် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြသည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရည်ထူးချွန်တတ်မြောက်သော လူသားအရင်းအမြစ်များစွာ လိုအပ်သည်။ မိမိနိုင်ငံမှ ပညာတတ်များ အခြားတိုင်းတစ်ပါးသို့ ထွက်ခွာသွားသည်များသောအခါ ဦးနှောက်ယိုစီးသည်ဟုပင် ပြောကြသည်။

**ပညာရဲရင့် ပွဲလယ်တင့်ကြသူများ**

စာရေးသူမှာ အကြောင်းအားလျော်စွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တက္ကသိုလ်ပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတစ်ခုသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖိတ်ကြားတာဝန်ပေးသဖြင့် အကဲဖြတ်ဒိုင်လူကြီးအဖြစ် တက်ရောက်ဆောင်ရွက်ခွင့်ရခဲ့သည်။

စစ်တွေတက္ကသိုလ်သို့ရောက်သောအခါ တွေ့မြင်ရသည့်မြင်ကွင်းမှာ ရောင်စုံပန်းကလေးများဖူးပွင့်နေသည့် ပန်းဥယျာဉ်ခင်းတစ်ခုသို့ ရောက်သွားသကဲ့သို့ ခံစားလိုက်ရသည်။ အရောင်အသွေးများ အစုံအလင်နှင့်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူကလေးများ။ ၎င်းတို့၏ စီစီညံညံအသံလေးများက ပန်းဥယျာဉ်အတွင်း လူးလာတုံ့ခေါက်ပျံသန်းနေကြသည့် ငှက်ကလေးများ၏ တေးဆိုသံလေးများလို။ မိမိသည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကြားတွင် ရောက်နေသည်။ ၎င်းတို့၏ ဟန်အမူအရာများကို ကြည့်မောရင်း အားသစ်၊ အင်သစ်တို့ဖြစ်ပေါ်ရသည်သို့ ခံစားဖြစ်နေမိသည်။ တကယ့်ကြည်နူးစရာမြင်ကွင်းတစ်ခုပင်ဖြစ်သည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ကျောင်းသား၊ ကျောင်းသူဦးရေ ၄၀ ခန့်ရှိခဲ့သည်။ ကျောင်းသားလူငယ်များ၏စိတ်ဝင်စားမှုနှင့် မိမိတို့တစ်ဦးချင်းစီ၏ ယုံကြည်မှုကိုမြင်တွေ့ရသည်။ နိုင်ကိုနိုင်ရမည်ဟူသောယုံကြည်မှုဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ မိမိတို့ပြောရမည့်အကြောင်းအရာကို မဲနှိုက်၍ ကျသည့်ခေါင်းစဉ်ဖြင့်ပြောရခြင်းဖြစ်ရာ လွယ်လှမည်တော့မဟုတ်။ သို့သော် ၎င်းတို့သည် မိမိတို့ဆည်းပူးထားသည့်အသိပညာများကို ယုံကြည်ကြသည်။ ၎င်းတို့သည် ပညာအသိဖြင့် ရဲရင့်ဝံ့ကြွားစွာပါဝင်ပြောဆိုယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ထဲမှ ဆန်ခါတင်ခြောက်ဦးကိုရွေးချယ်ပြီး နောက်ဆုံးယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ဆန်ခါတင် ယှဉ်ပြိုင်ပြောကြားသူ ခြောက်ဦးကိုကြည့်ရသည်မှာလည်း အားငယ်နေကြခြင်းမရှိ။ တက်ကြွသောကိုယ်ဟန်အနေအထား၊ အားမာန်ပြည့်ဝသော အပြောအဆိုများကိုဖြင့် မိမိတို့ကျရာခေါင်းစဉ်ဖြင့်ပင် ပြောဆိုသွားနိုင်ကြသည်။ ၎င်းတို့ပြောကြားခဲ့သည့်မဲစနစ်ဖြင့် ရွေးချယ်ခဲ့ရသော ခေါင်းစဉ်များက စည်းလုံးခြင်းသည် အင်အား၊ လူငယ်နှင့်ကျင့်ဝတ်၊ လက်တွဲညီညီပန်းတိုင်ဆီ၊ စွန့်ဦးတီထွင်လူငယ်လုပ်အားရှင်၊ ရည်မှန်းချက်ကို ဘယ်လိုအကောင်အထည်ဖော်ကြမလဲ စသည့်ခေါင်းစဉ်များဖြစ်သည်။ မဲနှိုက်ကျရာခေါင်းစဉ်ဖြင့် ပြောကြသူများမှာလည်း တစ်ဦးနှင့်တစ်ဦး သူမသာ၊ ကိုယ်မသာ။ စာရေးသူအဖို့မှာလည်း ၎င်းတို့၏ အပြောများကို စိတ်ဝင်စားစွာ နားထောင်ဖြစ်မိသည်။ ၎င်းတို့၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါသွားဖြစ်သည်။ အမှတ်ပေးဒိုင်ဖြစ်သော မိမိအနေဖြင့် ၎င်းတို့၏အပြောများကိုအမှတ်ပြည့်မျှပေးဖြစ်ခဲ့သည်။ တစ်ဦးချင်း ကွာဟချက်များက ကိုယ်ဟန်အမူအရာ၊ လေယူလေသိမ်းများ၊ ဝတ်စားဆင်ယင်မှုများကသာ နည်းနည်းချင်းကွာမည်။ ၎င်းတို့မည်မျှတက်ကြွနေကြပါသလဲ။ စကားပြောစင်မြင့်ပေါ်သို့ ရဲရဲဝံ့ဝံ့တက်လှမ်းနိုင်ခြင်းမှာ ၎င်းတို့၏ပညာအရည်အချင်းကို ၎င်းတို့ကိုယ်တိုင်ယုံကြည်ခြင်းကြောင့်ပင်ဖြစ်သည်။ ပညာရဲရင့်ပွဲလယ်တင့်ကြသည်ပေ့ါ။ ကျပန်းစကားပြောကြသူ ခြောက်ဦးက သူတို့ကိုယ်သူတို့ မိတ်ဆက်ကြသည်။ အများစုမှာ နယ်မှကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည်။ နယ်ဆိုသည်မှာ နယ်မြို့ပေါ်မှမဟုတ် ကျေးလက်ကျောင်းများမှဖြစ်နေကြခြင်းကို အံ့သြဝမ်းသာစွာ သိရပြန်သည်။

စာရေးသူကိုယ်တိုင်မှာလည်း ရွာရွာပါးပါး နယ်ကျောင်းကလေးတစ်ကျောင်းတွင် ပညာသင်ကြားခဲ့ရသူဖြစ်သည်။ ၁၉၅၅-၁၉၅၆ ခန့်က မိမိ၏ကျေးရွာမှမြို့သို့ တက်ရောက်ပညာသင်ယူခွင့်ရခဲ့သည်မှာ မိမိတို့ မိသားစုတစ်စုသာရှိခဲ့သည်။ ယခုအခါ ရွာပါးလှသော နယ်ကျောင်းမှ ကျောင်းသားများက တက္ကသိုလ်များတွင် တက်ရောက်၊ လူအများကြားတောက်ပြောင်ဝင့်ကြွားစွာ ပြောနိုင်၊ ဆိုနိုင်သည်မှာ ပညာကြောင့်သာဖြစ်သည်ဟု ယုံကြည်သည်။ ပညာတတ်ဖြစ်လာခြင်းကြောင့် အသိပညာများ တိုးပွားလာသည်။ အသိပညာများ တိုးပွားလာခြင်းနှင့်အတူ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုဖြစ်စေသည်ပင်။

သို့ဖြစ်၍ လူငယ်များသည် နောင်အနာဂတ်တွင် တိုင်းပြည်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာကြမည်။ ထို့ကြောင့် ပညာရဲရင့်ပွဲလယ်တင့်သည့် လူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

0w Kwv d @

# ရင်နှင့်ရင်း၍ ပျိုးသောပန်း

ဖူးပွင့်နွယ်




(၁)

"မင်း ဒီအလုပ်ကိုလုပ်ရမှ ထမင်းစားရမှာ မဟုတ်ဘူးကွ။ အလုပ်ထွက်လိုက်ပါကွာ။ ပြီးတော့ သားလေးကိုလဲ တစ်နယ်တစ်ကျေးမှာ အိမ်ဖော်နဲ့ထားရမှာ ငါ စိတ်မချဘူး"

"ယောကျ်ားရယ် ကျွန်မ အလုပ်မထွက်ပါရစေနဲ့။ ကျွန်မပညာတတ်တစ်ယောက်ဖြစ်ဖို့အရေး အမေက မုဆိုးမဘဝနဲ့ အကြော်ရောင်းပြီး ခက်ခက်ခဲခဲကျောင်းထားပေးခဲ့ရလို့ပါ။ ပြီးတော့ ပညာဝတ်မွတ်ခေါင်းပါးနေတဲ့တောရွာက ကလေးတွေ တအားသနားစရာကောင်းတယ်။ ကျောင်းဆရာမအလုပ်ကို ကျွန်မ ပိုက်ဆံကြောင့် လုပ်တာမှမဟုတ်တာ။ ဝါသနာ၊ စေတနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကိုအရင်းခံပြီး အလုပ်ဝင်လုပ်ခဲ့တာပါ"

ကိုအောင်သူ ဘယ်လိုပြောပြော သူ၏အလုပ်ကို မစွန့်လွှတ်နိုင်ဘူးဟုဆိုကာ ငြင်းဆိုနေသောကြောင့် စိတ်ပျက်နေမိသည်။ တကယ်ဆို သူ့အလုပ်က အိမ်ဆောက်သည့် ကန်ထရိုက်လုပ်ငန်းဖြစ်သည်။ စီးပွားရေးအဆင်ပြေသောကြောင့် မိန်းမနှင့်သားလေးကို ပြည့်စုံသည်ထက် ပိုမိုပြည့်စုံအောင် ထားပေးနိုင်သောအခြေအနေဖြစ်သည်။ သူ့သဘောက မိန်းမကို သားလေးနှင့်အတူ အိမ်မှာအေးအေးဆေးဆေးနေစေချင်သည်။ အလုပ်ထွက်မလုပ်စေချင်။ တာဝန်ကျသော အရပ်ဒေသက တောကခေါင်၊ လမ်းခရီးကကြမ်းသဖြင့် မိန်းမနှင့်သားကို သူ စိတ်မချနိုင်သည်က အများမဟုတ်ပေ။ အစားအသောက်လည်း တော်တော်ရှားပါးသည့်အရပ်ဖြစ်၍ သူ့ဆန္ဒကတော့ ကျောင်းဆရာမအလုပ်ကို ထွက်စေချင်သည်။ သည်ကိစ္စနှင့်ပတ်သက်၍ လင်မယားနှစ်ယောက် စကားများရပေါင်းလည်းမနည်း။ ဘယ်လိုနားချချ ပြောမရသည့်အဆုံး ကိုအောင်သူ ခွင့်ပြုလိုက်ရသည်။

(၂)

"သမီးရေ မြေးလေးကို အိမ်ဖော်နဲ့ထိန်းခိုင်းရမှာ အမေ စိတ်မချဘူးကွယ်။ အမေကိုယ်တိုင်ပဲ အမေ့မြေးလေးကို သမီးတာဝန်ကျတဲ့နေရာထိ လိုက်ထိန်းပေးမယ်"

ဒေါ်မြခက်သည် မြေးဖြစ်သူမှာ ငါးလသားအရွယ်လေးဖြစ်သောကြောင့် သမီးကျောင်းသွားသည့်အချိန် အိမ်ဖော်နှင့်သာ ကျန်ခဲ့ရမည့်မြေးလေးကိုစိတ်ပူမိသည်။ ဇာတ်ကားများထဲ၌သော်လည်းကောင်း၊ အပြင်၌သော်လည်းကောင်း အိမ်မှာလူကြီးမရှိစဉ် အိမ်ဖော်က ကလေးများကို နှိပ်စက်သောပုံ မကြာမကြာမြင်နေ၊ ကြားနေရ၍ လုံးဝစိတ်မချနိုင်ပေ။

"အမေက သမီးနောက်လိုက်နေရင် အမေ အစ်ကိုလေးကို ဘယ်လိုလုပ်မလဲ။ "

စိုးစိုးမင်း၏အထက် အစ်ကိုလေးဆိုသူမှာ မသန်စွမ်း၊ ပိုလီယိုအရိုးပျော့တစ်ယောက်ဖြစ်၍ ကိုယ်မနိုင်၊ လက်မနိုင်ဖြစ်နေသည်။ သူ့အတွက် အမေရှိနေမှသာ စားရေး၊ သောက်ရေး အဆင်ပြေသည်။ ယခု အမေက လိုက်မည်ဆိုလျှင် အစ်ကိုလေးအတွက် သိပ်မလွယ်ကူလှပေ။

"သမီး မမကြီးက သူ့မောင်ကို တာဝန်ယူပေးမယ် ပြောလို့ အမေက သမီးနောက်လိုက်နေဖို့ ပြောတာပါ"

"အစ်ကိုလေးကို အားနာလိုက်တာ အမေရယ်။ အမေ အဲဒါဆို မနက် လေးနာရီလောက် သမီး အမေ့အိမ်ကိုဝင်ခေါ်မယ်နော်"

"အေးပါ အိမ်ကပဲ အမေစောင့်နေတော့မယ်"

ဒေါ်မြခက်သည် သမီးလေး ပညာတတ်ကြီးဖြစ်ရေးအတွက် နေပူမရှောင်၊ မိုးရွာမရှောင် အကြော်ဗန်းခေါင်းပေါ်ရွက်ပြီး ကြိုးစားခဲ့ရသည်။ သားသမီးသုံးယောက်မှာ သမီးကြီးက ပညာရေးတွင်အားနည်း၍ လေးတန်းတွင် ကျောင်းထွက်ခဲ့သည်။ သားလတ်က မသန်စွမ်းသူ၊ သမီးအငယ်ဆုံး စိုးစိုးမင်းတစ်ယောက်သာ ပညာရေးဆုံးခန်းတိုင်၍ ဘွဲ့ရခဲ့သည်။ ထို့ကြောင့်လည်း သားမက်လုပ်သူက အလုပ်ထွက်ခိုင်းတိုင်း သမီးကို ဘယ်နည်းနှင့်ဖြစ်ဖြစ် ကျောင်းဆရာမအလုပ်ကိုမထွက်ရန် နားဝင်အောင်ပြောပြထားခဲ့မိသည်။

စိုးစိုးမင်း ညဉ့်ဦးကတည်းက နံနက်သွားရန် အဆင်သင့်ဖြစ်အောင် သား၏အသုံးအဆောင်ပစ္စည်းများကို အရင်ဦးစားပေး၍ အိတ်တစ်ခုထဲစုထည့်နေသည်။ မိမိ၏အဝတ်အစားများကိုတော့ နောက်မှတွေ့ရာဆွဲယူထည့်လိုက်သည်။ နံရံကပ်နာရီ၏ လက်တံအတိုလေးမှာ ၁၂ နားသို့ရောက်နှင့်နေပြီ။ ထိုအချိန်မှ လုပ်စရာအလုပ်အားလုံးပြီးသည်။ သူ့ကို ခုတင်ပေါ်ကနေကြည့်နေသည့် ယောကျ်ားလုပ်သူက မျက်နှာမသာမယာဖြစ်နေသည်။

"တအားလဲ စိတ်ပူမနေပါနဲ့။ သားကို အမေက လိုက်ထိန်းပေးမှာပဲ"

"ပြီးရောကွာ ပြီးရော မင်းစိတ်ချမ်းသာသလိုလုပ်။ အေးနော် အလုပ်လုပ်ရတယ်ဆိုပြီး ကလေးတစ်ခုခုဖြစ်လာလို့ကတော့ မင်းကိုခွင့်မလွှတ်ဘူးမှတ်"

"စိတ်ချပါ။ သားလေးကို ဘာထိခိုက်မှုမှမရှိအောင် ကျွန်မ အမေက ကြည့်ထိန်းပေးမှာပါ"

အိပ်ရာအလယ်တည့်တည့်တွင် သားလေး ပူတူးလေး နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေ၏။ အမေက ညနေမှ လိုက်နေပေးမည်ပြောလာ၍ တော်သေးသည်။ နို့မို့ဆို သားလေးကို စိတ်မချနိုင်သည်နှင့် စာသင်၍ စိတ်ဖြောင့်နိုင်မည်မဟုတ်။ ယောကျ်ားက ဘေးတစ်ဖက်ကိုစောင်း၍ အိပ်သွားသောကြောင့် သူပါ သားလေးဘေးတွင် ဝင်အိပ်လိုက်သည်။

(၃)

နောက်တစ်ရက်စောစော ၃ နာရီတွင် သူနိုးလာသည်။ ကားပေါ်ကို အထုပ်များ အရင်ဆုံးတင်ထားလိုက်သည်။ ပြီးမှ သန့်ရှင်းရေး ဘာညာလုပ်လိုက်ပြီးမှ သားလေးကို အရှေ့တွင် ကျောပိုးဝတ်နှင့် ပိုးလိုက်သည်။ ကိုအောင်သူ အိပ်မောကျနေသောကြောင့် နှုတ်မဆက်ခဲ့ပေ။ ထို့နောက် ကားစက်နှိုး၍ အမေ့ကို ဝင်ခေါ်ရန် အမေ့အိမ်ဘက်ကို ကားမောင်းထွက်ခဲ့သည်။ အမေက အိမ်ရှေ့တွင် ထွက်စောင့်နေသောကြောင့် သူလည်း ကားရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။

"အမေ ရှေ့မှာလာထိုင်ပါလား။ နောက်ခန်းမှာကျ အမေတစ်ယောက်တည်း"

"အင်းပါ အမေ အထုပ်တွေ နောက်ပို့အုံးမယ်"

ဒေါ်မြခက်သည် အထုပ်များကို ကားနောက်ခန်းသို့ပို့လိုက်ပြီး အရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

"သမီး ပေးပေး ကလေး အမေချီထားမယ်။ သမီးက ကားကိုဂရုစိုက်မောင်း။ နှင်းတွေက မှောင်ပိတ်နေတယ်"

"ဟုတ်ကဲ့အမေ"

ရှေ့တွင်ပိုးထားသည့် သားလေးကို ကျောပိုးဝတ်ဖြုတ်၍ အမေ့လက်ထဲထည့်ပေးလိုက်ပြီး ကားမောင်းထွက်ခဲ့သည်။ ပင်လုံသွားသော လမ်းတစ်လျှောက် နှင်းများဖုံးလွှမ်း၍ မီးထိုးပြီး ကားကိုမနည်းမောင်းနေရသည်။ သည်လမ်းကို သူခဏခဏ ကားမောင်းသွားလာနေကျဖြစ်သဖြင့် ဘယ်နား ဘာချိုင့်ခွက်ရှိသည်ကို သိသည်။ ကားမောင်းလာခဲ့ရင်းနှင့်ပင် ဟိုပုံးကျော်ကျော် ရောက်လာသည်။

"သမီး ရှေ့မှာ ခွေးဖြူကြီး"ဟု အမေက သတိပေးလိုက်သဖြင့် သူကားဘရိတ် ဆောင့်အုပ်လိုက်ရသည်။ ရုတ်တရက် ဘယ်ကထွက်လာမှန်းမသိသည့် ခွေးကြောင့် သူ ဇောချွေးပြန်သွားရသည်။ သည်နေ့မှ လမ်းတစ်လျှောက်လုံး လမ်းသွားလမ်းလာ ကားလေး ဆိုင်ကယ်လေးတောင် လမ်းတွင်မတွေ့ရပေ။ ဤမျှ အသွားအလာလမ်းလူပြတ်နေသည်။ သူလည်း ခွေးက တစ်ဖက်လမ်းကိုကူးသွားမှ ကားကိုမောင်းထွက်ခဲ့သည်။ အမေ့ကို ကားမှန်ထဲကနေ လှမ်းကြည့်မိသည်။ သားလေးကလည်း အမေ့ရင်ခွင်ထဲတွင် အိပ်နေသည်။

"ဒီအလုပ်ကိုရဖို့အတွက် အမေဘယ်လိုကြိုးစားလုပ်ကိုင်ပြီး သမီးကို ကျောင်းထားပေးခဲ့ရတယ်ဆိုတာ သမီးသိတယ်နော်။ သမီးယောကျ်ား ဘယ်လိုပြောပြော သမီးအလုပ်မထွက်နဲ့။ အမေပညာသင်ပေးထားတာ အိမ်မှာနေပြီး အိမ်ရှင်မလုပ်ဖို့မဟုတ်ဘူးနော်။ လူဆိုတာ ဘယ်နေ့ဘယ်အချိန် သေမယ်မသိနိုင်ဘူး။ သမီးအဖေပဲကြည့် အကောင်းကြီးကနေ ရုတ်တရက်ဆုံးပါးသွားတာ။ ဒီအလုပ်လေးရှိတော့ သမီးယောကျ်ား အခုနေ တစ်ခုခုဖြစ်သွားတောင် ကလေးတစ်ယောက်နဲ့ သမီးကိုယ့်ခြေထောက်ပေါ် ကိုယ် အနည်းဆုံးတော့ ရပ်တည်နိုင်တယ်။ အမေပြောတာ သမီးသဘောပေါက်လား"

"ဟုတ်ကဲ့ပါအမေရယ် သမီးဘယ်နည်းနဲ့မှ အလုပ်မထွက်ပါဘူး။ သမီးယောကျ်ားက ကလေးစိတ်မချလို့ အလုပ်ထွက်ခိုင်းတာနေမှာပါ အမေစိတ်ထဲမထားပါနဲ့ "

စိုးစိုးမင်း အမေ စိတ်မကောင်းဖြစ်မည်စိုး၍ ကလေးကိုအကြောင်းပြကာ ဖာထေးပြောလိုက်ရသည်။ တကယ်တော့ ကိုအောင်သူက သူနှင့်အိမ်ထောင်ကျပါပြီဆိုကတည်းက အလုပ်ကို ခဏခဏ ထွက်ခိုင်းနေသူပါ။ သူကလည်း ဆင်းဆင်းရဲရဲချို့ချို့တဲ့တဲ့ ပညာသင်ခဲ့ရသောကြောင့် ပညာ၏တန်ဖိုးကိုနားလည်သည်။

"သမီးရဲ့အစ်ကိုလေးကိုလဲ ဂရုစိုက်လိုက်ပါအုံး။ မောင်နှမဆိုတာ သဘာဝကပေးတဲ့ ရှားပါးလက်ဆောင်ပါ။ သူမှာ အားနည်းချက်ရှိလို့ သမီးတို့ညီအစ်မနှစ်ယောက် ဖေးဖေးမမ ကူညီစောင့်ရှောက်ကြပါနော်"

ဒေါ်မြခက် ကားမောင်းနေသည့် သမီးဘေးတွင်ထိုင်၍ စကားများတတွတ်တွတ်ပြောနေသည်။ စိုးစိုးမင်းတစ်ယောက် မိခင်၏စကားကို ခေါင်းလေးတညိတ်ညိတ်နှင့် ကားမောင်းရင်း နားထောင်လာခဲ့သည်။ အရှေ့တွင် ချောက်များရှိသောကြောင့် သူ ကားကို ကားဘီးလိမ့်ရုံလေး အရှိန်လျှော့မောင်းလာခဲ့သည်။

(၄)

"သမီးကြိုက်တဲ့ အမဲသား အမေဝယ်ခဲ့သေးတယ်"

မနေ့ညနေက အမဲသားအစိမ်းလာရောင်းသူနှင့် ကြုံ၍ တစ်ပိဿာဝယ်ခဲ့သည်။ ဒေါ်မြခက် စကားအဆုံး ကားကမောင်းနေရင်း အဆင်းတွင် ဘီးချော်ကာ နောက်ပြန်လိမ့်သွား၍ အရှိန်မထိန်းနိုင်ဘဲ ချောက်နားရောက်သွားပြီး အောက်သို့ဇောက်ထိုးကျသွားသည်။

"အမေ"

"သမီး"

"ဝုန်း ဝုန်း ကျိုး ဒုန်း ခလွမ်း"

စိုးစိုးမင်း ချောက်တစ်ဝက်ရောက်တော့ ခါးပတ်ပြုတ်သွားပြီး ကားတံခါးပွင့်၍ပြုတ်ကျကျန်ခဲ့သည်။ မိခင်နှင့်သားဇောကြောင့် မိမိကိုယ်ကို ဘာဖြစ်သွားသည်ကို ဂရုမစိုက်ဘဲ ချက်ချင်းကုန်းရုန်းထ၍ ဘယ်ရောက်သွားလဲ မျက်လုံးဝေ့ကြည့်ကာ ရှာလိုက်သည်။ သားလေး၏ ငိုသံစူးစူးဝါးဝါးက ချောက်အပေါ်နားလေးက ထွက်ပေါ်လာသည်။ သားလေး အသက်ရှင်မှန်းသိလိုက်ရ၍ သူ စိတ်အေးသွားသည်။ မိခင်ကို တစ်ဖန် ဘယ်ရောက်သွားလဲ ကမန်းကတန်းကြည့်နေရင်းနှင့် မိမိတို့စီးလာသည့်ကားက ချောက်အနက်ထဲကို လိမ့်ဆင်းသွားသည်။

"အမေ အမေ အမေ ဘယ်မှာလဲ"

နှင်းစက်များကြားမှ သူ့အော်သံက တောင်များကြားတွင် ပဲ့တင်ထပ်သံဖြစ်နေသည်။ မတ်တတ်ရပ်လိုက်ရာတွင် ပေါင်ရင်းက မခံမရပ်နိုင်အောင် အလွန်နာကျင်လာသည်။

"သမီးရေ အမေ ဒီမှာ"

"အမေ ဘာဖြစ်သွားသေးလဲ။ သမီးအမေ့ဆီလာခဲ့မယ်နော် အဲ့မှာပဲနေ"

စိုးစိုးမင်း ခပ်လှမ်းလှမ်းအပေါ်တွင်ရှိသည့်ချောက်နားက မိခင်နားသွားရန် ချောက်အပေါ်ကို လေးဖက်ထောက်သွား၍ အားတင်းပြီး တက်လာခဲ့သည်။ သည်အချိန်တွင် ပေါင်ရင်းက နာကျင်မှုဒဏ်ကြောင့် ချောက်အထက်ကိုမတက်ဘဲ ကယ်မည့်သူသာ စောင့်နေ၍ မဖြစ်ချေ၊ မိခင်မျက်နှာတွင် သွေးများစီးကျနေသည်ကိုမြင်သောကြောင့် အလွန်စိုးရိမ်ပြီး မရမက ချောက်ထဲက ကုန်းရုန်းတက်လာသည်။

စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၂၁၈၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၂၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၂၇၂၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

(၂၀၆)

➤ **စာမျက်နှာ ၂၄မှအဆက်**

"အမေ အမေ ဘာဖြစ်သွားသေးလဲ"

"အမေဘာမှမဖြစ်ပါဘူး သမီးရယ်။ သမီး ကလေးကော ကလေး"

"သားလေးက ချောက်အပေါ်နားမှာ ငိုသံကြားတယ်အမေ"

"စိုးစိုးမင်း အန္တေအကျီချွတ်၍ မိခင်ဖြစ်သူမျက်နှာပေါ်က သွေးစက်များကို သုတ်ပေးလိုက်သည်။ တစ်ဆက်တည်း သားလေး၏ အော်ငိုသံစူးစူးဝါးဝါးကိုလည်း ကြားလိုက်ရသည်။ သည်အချိန်တွင် သူစိတ်ရဲရင့်ကြံ့ခိုင်မှ အမေနှင့်သားလေး အသက်ရှင်နိုင်မည်။ ပေါင်ရိုးကျိုးသွားပြီဆိုသည်ကို သိသော်လည်း လာကယ်သည့်လူကိုသာ စောင့်နေ၍မဖြစ်ချေ။

"အမေ ဒီမှာပဲ ငြိမ်ငြိမ်လေးနေနော်။ သမီး ချောက်အပေါ်တက်ပြီး အကူအညီသွားခေါ်မယ်"

"သမီး မြေးလေးကိုအရင်ကယ်ပါ။ အမေက အသက်ကြီးပြီ။ ကလေးကို အဓိကထားကယ်ပါ"

"ကယ်ကြပါအုံး၊ ကယ်ကြပါအုံး ကျွန်မတို့မိသားစု ချောက်ထဲကျသွားလို့ပါ။ ကယ်ကြပါအုံး"

"ဟေ့ တို့တွေကြားတယ်။ မင်းတို့ အားတင်းထား။ ငါတို့တွေ ကယ်ဖို့လူသွားရှာခဲ့မယ်"

သူ့နားထဲ အသံပြုလာသောလူသံကြားလိုက်ရသောကြောင့် အလွန်ဝမ်းသာသွား၍ ပြန်ပြီး-

"ကျွန်မအမေနဲ့သားလေးချောက်ထဲမှာပဲရှိသေးလို့ မြန်မြန်ကယ်ပေးကြပါရှင်"

ခဏအကြာမှာတော့ လူများ ချောက်အနားသို့ စုဝေးရောက်ရှိလာသည်။ ရောဂါအခံရှိသည့်မိခင်ကို အဓိကထား အရင်ကယ်ပေးရန်နှင့် ဆေးရုံသို့ အမြန်ပို့ပေးရန်ပြောလိုက်သဖြင့် ချောက်ထဲက အမေ့ကို လူလေးယောက် အဝတ်ပုခက်လုပ်ပြီး ထမ်းထုတ်ကာ ကယ်သွားကြသည်။ ထို့နောက် မိခင်အပေါ်ရောက်သည်ကိုမြင်မှ သူစိတ်ချသွားသည်။ သွေးအေးသွားပြီဖြစ်၍ ပေါင်ရင်းက ပိုနာကျင်လာသည်။ လာရောက်ကယ်ဆယ်သူများကြောင့် မိခင်၊ သားလေးနှင့် သူပါ ချောက်ထဲကနေ လမ်းမပေါ်ရောက်လာသဖြင့် အားလျော့၍ ပျော့ခွေသတိလစ်သွားသည်။

(၅)

သူ သတိရလာတော့ ဆေးရုံပေါ်ရောက်နေသည်။ ဘယ်ဘက်ပေါင်က အလွန်နာသဖြင့် သူ ခုတင်ပေါ်တွင် အော်ဟစ်ညည်းညူနေရသည်။ ကိုအောင်သူ ခုတင်နားရောက်လာမှ အမေနှင့် သားလေးအကြောင်း သိချင်၍-

"အမေနဲ့သားလေးကော အခြေအနေဘယ်လိုရှိလဲ။ သူတို့ဘာတွေ ထိခိုက်သွားသေးလဲ"

"သားလေးက ကလေးဆိုတော့ နတ်ဖယ်တာနေမယ်။ ဆူးခြစ်ရာလေးတောင် ကလေးကိုယ်ပေါ်မှာမရှိဘူး။ အမေလဲ ခေါင်းထိခိုက်ရုံလေးပဲ အခြေအနေကောင်းပါတယ်။ မိန်းမ မင်းသာ အားတင်းထားနော်။ ခဏနေ ခွဲစိတ်ခန်းဝင်ရမယ်တဲ့။ ပေါင်ရိုးကျိုးသွားတာ"

ကိုအောင်သူစကားကြောင့် အမေနှင့်သားလေး ဘာမှထိခိုက်မှုမဖြစ်သွားမှန်းသိရ၍ စိတ်အေးသွားရသည်။ ခဏအကြာတွင် ခွဲစိတ်ခန်းဝင်ရန် တွန်းလှည်းနှင့် သူ့ကိုလာခေါ်ကြသည်။ မေ့ဆေးအရှိန်နှင့် သူ့ခွဲစိတ်အပြီး နာရီဝက်အကြာမှ သတိပြန်ရလာသည်။ သူ သတိပြန်ရရချင်း အခန်းထဲတွင် မှုခင်းစစ်ဆေးရန် ရဲများရောက်နှင့်နေသည်။ ခုတင်ဘေးတွင် ကိုအောင်သူက ရပ်စောင့်နေပေသည်။ ဖြစ်ကြောင်းကုန်စဉ် အမှန်တိုင်းသာ သူ မှုခင်းစစ်ရဲများကို ထွက်ဆိုလိုက်သည်။

"သေမှုသေခင်းအတွက် ဟိုပုံးရဲစခန်းကို ဆရာမ လာရမယ်"

"ရှင် ဘယ်သူသေသွားလို့လဲရှင်"

"ဆရာမ မိခင် သေသွားပြီလေ"

သူ နားထဲ မထင်မှတ်ထားသည့်စကားကြားရသောကြောင့် မျက်ရည်ပူများ စီးကျလာသည်။

"အမေ့ကို သတ်လိုက်မိသူက ကိုယ်ကိုယ်တိုင်တဲ့လား။ မဟုတ်ဘူး မဟုတ်ဘူး။ အမေ့ကိုလာကယ်တဲ့သူတွေ အကောင်းကြီး သယ်ထုတ်သွားကြတာပါ မဖြစ်နိုင်ဘူး"

"မင်းကြောင့် မဟုတ်ပါဘူးကွာ။ ဖြစ်ချိန်တန်လို့ဖြစ်တယ်ပဲ သဘောထားလိုက်ပါ။ အခု မင်းအလုပ်ကော ဘယ်လိုလုပ်မလဲ"

"ကျွန်မနောက်မှ စဉ်းစားပါရစေ။ အခု ကျွန်မ ရူးမတတ်ခံစားနေရတာ။ ဘာကိုမှမပြောချင်ဘူး"ဟုပြန်ပြောပြီး ဝမ်းနည်းစွာ သူ အော်ငိုပြစ်လိုက်သည်။

"ဒီလိုဖြစ်မယ်မှန်း သိနေလို့လားအမေရယ်။ အစ်ကိုလေးကို ဂရုစိုက်ဖို့ တဖွဖွမှာနေတာ။ စိတ်ချပါ အမေ မထွက်စေချင်တဲ့အလုပ်ကို သမီးမထွက်ပါဘူး။ အမေ သမီးကိုခွင့်လွှတ်ပေးပါ။ ဒီလိုဖြစ်မယ်မှန်းသိရင် သမီးအမေ့ကို မခေါ်ခဲ့ပါဘူး။ အဟင့် အခုတော့ သမီးသတ်လိုက်မိပြီ"

(၆)

စိုးစိုးမင်း ဆေးရုံဆင်းပြီး ရက်တစ်ပတ်ကြာတော့ ဟိုပုံးရဲစခန်းတွင် သေမှုသေခင်းအတွက် ချိုင်းထောက်ကြီးနှင့် သွားရောက်အမှုရင်ဆိုင်ရသည်။ ကိုအောင်သူက ယခင်ကတည်းက အလုပ်လုပ်သည်ကို သဘောမတူခဲ့သူဖြစ်သောကြောင့် ယခုလိုအမှုရင်ဆိုင်ရသောအခါ ဘယ်မှလိုက်မကူသည့်အပြင် ကူညီဖြေရှင်းပေးမှုမရှိခဲ့ပါ။ ကိုအောင်သူ ကျွန်မနှင့်သားကို အချစ်လွန်၍ အလုပ်ကိုမသွားစေချင်သောကြောင့်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ကျောင်းကို ကိုအောင်သူမသိအောင် ဆရာဝန်ဆေးစာနှင့် ဆေးခွင့်စာတစ်လယူထားခဲ့သည်။ သည်ကြားထဲ ချိုင်းထောက်နှင့်ကလေးထိန်း၊ ချက်ပြုတ်ကြော်လှော်သည့်အလုပ်ကို နိုင်နင်းအောင် လေ့ကျင့်ထားသည်။

"ကိုအောင်သူ မနက်ဖြန် ကျွန်မကျောင်းပြန်သွားတက်ရတော့မယ်။ သားကိုတော့ ကျွန်မပဲ ကျောင်းခေါ်သွားလိုက်မယ်"

"အလုပ်ထွက်စာတင်ဖို့ မင်းကိုဘယ်နှခါပြောရမလဲ။ ပြည့်ပြည့်စုံစုံထားနေလျက်နဲ့ မင်း ဘာလို့အလုပ်ထွက်လုပ်ချင်ရတာလဲကွာ။ သွားမလုပ်ပါနဲ့လား"

"အလုပ်မထွက်စေချင်လို့ အမေက ကျွန်မတာဝန်ကျရာကို လိုက်ကူခဲ့တယ်။ အမေ့အသက်နဲ့ရင်းပြီးပေးဆပ်ခဲ့တဲ့ဒီအလုပ်ကို အချည်းအနှီးမဖြစ်အောင် ကျွန်မအလုပ် မထွက်နိုင်ဘူး"

ဤသို့ဖြင့် ကိုအောင်သူ အတန်တန်တားသည့်ကြားက အတိုက်အခံလုပ်၍ နောက်တစ်ရက်တွင် တာဝန်ကျရာ ပင်လုံကို စိုးစိုးမင်း သားလေးခေါ်၍ အငှားကားနှင့် လာခဲ့သည်။ အသက်ဆုံးရှုံးသွားသည့် မိခင်ဖြစ်သူ၏ဆန္ဒအတိုင်း သူလည်းမက်မောသည့် ဆရာမအလုပ်ကို ဘယ်လိုခက်ခဲနေပါစေ စွန့်လွှတ်ရန် ဘယ်တော့မှ စဉ်းစားမည်မဟုတ်။ ရုံးခန်းထဲတွင် လပတ်စာမေးပွဲ စာအုပ်များစစ်ဆေးရင်း ဘေးပုခက်ထဲတွင် အိပ်ပျော်နေသည့် သားလေးကိုကြည့်၍ ပြုံးလိုက်မိသည်။ ထိုအချိန်တွင်-

"ဆရာမရှင့် ဆရာမကို တွေ့ချင်လို့တဲ့ လူတစ်ယောက် ကားအနီလေးနဲ့ ရောက်လာတယ်ရှင့်"

သုံးတန်းကျောင်းသူတစ်ယောက်က ရှိရှိသေသေ ခါးလေးညွတ်၍ လက်ပိုက်ပြောပြီး ရုံးခန်းထဲက ပြန်ထွက်သွားသည်။ ကိုအောင်သူ စိတ်ဆိုးပြေ၍ လာတွေ့ပြီဆိုသည်ကို သူ သိလိုက်ပြီ။ ပုခက်ထဲတွင်အိပ်ပျော်နေသည့် သားလေးလည်း အိပ်ရာနိုးလာသည်။

"သားရေ သားရေ"ဟုခေါ်ပြီး ရုံးခန်းထဲဝင်လာသည့်အသံကို ကြားလိုက်ရသည်။ သေချာပါပြီ ကိုအောင်သူတစ်ယောက် မိန်းမ မင်းစိတ်ချမ်းသာသည့် ဆရာမအလုပ်ကို မထွက်တော့နှင့်ဟု ပြုံးပြီးပြန်ချော့မည်ဆိုတာ ဧကန်မလွဲပေ။ ထိုစဉ် ရုံးခန်းနှင့်ကပ်လျက် ပထမတန်းအခန်းက-

"ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း"

ကလေးများ၏ ညီညီညာညာသီဆိုသံ ထွက်ပေါ်လာလေသည်။

## မေတ္တာနှင်းလို့ နေထိုင်စို့

\- မနာလို အမုန်းစိတ်
နှလုံးရိပ် ဘယ်မထင်၊
ဘဝကို တန်ဖိုးထား
ရိုးသားဖြူစင်၊
လူသားချင်း ချစ်ချစ်ခင်
အပြစ်မမြင် နေထိုင်ရင်း၊
မုဒိတာ စိတ်လေးလွှမ်းလို့
အေးချမ်းစေမင်း။

\- မေတ္တာကို ရင်မှာနှင်း၍
ကြင်နာခြင်း ကမ်းလက်ထူ၊
တစ်ဦးကိုတစ်ဦးက
ဖေးမကာကူ၊
နွေးထွေးမှု အပြုံးယူ
အမုန်းဟူ ဘယ်မမွေး၊
လူသားဆန် လူသားအဖြစ်
ထုဆစ်မနှေး။

\- ကရုဏာ စိတ်ထားလေးနဲ့
ဘဝအရေး လှပါစေ၊
ယုံကြည်ရာ ဘဝလမ်း
လျှောက်လှမ်းမယ်လေ၊
သည်းခံခြင်း မဂ်လာတွေ
ရင်မှာမသွေ ဆောက်တည်သွား၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်လှုပ်ရှား။ ။

**ရဲသွေးနီ(တက်ဝန်)**

# မြို့သစ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပေပင်ရိုး-ပုဂံမျှော်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်နိုင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပေပင်ရိုး-ပုဂံမျှော် ကျေးရွာချင်းဆက်လမ်း အရှည် ၆ ဒသမ ၁၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်နိုင်ဦးက လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာကို ကွန်ကရစ်လမ်းကို ဌာနမှသတ်မှတ်ထားသော စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၃ ဒသမ ၇၉၁ သန်းဖြင့် ပေပင်ရိုး-ပုဂံမျှော်ကျေးရွာချင်းဆက်လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင် ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပေပင်ရိုးကျေးရွာ၊ ပုဂံမျှော်ကျေးရွာနှင့် ဆည်ရွာကျေးရွာတို့ရှိ အိမ်ခြေ ၄၄၂ အိမ်ရှိ လူ ၂၁၉၇ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုရေးကိစ္စများကို ရာသီမရွေး လွယ်ကူစွာ သွားလာဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**အထွေး**

# တရားရုံးက ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရာတွင်

စိန်လှိုင်ပိုင်

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(က)တွင် "ပုဒ်မ-၁၆ မှ ပုဒ်မ-၂၁ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ ငွေကြေး၊ ကိရိယာ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ယာဉ်၊ တိရစ္ဆာန်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့်ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

သို့ရာတွင် အချင်းဖြစ်ယာဉ်သည် ပြစ်မှုနှင့်သက်ဆိုင်ခြင်းရှိ၊ မရှိ စဉ်းစားရန်မှာ အကြောင်းခြင်းရာပြဿနာဖြစ်သည်။ ပြစ်မှုနှင့်သက်ဆိုင်သည်ဆိုရာတွင် ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ပစ္စည်းအားဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အဆိုပါပစ္စည်းကို အသုံးချခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ ယာဉ်ကို မည်သူပိုင်ဆိုင်သည်ဆိုသည့်အချက်ကို အခြေခံစဉ်းစားရန်မဟုတ်ဘဲ ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ဝယ်ယူခဲ့ခြင်းဟုတ်၊ မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ခြင်းရှိ၊ မရှိ ဆိုသည့်အချက်တို့ကို စိစစ်ရန်ဖြစ်ကြောင်းဖြင့် လမ်းညွှန်စီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုကို ၂၀၂၁ စီရင်ထုံးတွင် ဖတ်ရှုလိုက်ရပါသည်။ တရားရုံးများအပါအဝင် ပြည်သူအများ ဥပဒေဗဟုသုတရရှိစေရန်အလို့ငှာ ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် မော်လမြိုင်မြို့ မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူး စောမိုးအောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သက်သေများနှင့်အတူ သတင်းအရ မော်လမြိုင်မြို့ ရွှေပြည်စိုးရပ်ကွက် အုတ်ဖိုမြို့ပတ်လမ်း အမှတ်(၁၅၃) ရှိ နေလင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ နေအိမ်အတွင်း၌ အိမ်ရှင်နေလင်းနှင့် ၎င်း၏ဦးလေးတော်စပ်သူ မျိုးသန့်၊ ဖြိုးမောင်မောင်ဦး၊ ဇင်ဝေမြင့်မိုးတို့လေးဦးကို တွေ့ရှိရပြီး ၎င်းတို့ထိုင်နေသောကော်ဇောအောက်မှ M-15 ပုလင်းအတွင်း ရောင်စုံအအေးစုပ်ပိုက်များဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွဆေးပြား ၉၆ ပြား (၉ ဒသမ ၆)ဂရမ် ၎င်းတို့ထိုင်နေသည့်ရှေ့ နေအိမ်ကြွေပြားခင်းပေါ်မှ စိတ်ကြွဆေးသုံးရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ အိမ်ရှေ့တွင် ရပ်ထားသော ဟွန်ဒါအမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိခဲ့သည်။

အဆိုပါပစ္စည်းများကို သက်သေခံ(ဂ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့ပြီး ၎င်းတို့လေးဦးအပေါ် ဥပဒေအရ အရေးယူပေးရန် ဒုတိယရဲမှူး စောမိုးအောင်က ပထမသတင်းပေး တိုင်ချက်ရေးဖွင့်တိုင်တန်းခဲ့ပါသည်။ မော်လမြိုင်ခရိုင်တရားရုံး ၂၀၁၉ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်- ၂၀၄ တွင် တရားခံနေလင်းနှင့် မျိုးသန့်တို့အပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးနောက် သက်သေခံ ဟွန်ဒါအမျိုးအစားမော်တော်ဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ယာဉ်ပိုင်ရှင်ဟုအဆိုရှိသူ ဦးသန်းစိုးက ယာဉ်ပြန်လည်ရရှိရေးအတွက် မွန်ပြည်နယ် တရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုလျှောက်ထားသော်လည်း ပလပ်ခြင်းခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခဲ့ပါသည်။ ပြင်ဆင်မှုတင်သွင်းသူက အချင်းဖြစ်ဆိုင်ကယ်မှာ တရားခံနေလင်း၏ဖခင် လျှောက်ထားသူပိုင်ဆိုင်ကြောင်း၊ ဆိုင်ကယ်ကို အိမ်ရှေ့တွင်ရပ်ထားစဉ် သိမ်းဆည်းခဲ့သည့်အချက်ကို မူလရုံးနှင့် ပြင်ဆင်မှုရုံးတော်တို့က အလေးအနက်သုံးသပ်မှုမပြုဘဲ လျှောက်ထားသူကို ပြန်မပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ပြင်ဆင်မှုအကြောင်းပြချက်အပေါ် ပြန်လည်စဉ်းစားသင့်ပါကြောင်း ရုံးတော်သို့ တင်ပြလျှောက်လဲခဲ့ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် အချင်းဖြစ်ဆိုင်ကယ်ကို တရားခံနေလင်းက မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုခဲ့သည်ဟု ပထမသတင်းပေးတိုင်ချက် တရားလိုနှင့် ရဲတပ်ဖွဲ့ဝင် လိုပြသက်သေများ၏ ထွက်ဆိုချက်များ သက်သေခံ(ဂ) ရှာဖွေပုံစံပေါ်တွင် ရေးသွင်းချက်များ၌ တွေ့ရှိရသော်လည်း ရှာဖွေသက်သေများဖြစ်သည့် ဦးစိုးမြင့် (လိုပြ-၃) နှင့် ဦးမြင့်ဖေ (လိုပြ-၆) တို့က ရုံးရှေ့ထွက်ဆိုရာတွင် **နေအိမ်ရှေ့၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်းသာ ထွက်ဆိုထားပြီး တရားခံ နေလင်းက မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်ဖြစ်ကြောင်း ပြောဆိုပေးအပ်ခဲ့သည်ဟု ထွက်ဆိုချက်မတွေ့ရကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေးဦးစွာ စိစစ်ဖော်ထုတ်သုံးသပ်ခဲ့ပါသည်။

အချင်းဖြစ်ဆိုင်ကယ်တွေ့ရှိပုံမှာလည်း နေအိမ်ရှေ့တွင်ရပ်ထားစဉ် တွေ့ရှိခြင်းဖြစ်ပြီး ဆိုင်ကယ်အတွင်းမှ မူးယစ်ဆေးဝါးများမတွေ့ရခြင်း၊ အချင်းဖြစ်စဉ်တွင် ငွေကြေးများ သိမ်းဆည်းရရှိမှုမရှိခြင်းတို့ကြောင့် တရားခံ နေလင်းက အချင်းဖြစ်ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်သည့်အနေအထားမတွေ့ရကြောင်း၊ ထိုသို့သောအခြေအနေတွင် **အချင်းဖြစ်ဆိုင်ကယ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်ဖြစ်ကြောင်း၊ ကောက်ယူသုံးသပ်ပါက ထင်ကြေးဖြင့် အပြစ်ပေးသည့်သဘောသက်ရောက်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပါက မှူတမှန်ကန်သည်ဟုမဆိုနိုင်ကြောင်း ဦးအောင်ငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၂၀၀၈ ခုနှစ်၊ မ.တ.စ စာ-၁၂၁ ကို** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရည်ညွှန်းခဲ့ပါသည်။

တရားခံနေလင်းအနေဖြင့် အချင်းဖြစ်ဆိုင်ကယ်မှာ ဖခင်ဖြစ်သူ၏ ဆိုင်ကယ်ဖြစ်ကြောင်း တရားလို ဒုတိယရဲမှူး စောမိုးအောင်ကိုစစ်ဆေးစဉ် ပြန်လှန်မေးမြန်းထားသည်။ လျှောက်ထားသူကလည်း အချင်းဖြစ်ဆိုင်ကယ်ကို အရစ်ကျဝယ်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေ ၂၃ ရက်မှ ယာဉ်နံပါတ် (၇၂ ယ/၉၁၃၈၅) ကို ရရှိခဲ့ကြောင်း တင်ပြထားသည်။ မူလခရိုင်တရားရုံးက အမှုကို ၂၀၂၀ ပြည့်နှစ် ဇူး ၇ ရက်တွင် အမိန့်ချမှတ်ခဲ့ရာ လျှောက်ထားသူ ဦးသန်းစိုးအနေဖြင့် ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိစေကာမူ အချင်းဖြစ်ဆိုင်ကယ်မှာ ၎င်းပိုင်ဆိုင်ကြောင်း ပြင်ဆင်မှုတွင် တင်ပြချက်သည် ကျိုးကြောင်းဆီလျော်မှုရှိသည်ဟုဆိုနိုင်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ဝေဖန်ခဲ့ပါသည်။

အချင်းဖြစ်ဆိုင်ကယ်ကို တရားခံ နေလင်းက မူးယစ်ဆေးဝါးရောင်းဝယ်၍ ရရှိသောငွေကြေးဖြင့် ဝယ်ယူခဲ့ကြောင်း သက်သေခံချက်တစ်စုံတစ်ရာမရှိသဖြင့် အဆိုပါဆိုင်ကယ်သည် ပြစ်မှုနှင့်သက်ဆိုင်သည်ဟု ကောက်ယူနိုင်မည်မဟုတ်ကြောင်း **မောင်တင့်လွင် ခေါ် တေဒသားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၂၀၀၀ ပြည့်နှစ် မ.တ.စ စာ-၆၁ အမှုကို** ရုံးတော်က ရည်ညွှန်းခဲ့ပါသည်။

ထိုသို့ပေါ်ပေါက်နေသည့် အခြေအနေတွင် သက်သေခံဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၂၄(က) နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြင်ဆင်မှုရုံးအနေဖြင့် တည့်မတ်ပေးရန်လိုအပ်ကြောင်း သုံးသပ်၍ ပြင်ဆင်မှုကို ခွင့်ပြုလိုက်ပါသည်။

အချင်းဖြစ်ဟွန်ဒါအမျိုးအစား ထိုင်းနိုင်ငံထုတ် အနက်ရောင်မော်တော်ဆိုင်ကယ်ကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သည့် မော်လမြိုင်ခရိုင်တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော မွန်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး အဆိုပါဆိုင်ကယ်ကို ပြင်ဆင်မှုလျှောက်ထားသူ ဦးသန်းစိုးသို့ ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်လိုက်ပါသည်။

အထက်ပါလမ်းညွှန်စီရင်ထုံးအရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသောယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူလျှင် တရားရုံးက စိစစ်ရမည့်အချက်များကို ဖော်ပြထားပါကြောင်း ဦးသန်းစိုးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၆၈၁(ခ) ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။



# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၈ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက၂၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်ထိ ၁၀၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက် ဧက ၂၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဇင်ဘာ ၁၁ ရက်ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို အသိပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၈၉၇ ဧကနှင့် မိုပိုင်းလွတ်မြို့နယ်ခွဲတွင် ၁၂၁ ဧက စုစုပေါင်း ၁၀၁၈ ဧကတို့ဖြစ်ကြောင်း၊ ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၈၃၂ ဧကနှင့် မိုပိုင်းလွတ်မြို့နယ်ခွဲတွင် ၁၁၈ ဧက စုစုပေါင်း ဧက ၂၉၅၀ တို့ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းပေးပြီး စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်ဧက တိုးချဲ့စိုက်ပျိုးရန်အတွက် အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၅၃၀၀၀ ထိသာရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များသည် အရည်သွေးကောင်းမွန်ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၉၈၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ ရောင်းချအားတက်ခဲ့တာဖြစ်ပါတယ်"ဟု ဒေါ်ကြူကြူဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အမျိုးအစားသည် ငါးကွမ်းရှပ် (ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်တစ်ပိဿာချင်း ဈေးနှုန်းများမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ ငါးကွမ်းရှပ် (ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀၀၊ ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ရှောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဒီဇင်ဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှောက်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရှောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၂ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိုအို**

# ကန့်ဘလူခရိုင်တွင် ဆောင်းနေကြာ ၂၄၄၈ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၂၄၄၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၄၂၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၄၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဆောင်းနေကြာဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ နေကြာကို ဆောင်းမှာ အဓိကစိုက်ပျိုးတာပါ။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးသွားမှာပါ"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ဆောင်းနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၁၉၂၇ ဧက၊ ကျွန်းလှမြို့နယ်တွင် ၅၂၁ ဧက စုစုပေါင်း ၂၄၄၈ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၀၃၃ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၂၂၅ ဧက စုစုပေါင်း ၄၂၅၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ကန့်ဘလူခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

# တောင်တွင်းကြီးမြို့နယ် ချင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ဆူးကောက်ကြီးကျေးရွာအုပ်စု ချင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ချင်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

ချင်းကုန်းကျေးရွာ၌ လမ်းအရှည် ၆၃၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ချင်းကုန်းကျေးရွာရှိ အိမ်ခြေ ၂၄၈ အိမ်၊ လူဦးရေ ၁၂၄၁ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း ယခင်ကထက် ပို၍ ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝိုးလိုင်းကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဝိုးလိုင်းကျေးရွာ၌ ရေဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အရှည်နှစ်မိုင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝိုးလိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၃၉၈ သန်းအသုံးပြု၍ အောင်စံပယ်ဖြူကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဝိုးလိုင်းကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိနေပြီဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**အေးသူ**

# တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့နိုင်သည့် တရုတ်ကိုယ်ပျောက်ရေငုပ်သင်္ဘောများ



တရုတ်နိုင်ငံ၏ Type 039C Yuan အတန်းအစား ရေငုပ်သင်္ဘောသည် အသံလှိုင်းထုတ်လွှင့်မှု လျှော့ချနိုင်သည့် ဒီဇိုင်းရေးဆွဲထားသောကြောင့် ကမ္ဘာ့ပထမဆုံးသော ကိုယ်ပျောက်ရေငုပ်သင်္ဘောအဖြစ် ရပ်တည်လာတော့မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ စစ်ရေယာဉ်အမြောက်အမြား တည်ဆောက်နိုင်မှုစွမ်းဆောင်ရည်သည် လေမဲ့တွန်းကန်အားစနစ် (AIP) တပ်ဆင်ထားသည့် Yuan အတန်းအစား ရေငုပ်သင်္ဘောအဖြစ် ရပ်တည်လာစေနိုင်မည်ဖြစ်ကြောင်း ရေတပ်ဆိုင်ရာသတင်းများက အစီရင်ခံထားရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ထောင့်ချိုးကိုယ်ထည်ပုံစံဒီဇိုင်းရေးဆွဲထားသည့် ကိုယ်ပျောက်ရေငုပ်သင်္ဘောများကို အရှိန်အဟုန်မြင့်တည်ဆောက်လျက်ရှိသည်။ ဆွီဒင်နိုင်ငံထုတ် A-26 အတန်းအစားနှင့် ဂျာမနီထုတ် Type-212 CD အတန်းအစား ရေငုပ်သင်္ဘောများသည် အလားတူဒီဇိုင်းပုံစံများပင်ဖြစ်ပြီး ဂျာမနီထုတ် Type-212 CD သည် အခြားသောရေငုပ်သင်္ဘောကိုယ်ထည်များထက်ပင် ထောင့်ချိုးပုံစံကို ပိုမိုအသားပေးတည်ဆောက်ထားရှိသည်။

အသစ်တည်ဆောက်သွားမည့် ရေငုပ်သင်္ဘောများတွင် အသံကိုလက်ခံနားထောင်ပြီး ရေအောက်ရှိပစ္စည်း၏တည်နေရာကိုရှာဖွေသည်ထက် အသံထုတ်လွှင့်ပြီး ပဲ့တင်သံကိုပြန်လည်ဖမ်းယူကာ ရေအောက်ရှိ အရာဝတ္ထုပစ္စည်း၏ တည်နေရာကိုရှာဖွေသည့်နည်းပညာ (Passive to Active Sonar) ကို အသုံးပြုသွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ရေငုပ်သင်္ဘောများကို အသံပိုမိုလုံခြုံစွာ တည်ဆောက်လာလျက်ရှိသဖြင့် အသံကိုလက်ခံနားထောင်ကာ တည်နေရာရှာဖွေသည့်စနစ်သည် ထိရောက်မှုမရှိတော့ပေ။

အသံထုတ်လွှင့်ကာ ခြေရာခံသည့်စနစ် (Active Sonar) သည် အသံကိုထုတ်လွှင့်ပေးသည့်အပြင် ပြန်လည်ရိုက်ခတ်လာသောအသံကိုလည်း ပြန်လည်အသုံးပြုသွားနိုင်ပေသည်။ အသံကိုလက်ခံကာ တည်နေရာရှာဖွေသည့်စနစ် (Passive Sonar) သည် ရေငုပ်သင်္ဘောက ထုတ်လွှင့်လာသည့် အသံကိုသာ နားထောင်နေသဖြင့် ထိရောက်မှုနည်းပါးလျက်ရှိသည်။

Type 039C Yuan အတန်းအစားရေငုပ်သင်္ဘောတွင်ပါဝင်သော ကိုယ်ပျောက်စွမ်းရည်များသည် အလယ်အလတ်ကြိမ်နှုန်းရှိသည့် အသံထုတ်လွှင့်ခြေရာခံမှုကို တုံ့ပြန်နိုင်ရန်ဒီဇိုင်းရေးဆွဲထားရှိပြီး ရေငုပ်သင်္ဘောကိုလည်း ရန်သူကခြေရာခံနိုင်စွမ်းမရှိအောင် တည်ဆောက်ထားရှိသည်။

တရုတ်နိုင်ငံ၏ Type 039C ရေငုပ်သင်္ဘောသည် ၎င်း၏သမားရိုးကျ ရေငုပ်သင်္ဘောဒီဇိုင်းပုံစံများကို နောက်ဆုံးပြုပြင်ပြောင်းလဲတည်ဆောက်ထားခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့နိုင်ရေးအတွက် သဏ္ဌာန်တူစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ သမားရိုးကျရေငုပ်သင်္ဘောအစီအစဉ်သည် တရုတ်(တိုင်ပေ)အပေါ် အဓိကထား၍ အာရုံစူးစိုက်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အနီးအနားတွင်ရှိသည့် တရုတ်(တိုင်ပေ)နှင့်စပ်လျဉ်း၍ အရေးပေါ်အခြေအနေ ဖြစ်လာစေသည့်အချိန်တွင် နျူကလီးယားရေငုပ်သင်္ဘောများ အသုံးပြုရန်မလိုအပ်တော့ပေ။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် တည်ဆောက်ခဲ့ပြီး ရှန်ဟိုင်းတွင်လိုအပ်သော အထောက်အကူပြုပစ္စည်းများကိုတပ်ဆင်ခဲ့သည့် Type 039C သည် အသစ်သုတေသနပြုထားသည့် နည်းပညာနှင့်အဆင့်မြင့် အထောက်အကူပြုပစ္စည်း ၆၀ ရာခိုင်နှုန်းခန့်ကို အသုံးပြုကာ သမားရိုးကျရေငုပ်သင်္ဘောနည်းပညာကို ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ထားခြင်းဖြစ်ပြီး ထူးခြားသောစနစ်များဖြင့် ပြန်လည်ပုံဖော်တည်ဆောက်ထားရှိခြင်းဖြစ်သည်။

Type 039C သည် AIP နည်းပညာပါရှိသော်လည်း အသုံးပြုထားသည့် တွန်းကန်အားစနစ်ကိုမူ အတိအကျမသိရှိရပေ။ ၎င်းရေငုပ်သင်္ဘောတွင် လစ်သီယံဘက်ထရီများ အသုံးပြုထားသည်ဟု တချို့သော ပညာရှင်များက ယူဆလျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့လျှပ်စစ်သုံးယာဉ် (EV) များ၏ ဘက်ထရီ ၇၅ ရာခိုင်နှုန်းခန့် ထုတ်လုပ်လျက်ရှိသောကြောင့် ထိုသို့ကိုယ်ပျောက်ရေငုပ်သင်္ဘောများ မဟာဗျူဟာမြောက် တည်ဆောက်နိုင်ခြင်းဖြစ်သည်ဟု သုံးသပ်ပြောဆိုလျက်ရှိသည်။ လစ်သီယံဘက်ထရီများသည် ရေငုပ်သင်္ဘောများကို မြန်နှုန်းမြင့်စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်စေမည့်အပြင် ရေအောက်တွင်လည်း အချိန်နှစ်ဆခန့် ပိုမိုတာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်) (PLAN) သည် လွန်ခဲ့သောဆယ်စုနှစ်တစ်စုကျော်ကတည်းက သမားရိုးကျဘက်ထရီများ နေရာတွင် လစ်သီယံဘက်ထရီများနှင့် အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း အပူရှိန်မြင့်တက်မှုနှင့် မီးဘေးအန္တရာယ်တို့ကြောင့် အသုံးပြုရန်နှောင့်နှေးနေခြင်းဖြစ်ဖွယ်ရာရှိပေသည်။

မည်သို့ပင်ဆိုစေ ကုန်ကျစရိတ်သက်သာခြင်း၊ အသင့်ပြုလုပ်ထားသော သံနှင့်ဖော့စဖိတ် အလွယ်တကူရရှိနိုင်ခြင်း စသည့်အဆင့်မြင့်တိုးတက်လာမှုများသည် သမားရိုးကျဘက်ထရီများနေရာတွင် အစားထိုးနိုင်ပြီဖြစ်သည်။ ခြွင်းချက်အနေဖြင့် နီကယ်ဖြိုပ်စင်နှင့် ကိုဗော့သတ္တုပေါင်းစပ်မှုတို့သည် အန္တရာယ်ဖြစ်ပေါ်နိုင်သော်လည်း မာကျောတောင့်တင်းသောကာဗွန်နှင့် ဘိလပ်မြေတို့ဖြင့် အုပ်ထားခြင်းသည် ဘက်ထရီများထုပ်ပိုးရာတွင် ဘေးကင်းလုံခြုံမှု ပိုမိုရရှိစေနိုင်ပေသည်။

Type 039C ရေငုပ်သင်္ဘောများသည် ဝိုင်ယာပဲ့ထိန်းတော်ပီတိုများ၊ ရေတပ်သုံးဗုံးကျည်များနှင့် သင်္ဘောဖျက်ဗုံးကျည်များအပါအဝင် Yuan အတန်းအစားရေငုပ်သင်္ဘောများကဲ့သို့ပင် လက်နက်စနစ်များ တပ်ဆင်ထားဖွယ်ရာရှိသည်။ ထို့ပြင် ၎င်းရေငုပ်သင်္ဘောသည် တောပီတိုပြောင်းများဖြင့် မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်များကိုလည်း ပစ်ခတ်နိုင်မည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကျွန်းအလွန်တွင် ပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဩဂုတ်လစစ်ရေးလေ့ကျင့်ခန်းတွင် Type 039C တပ်ဖြန့်ချထားခဲ့ပြီး တရုတ်(တိုင်ပေ)ကို ရေငုပ်သင်္ဘောဖြင့်ပိတ်ဆို့သည့် သဏ္ဌာန်တူ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ Type 039C နှင့် အခြားသောရေငုပ်သင်္ဘောများသည် အနာဂတ်တွင် တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်

တရုတ်နိုင်ငံ၏သိမ်းပိုက်မှုကိုခုခံရေးအတွက် တရုတ်(တိုင်ပေ)အရှေ့ဘက်တွင် အစောင့်ရှောက်ရေယာဉ်စုများအသုံးပြုပြီး ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေး(ASW)ဆင်နွှဲသွားဖွယ်ရာရှိသည်။ ထိုသို့စစ်ဆင်နွှဲလာမည်ဆိုလျှင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နှင့်မဟာမိတ်စစ်ရေယာဉ်များ တရုတ်(တိုင်ပေ)ဆိပ်ကမ်းမရောက်မီ တိုက်ခိုက်နှစ်မြှုပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်နှင့် မဟာမိတ်များအနေဖြင့် တရုတ်ရေငုပ်သင်္ဘောများကိုခြေရာခံတိုက်ခိုက်နှစ်မြှုပ်နိုင်မည့် အခွင့်အလမ်းမှာ အလွန်နည်းပါးလျက်ရှိသည်။ အထူးသဖြင့် အမေရိကန်ရေတပ်သည် တရုတ်၏နည်းပညာမြင့်မားသောသမားရိုးကျရေငုပ်သင်္ဘောများ၏ ခြိမ်းခြောက်မှုကိုရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားဖွယ်ရာမရှိသေးပေ။

စစ်အေးကာလ တိုက်ပွဲပြီးဆုံးကတည်းကပင် အမေရိကန်ရေတပ်သည် ရေစူးတိမ်သည့်နေရာများတွင် စစ်ဆင်ရေးများဆင်နွှဲနိုင်ရေးအတွက် ၎င်း၏ ASW စွမ်းဆောင်ရည်များကို လိုက်လျောညီထွေပြင်ဆင်နိုင်ခြင်းမရှိသေးပေ။ အထူးသဖြင့် ရေစူးမီတာ ၆၀ ခန့်သာရှိသော ထိုင်ဝမ်ရေလက်ကြားတွင် တရုတ်နိုင်ငံကို အသာစီးရရှိရေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်သွားရန် လိုအပ်နေဆဲပင်ဖြစ်သည်။ ထို့ပြင် တရုတ်ရေငုပ်သင်္ဘောများသည် အရပ်ဘက်သင်္ဘောများ၏ ဆူညံသံများကြားတွင် မည်သို့မည်ပုံ တပ်ဖျောက်ထားရမည်ကိုလည်း သိရှိထားသဖြင့် ၎င်းတို့ကိုခြေရာခံပြီး ပစ်မှတ်ထားရန်

**❖ Type 039C Yuan အတန်းအစား ရေငုပ်သင်္ဘောတွင်ပါဝင်သော ကိုယ်ပျောက်စွမ်းရည်များသည် အလယ်အလတ်ကြိမ်နှုန်းရှိသည့် အသံထုတ်လွှင့်ခြေရာခံမှုကို တုံ့ပြန်နိုင်ရန်ဒီဇိုင်းရေးဆွဲထားရှိပြီး ရေငုပ်သင်္ဘောကိုလည်း ရန်သူကခြေရာခံနိုင်စွမ်းမရှိအောင် တည်ဆောက်ထားရှိသည်။ တရုတ်နိုင်ငံ၏ Type 039C ရေငုပ်သင်္ဘောသည် ၎င်း၏သမားရိုးကျ ရေငုပ်သင်္ဘောဒီဇိုင်းပုံစံများကို နောက်ဆုံးပြုပြင်ပြောင်းလဲတည်ဆောက်ထားခြင်းဖြစ်ပြီး တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့နိုင်ရေးအတွက် သဏ္ဌာန်တူစစ်ရေးလေ့ကျင့်မှု လုပ်ဆောင်လျက်ရှိသည်။ ❖**

သည်။ ဆိုရလျှင် စစ်မက်ဖြစ်ပွားလာသည့်အချိန်တွင် တရုတ်(တိုင်ပေ)အနေဖြင့် စက်သုံးဆီ ၁၄၆ ရက်စာနှင့် သဘာဝဓာတ်ငွေ့ ၁၁ ရက်စာခန့်သာ သိုလှောင်ထားနိုင်မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)ကို ဝိုင်းပတ်ပိတ်ဆို့ရာတွင် သမားရိုးကျရေငုပ်သင်္ဘောများသည် PLAN ၏ စစ်ရေယာဉ်များနှင့် လေယာဉ်များကိုဘေးအန္တရာယ်မှ လျှော့ချပေးနိုင်မည့်အပြင် တရုတ်(တိုင်ပေ) ဆိပ်ကမ်းများမှ ဝင်၊ ထွက်သွားလာမည့်သင်္ဘောများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်နိုင်မည်ဖြစ်သည်။ ထိုသို့ဝိုင်းပတ်ပိတ်ဆို့ထားခြင်းသည် ကမ်းထိုးတိုက်ယာဉ်များ စေလွှတ်ရန်မလိုဘဲ တရုတ်(တိုင်ပေ)ကို အလွယ်တကူ လက်မြှောက်အရှုံးပေးရန် ဖိအားပေးနိုင်မည်ဖြစ်သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ခက်ခဲလျက်ရှိသည်။

အဆိုပါစိန်ခေါ်မှုများကြောင့် အမေရိကန်အနေဖြင့် ရေအောက်စစ်ဆင်ရေးအတွက် ချဉ်းကပ်မှုပုံစံပြောင်းလဲသွားရန်နှင့် မောင်းသူမဲ့ရေယာဉ်များ ပိုမိုတည်ဆောက်သွားရန် လိုအပ်လာပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်သွားနိုင်မှသာလျှင် အမေရိကန်နှင့်မဟာမိတ်တပ်ဖွဲ့များအနေဖြင့် ကိုယ်ပျောက်စွမ်းရည်ရှိသော တရုတ်ရေငုပ်သင်္ဘောများ၏ လှုပ်ရှားမှုကို ဘေးကင်းလုံခြုံစွာ ခြေရာခံနိုင်သွားဖွယ်ရာရှိပေသည်။

**ကိုးကား**

**- China's new stealth sub built for a Taiwan blockade By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

## တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများ သိသာထင်ရှားစွာတိုးတက်ခဲ့ပြီး စီးပွားရေးတိုးတက်မှုကို တွန်းအားပေးခဲ့ကြောင်း ထုတ်ပြန်



**ပေကျင်း ဒီဇင်ဘာ ၁၂**

တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှုထိန်းချုပ်ရေး လုပ်ငန်းများသည် မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားသော တိုးတက်မှုများကို မြင်တွေ့ခဲ့ရပြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးခဲ့ကြောင်း ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တစ်ကမ္ဘာလုံးတွင် လေထုအရည်အသွေးမြှင့်တင်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် တရုတ်နိုင်ငံသည် ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုပြဿနာကို အခြေခံအားဖြင့် ဖြေရှင်းခဲ့ကြောင်း ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် Liu Bingjiang က ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ လေထုညစ်ညမ်းမှုထိန်းချုပ်ရေး ပစ်မှတ်ထားကြိုးပမ်းမှုများကြောင့် နိုင်ငံတစ်ဝန်းတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ယွမ် လေးထရီလီယံ (အမေရိကန်ဒေါ်လာ ၅၆၂ ဒသမ ၀၉ ဘီလီယံခန့်)ထိရှိခဲ့ပြီး အဆိုပါကြိုးပမ်းမှုများကြောင့် တရုတ်နိုင်ငံ၏ GDPသည်လည်း ယွမ် ၆၁ထရီလီယံခန့်တိုးလာစေခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လေထုအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံက တီထွင်ထားသော လေထုညစ်ညမ်းမှုလျှော့ချရေး နည်းပညာသစ်များနှင့် ထုတ်ကုန်များ ကျယ်ပြန့်စွာအသုံးပြုခြင်းကို တွေ့မြင်ရပြီး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးပစ္စည်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးကားသစ်များ ထုတ်လုပ်ခြင်းအပါအဝင် သက်ဆိုင်ရာစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးခဲ့ကြောင်း အင်ဂျင်နီယာချုပ် Liu Bingjiang က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ လေထုအရည်အသွေး ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမှုများကြောင့် မြို့ပြအလုပ်အကိုင်သစ် စုစုပေါင်းသုံးသန်းကျော်ကိုဖန်တီးပေးနိုင်ခဲ့ကြောင်း ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းများအရ သိရသည်။

**Ref : Xinhua News**
**Trs : AZH**

## ဝါချက်စတာရှိုင်းယားကောင်တီ၌ ရေကြီးမှုကြောင့် လမ်းမကြီးတချို့ ယာယီပိတ်ထားရ

**လန်ဒန် ဒီဇင်ဘာ ၁၂**

အင်္ဂလန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဝါချက်စတာရှိုင်းယားကောင်တီ၌ ရေကြီးရေလျှံမှုဖြစ်ပွားနေခြင်းကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း ဝါချက်စတာရှိုင်းယားကောင်တီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် ဧရိယာအတွင်း မော်တော်ယာဉ်ဖြတ်သန်းမောင်းနှင်မှုများ ရှိခဲ့ရာ မော်တော်ယာဉ်မောင်းနှင်သူတချို့ကို ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ဝေ့ဗန်နီမြစ်နှင့် ဒိုဗီမြစ်ရေလျှံတက်မှုကြောင့် ဝါချက်စတာရှိုင်းယားကောင်တီတွင် ရေကြီးရေလျှံမှုအခြေအနေဆိုးရွားခဲ့ခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့သော်လည်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း ဝါချက်စတာရှိုင်းယားကောင်တီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် မော်တော်ယာဉ်သုံးစီး ရေနစ်မြုပ်ခဲ့ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေက အရေးပေါ်အခြေအနေနဲ့ ရေမြုပ်နေတဲ့ မော်တော်ယာဉ်တွေထဲက ယာဉ်မောင်းတွေကို ကယ်ထုတ်ပေးခဲ့ရပါတယ်။ ကယ်ထုတ်ပေးခဲ့ရတဲ့ ယာဉ်မောင်းသုံးယောက်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ လက်ရှိ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ လမ်းမကြီးတွေဟာ ဖြတ်သန်းသွားလာလို့မရတဲ့ အခြေအနေဖြစ်ပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့ လမ်းမကြီးတွေမှာ လျှပ်စစ်မီးဖြတ်တောက်ထားဖို့ ညွှန်ကြားထားပါတယ်"ဟု ဝါချက်စတာရှိုင်းယားကောင်တီ မီးသတ်နှင့်ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဝါချက်စတာရှိုင်းယားကောင်တီတွင် မိုးသည်းထန်စွာ ရွာသွန်းနေသကဲ့သို့ လေတိုက်နှုန်းလည်းမြင့်မားနေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၆ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း ဝါချက်စတာရှိုင်းယားကောင်တီ မီးသတ်နှင့်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ကွန်ဂိုနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူ ၁၄ ဦးထက်မနည်း သေဆုံး

**ဘရာဇာဗီးလ် ဒီဇင်ဘာ ၁၂**

ကွန်ဂိုနိုင်ငံ အရှေ့ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် လူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ကွန်ဂိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများသည် ဘူကာဗူမြို့တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နေအိမ်တချို့ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူတချို့မှာ စိုးရိမ်ရဖွယ်ရှိနေသည့်အတွက် သေဆုံးသူလူဦးရေ မြင့်တက်လာဖွယ်ရှိနေကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာ ရွာသွန်းခဲ့လို့ နေရာတော်တော်များများမှာ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ ဒေသခံအယောက် ၄၀၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ဒေသခံ ၁၄ ယောက်ထက်မနည်း သေဆုံးခဲ့ပြီးတော့ ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြား ရှိနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ တချို့ဟာ အခြေအနေ စိုးရိမ်ရပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုတော့ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်"ဟု ဘူကာဗူမြို့တော်ဝန်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။



ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဘူကာဗူမြို့တွင် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံဦးရေ ၄၀၀ ထက်မနည်း ရှိနေကြောင်း ကွန်ဂိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် နော်ဝေနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၅၀ ကူညီပံ့ပိုး

**အော့စလို ဒီဇင်ဘာ ၁၂**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက် နော်ဝေနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၅၀ ကူညီပံ့ပိုးပေးထားကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နော်ဝေနိုင်ငံသည် အမေဇုန်မိုးသစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် နှစ်စဉ် ငွေကြေးပံ့ပိုးမှုပြုလုပ်ခဲ့သော်လည်း ဘရာဇီးသမ္မတဟောင်း ဘိုဆိုနာရိုလက်ထက် ၂၀၁၉ ခုနှစ်မှစတင်၍ နော်ဝေနိုင်ငံက ငွေကြေးပံ့ပိုးမှုကို ရပ်ဆိုင်းခဲ့ကြောင်း၊ ဘိုဆိုနာရိုလက်ထက်တွင် အမေဇုန်မိုးသစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် ဆောင်ရွက်မှုများ အားနည်းသဖြင့် ငွေကြေးပံ့ပိုးမှုကို ဖြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိသမ္မတ လူလာဒါဆေးလ်ဗားလက်ထက်တွင် အမေဇုန်မိုးသစ်တောပြုန်းတီးမှု ကာကွယ်ရေးကို ထိရောက်သော စီမံချက်များဖြင့် ဆောင်ရွက်လာသကဲ့သို့ အောင်မြင်မှုများလည်း ရရှိလာသဖြင့် နော်ဝေနိုင်ငံက ငွေကြေးပြန်လည်ပံ့ပိုးပေးသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် အမေဇုန်မိုးသစ်တောသည် အဓိကနေရာမှပါဝင်နေပြီး ကမ္ဘာ့လေထုအတွင်းမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို အမေဇုန်မိုးသစ်တောက အများဆုံးစုပ်ယူလျက်ရှိကြောင်း၊ ထို့ကြောင့် အမေဇုန်မိုးသစ်တောပြုန်းတီးမှု ကာကွယ်ရေးအတွက် နော်ဝေနိုင်ငံက ငွေကြေးပံ့ပိုးမှုကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတ လူလာဒါဆေးလ်ဗားလက်ထက်တွင် ၂၀၂၃ ခုနှစ် ၁၁ လတာကာလအတွင်း နှစ်စဉ်ပုံမှန်သစ်တောပြုန်းတီးမှု ဖြစ်ပေါ်လေ့ရှိသည့်ပမာဏအောက် ၅၀ ရာခိုင်နှုန်းထိ လျှော့ချလာနိုင်သည်ကိုလည်း အသိအမှတ်ပြုကြောင်း နော်ဝေအစိုးရက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်သဖြင့် ရာသီဥတုဆိုင်ရာသတိပေးချက်များ ထုတ်ပြန်

**ကင်ဘာရာ ဒီဇင်ဘာ ၁၂**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကမ်းရိုးတမ်းတစ်လျှောက်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်သဖြင့် ရာသီဥတုဆိုင်ရာသတိပေးချက်များထုတ်ပြန်ထားပြီး မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျက်စပါဟု အမည်ပေးထားသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဩစတြေးလျနိုင်ငံ ကမ်းရိုးတန်းအနီးတွင် ဖြစ်ပေါ်နေပြီး ကွင်းစလန်းပြည်နယ် ကမ်းရိုးတမ်းတစ်လျှောက် ကီလိုမီတာ ၁၂၀၀ ရှိသောအန္တရာယ်ဇုန်သည် မကြာမီအချိန်အတွင်း မုန်တိုင်း၏သက်ရောက်မှုဒဏ်ကို ခံရနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားသည်။

ဂျက်စပါမုန်တိုင်းသည် ဩစတြေးလျနိုင်ငံ၏ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော Cairns မြို့မှ ကီလိုမီတာ ၃၀၀ အကွာ ပင်လယ်ပြင်တွင် ဗဟိုပြုလျက်ရှိပြီး ဒီဇင်ဘာ ၁၃ ရက် နံနက်အစောပိုင်းတွင် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖွယ်ရှိကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

မုန်တိုင်းအရှိန်ကြောင့် Cape Flattery အငူ၊ Cairns မြို့၊ Townsville မြို့နှင့် ကွင်းစလန်းပြည်နယ်ကမ်းရိုးတန်းတစ်လျှောက်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ထိတိုက်ခတ်နိုင်သဖြင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ရှင်းလင်းရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးနှင့် ပံ့ပိုးရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ထားကြောင်း ပြည်နယ်ဒုတိယဝန်ကြီး စတီဗင်မိုင်းလ်က ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် Cairns မြို့ရှိ ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းလိုင်းများကိုလည်း ယနေ့မှစ၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

**Ref : Sputnik News**
**Trs : AZH**

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၉၆ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၅၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၉၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငရုတ်ဧက ၁၉၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ငရုတ်စိုက်ပျိုးမှုကတော့ အခြေအနေ ကောင်းမွန်ပါတယ်။ ငရုတ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ငရုတ် ၄၂၈ ဧက၊ ဘုတလင်မြို့နယ်တွင် ငရုတ် ၁၃၁ ဧက၊ အရာတော်မြို့နယ်တွင် ငရုတ် ၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ငရုတ်ဧက ၈၁၀ စုစုပေါင်း ၁၃၉၆ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ငရုတ် ၆၁၂ ဧက၊ ဘုတလင်မြို့နယ်တွင် ငရုတ် ၂၇၉ ဧက၊ အရာတော်မြို့နယ်တွင် ငရုတ် ၃၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ငရုတ် ဧက ၁၀၃၀ စုစုပေါင်း ၁၉၅၉ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ငရုတ်စိုက်တောင်သူများကို ငရုတ်အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိရန် စိုက်ပျိုးနည်းစနစ်များပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ် တစ်ဧကကို စတင်စိုက်ပျိုးချိန်မှ အသီးသီးချိန်ထိ ကုန်ကျစရိတ်မှာ ကိုယ်ပိုင်ယာမြေဆိုလျှင် ငွေကျပ် ၁၅ သိန်း၊ မြေငှားစိုက်ပျိုးလျှင် ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျကြောင်း၊ ငရုတ်သည် ၁၅ ရက် တစ်ကြိမ် ခူးဆွတ်ရပြီး ခြောက်လထိ ခူးဆွတ်၍ရကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် စတင်ခူးဆွတ်ချိန်၌ ပိဿာ ၁၀၀ ခန့်ထွက်ရှိပြီး နောက်အကြိမ်များတွင် ပိဿာ ၄၀၀ မှ ၅၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပန်းတောင်းမြို့နယ် ကျီးတောကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတောင်း ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက True Money ကုမ္ပဏီနှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ကျီးတောကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေနှင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများမှ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်နည်းပညာသုံးငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် True Money ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာ ကော်မတီဝင်များက Mobile Financial Payment စနစ်အသုံးပြုပြီး ကျီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအတိုးရငွေကျပ်သိန်း ၅၀၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်မှုဖြင့် အရှည် ၂၀၈၈ ပေ လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေနှင်းဦးက ပြောပြ၍ သိရသည်။

**အောင်မျိုး(ပန်းတောင်း)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။







ISO 9001:2008 Cert. No.688076
Cert. No.688429

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## မန္တလေးမြို့ စားသောက်ဆိုင်မှ

- အထွေထွေ အမျိုးသမီး (၄)ဦး
- အသက် (၂၀) နှစ်မှ (၂၅) နှစ်အတွင်း
- အခြေခံလစာ ၁၄၀၀၀၀ိ/-
- ဆိုင်နေ/ဆိုင်စား

မှတ်ချက်။ ။ အနည်းဆုံး (၆)လ လုပ်နိုင်ရမည်။
နိုင်ငံသားစိစစ်ရေးကတ်ပါရမည်။

ဆက်သွယ်ရန်။ ။ ၀၉-၉၆၉၂၅၂၄၁၄

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ. မ. က(၃၄) တွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်ဝင်းဝင်းခိုင် (၅/ငဇန(နိုင်)၀၀၁၁၉၈)၏ဖခင် ဦးရီ(ခ) ဦးရည်(ခ) ဦးဘိုးရီ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဒေါ်ဝင်းဝင်းခိုင် ၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၅-၂-၁၉၆၉ ဖြစ်ပါကြောင်း။

**ဦးရီ(ခ)ဦးရည်(ခ)ဦးဘိုးရီ(၅/ငဇန(နိုင်)၀၀၁၁၉၅)**
**၅-၂-၁၉၆၉**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အ. လ. က(ခွဲ) (၃၃) တွင် ဒုတိယမူလတန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မိုးမိုးဝင်း (၅/ငဇန(နိုင်)၀၀၁၁၉၉)၏ဖခင် ဦးရီ (ခ) ဦးရည် (ခ) ဦးဘိုးရီ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဒေါ်မိုးမိုးဝင်း ၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၂-၃-၁၉၇၁ ဖြစ်ပါကြောင်း။

**ဦးရီ(ခ)ဦးရည်(ခ)ဦးဘိုးရီ(၅/ငဇန(နိုင်)၀၀၁၁၉၅)**
**၂-၃-၁၉၇၁**

## မြေကွက်အမြန်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

* အမြန်လမ်း မိုင်တိုင် (၃၂၅/၅) မှ အတွင်းသို့ တစ်မိုင်ခန့်ဝင်ရ။
* မျက်နှာပွင့် ပေ (၁၀၀၀) ရှိ (၄၂) ဧက။
* ပုံစံ(၇)ပေါက်ပြီး။
* မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာ၊ မြင်းခြံ-မြစ်သားလမ်းမပေါ်။
* ဆက်သွယ်ရန်/ ၀၉-၇၅၈၆၄၈၀၅၂
၀၉-၇၆၅၂၆၀၄၇၀

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အရှေ့အေးမြကြည်လင်ရပ်ကွက်နေ ဦးဇော်ဦး-ဒေါ်သန္တာစိုး တို့၏သား **မောင်ဇော်မြင့်မြတ် (၉/ကဆန(နိုင်)၂၁၅၁၉၉)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဇော်ဦး (၉/မသန(နိုင်)၀၀၁၁၉၁)**
**ဒေါ်သန္တာစိုး (၉/မသန(နိုင်)၁၁၈၁၂၇)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမြေများကို ကွေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြုလုပ်သော နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးမှ အမှာစကားကောက်နုတ်ချက်)**



# ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး အင်းလေးကန်သို့ ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက် ငါးမျိုး ပါဝင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ယခုဆောင်းရာသီတွင် အင်းလေးကန်ရပ်ဆာရပ်ဝန်းဒေသသို့ ဆောင်းခိုငှက်မျိုးစိတ် ၃၄ မျိုး ဝင်ရောက်ကျက်စားလျက်ရှိရာ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်မျိုးစိတ် ငါးမျိုး ပါဝင်နေကြောင်း သိရသည်။

အင်းလေးကန်သို့ စင်ရော်ငှက်မျိုးစိတ်နှစ်မျိုး၊ ရေကြက်ဒုံ၊ ဘဲပို့ချပ်နှင့် ဘဲစကပ် စသည့် ကမ္ဘာ့ရှားပါးဆောင်းခိုငှက်မျိုးစိတ် ငါးမျိုး ဝင်ရောက်ကျက်စားလျက်ရှိပြီး စားကျက်နေရာရှစ်နေရာတွင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များနှစ်စဉ်အောက်တိုဘာလမှစ၍ဝင်ရောက်လေ့ရှိပြီး ဆိုက်ဘေးရီးယားဒေသမှ ဆောင်းခိုငှက်များသည် အင်းလေးကန်သို့လည်းကောင်း၊ တရုတ်နှင့် ရုရှားမှ ဆောင်းခိုငှက်များသည်

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## ပြည်တွင်းစက်သုံးဆီဖူလုံမှုအခြေအနေအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်းနှင့် တရားမဝင် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချမှုများကို သတင်းပို့တိုင်ကြားနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

အများပြည်သူများအနေဖြင့် မကြာမီ စက်သုံးဆီပြတ်လပ်မည်ဆိုသည့် လူမှုကွန်ရက်များတွင် လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှုဖြင့် ပုံမှန်သုံးစွဲမှုပမာဏထက် ပိုမိုဝယ်ယူကြခြင်း၊ မတော်လောဘဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် အခေါက်ခေါက်အခါခါ တန်းစီ၍ ထုတ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်းများကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ဖြည့်တင်းပေးနိုင်မှုစွမ်းအားကျော်လွန်သည်ထိ စက်သုံးဆီများကို ဝယ်ယူလျက်ရှိရာ စက်သုံးဆီဖြည့်တင်းသည့် ဆီတင်ယာဉ်(**Bowser**)များ မရောက်ရှိမီ ခေတ္တအချိန်ပိုင်း အရောင်းရပ်ဆိုင်းရသည့်အခြေအနေအချို့ဖြစ်ပေါ်ခဲ့သည်။

အများပြည်သူခရီးသွားလာမှုနှင့်အထွေထွေလုပ်ငန်းကိစ္စရပ်များ လုံလောက်စွာသုံးစွဲနိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ယခု ဒီဇင်ဘာလအတွင်း ဒီဇင်ဘာ ၁၁ ရက်တွင်

**စာမျက်နှာ ၂၁ ကော်လံ ၁ ❑**

## နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၁၀ ဒသမ ၄၄ ဘီလီယံ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar